www.burmeseclassic.com

# ပုပ္ပါးနှင်းဆီ

ဟိုးတောင်ခြေမှာ ရောင်နီတွေပျို့ပြီ . . လွှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မှုပိုင်းနှင်းဆီ

ဟိုးတောင်ခြေမှာ ရောင်နီတွေပျို့ပြီ . . လွှာ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ၁

'ငါ့အလုပ်ကို စင်မစွက်ပါနဲ့လို့ ဘယ်နှခါပြောရမလဲ. . . မသက်နွေ'

ဦးဘမင်း၏မျက်နှာသည် ခက်ထန်မာကျော၍ မျက်လုံးများက ကျားရဲတစ်ကောင်လို စူးရှတောက်ပနေ၏။

'ကျွန်မခြေထောက်တွေ မကျိုးဘဲ၊ မျက်လုံးတွေ ကန်းသွားခဲ့ရင် ပိုကောင်းမှာပါ ကိုဘမင်းရယ်. . အခုတော့ ဘာမှမလှုပ်ရှားနိုင်တဲ့ ကျောက်ရုပ်မကြီးက မျက်လုံးတွေက မြင်နေရတယ်၊ နားက ကြားနေရတယ်. . ဒါကြောင့် ဟောဒီပါးစပ်က ပြောမိတာပေါ့ရှင်'

ဝှီးခဲ့ပေါ်မှ ဒေါ်သက်နွေသည် ဦးဘမင်း တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့သောမိန်းမ ဖြစ်သည်။ လင်ယောကျ်ားများ၏ကိုယ်ထိလက်ရောက် ကျူးလွန်ခံရသော မိန်းမများထဲတွင် ဒေါ်သက်နွေလည်း တစ်ဦးအပါအဝင် ဖြစ်သည်။

'မင်း သိပ်လျှာရှည်နေပါလား မသက်နွေ. . ငါ့ရှာဖွေကျွေးသမျှကို အခန့်သားထိုင်စားပြီး ပါးစပ်ပိတ်နေစမ်းပါကွ'

'ကျွန်မ တစ်သက်လုံး ရေငုံနှုတ်ပိတ်နေခဲ့ပြီးပြီ၊ ဒါပေမယ့် ကျွန်မသားနဲ့သမီးအတွက် ဒီတစ်ခါတော့ပြောခွင့်ပေးပါ. . ရှင် ဒီအလုပ်ကို ဆက်မလုပ်ပါနဲ့လို့ ထပ်ပြီးတောင်းပန်ပါရစေ'

ဦးဘမင်း၏မျက်နှာပေါ်၌ ရက်စက်မည့်အရိပ်အယောင်တို့ လွှမ်းမိုးလာပြီး ပို၍တင်းမာလာသည်။

'ဒီမှာ မသက်နွေ. . မင်း ငါ့ကို ဆရာလုပ်စရာမလိုဘူး. . အမိန့်ပေးစရာလည်း မလိုဘူး၊ အေး. . နောက်တစ်ခွန်းထပ်ထွက်လာလို့ကတော့ ငါ့အဆိုးမဆိုနဲ့ပေါ့ကွာ'

'တောက်'ခေါက်သံနှင့်အတူ အခန်းတံခါးကို ဆောင့်ပိတ်ပြီး ဦးဘမင်း ထွက်သွား၏။

ဒေါ်သက်နွေမှာတော့ သားနဲ့သမီး မသိအောင် ဖုံးဖိသိပ်စွာဖြင့် တိတ်တဆိတ်ငိုကြွေးရပြန်လေသည်။

* * *

*ဆောင်းညပြာသိစာပေ*



'မမ. . ဟိုမှာ ဖေကြီးထွက်လာပြီ. . ညီစားချင်တဲ့ ချော့ကလက် သွားဝယ်ခိုင်းမယ်နော်'

ပွင့်လွှာ တားချိန်မရလိုက်ပါ။ မောင်လေးက ဖေဖေ့ဆီသို့ ပြေးသွားခဲ့ပြီဖြစ်သည်။

အဖေ့မျက်နှာ သုန်မှုန်နေလျှင် အနားမကပ်ရဘူး ဆိုတာ ဆယ့်လေးနှစ်အရွယ် ပွင့်လွှာကနားလည်နေပေမယ့် ငါးနှစ်သာသာ ရှိသေးသော မောင်လေးကတော့ နားလည်နိုင်မည်မထင်ပါ။

'ချော့ကလက် သွားဝယ်မယ်၊ ဖေကြီး. . သားလည်း လိုက်မယ်'

'သွားစမ်းကွာ. . တကျည်ကျည်နဲ့၊ ကလေးထိန်းတဲ့လူတွေ ဘယ်ရောက်ကုန်လဲ. . ဒီမှာ လာခေါ်စမ်း'

ဒေါ်ကြီးမိ အပြေးအလွှားရောက်ရှိလာ၏။

'လာ. . လာ. . သားလေး စားချင်တာ ဝယ်ကျွေးမယ်နော်'

အရှိန်ပြင်းစွာ မောင်းထွက်သွားသော အဖေ့ကားကိုကြည့်ပြီး မောင်လေး ငိုပါတော့သည်။

မောင်လေးငိုတာကို ပွင့်လွှာ မကြည့်ရက်ဆုံးဖြစ်သည်။ ခင်တွယ်စရာ ဒီမောင်တစ်ယောက်တည်းသာရှိသည်မို့ ပွင့်လွှာက ရင်ပွင့်မတတ်ချစ်လေသည်။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ကြီးမိ. . ဖေဖေက လွှာတို့ကို မချစ်ဘူးနော်'

'ဒီလိုလည်း မဟုတ်ပါဘူး သမီးလေးရယ်. . . သမီးတို့ကို လိုလေသေးမရှိ ပြည့်စုံနေအောင် ထားပေးထားတာပဲကွယ်'

'လွှာ လိုချင်တာ အဲဒါ မဟုတ်ဘူး. . ဖေဖေက ငွေတွေပဲ ရှာနေတယ်၊ လွှာ့သူငယ်ချင်း ဖြူသဲတို့ဖေဖေလည်း ငွေရှာနေတာပဲ. . လွှာတို့လောက် မချမ်းသာတာပဲ ရှိမယ်၊ ဒါပေမယ့် သူတို့မိသားစုက သိပ်ပျော်ဖို့ကောင်းတယ်၊ အားလပ်ရက်တွေဆို လျှောက်လည်ကြတာ၊ ဖေဖေနဲ့မေမေလို ရန်လည်း မဖြစ်ဘူး'

ပွင့်လွှာလေး နားလည်နေပြီပဲ. . .

ဒေါ်ကြီးမိ ကလေးတွေကို သနားမိသည်။ သူတို့ဘဝလေးက တစ်မျိုးတစ်မည်ဆန်၏။

အမေလုပ်သူက သားသမီးကို ချစ်ပေမယ့် သူ့ကိုယ်၌က ဝိုးချဲပေါ်မှာမို့ ကိုယ်ဖိရင်ဖိမပြုစုနိုင်။

ဟော. . အဖေကျတော့လည်း ငွေရှာပေးနေရင် တာဝန်ကျေပြီဟု ယူဆ၏။ ဘာလုပ်ငန်း လုပ်လို့ ဒီလောက်ချမ်းသာတာလဲ တော့ ဒေါ်ကြီးမိ မသိ။

ဟိုးထနေသော ခေတ်မီလုံးချင်းနှစ်ထပ်တိုက်ကြီးနှင့်. . . ကားဆိုလည်း ဟောတစ်စီး. . ဟောတစ်စီး။





ဦးဘမင်းက မိန်းမကိစ္စမှာတော့ အတော် နာမည်ထွက်သည်။

ရေငုံနှုတ်ပိတ်နေနိုင်လွန်းသော မသက်နွေကိုပဲ အားမလိုအားမရ ဖြစ်မိသည်။

ဒေါ်ကြီးမိက ဒီအိမ်မှာ အနေကြာပြီမို့ မသက်နွေအား ညီမလေးတစ်ယောက်လို ချစ်မိသည်။ သနားမိသည်။

* * *

'မောင်လေး. . ထမင်းစားမလားဟင်'

လွှာက ကြင်နာစွာ မေးတော့ မောင်လေးက မျက်ရည်များကြားမှ ပြုံး၍ကြည့်ရင်း

'မမ ကျွေးမှ စားမယ်'

ဟု ချစ်စဖွယ်လေး ဖြေသည်။

'ကျွေးမှာပေါ့ မောင်ငလေးရယ်. . မမ ခွံ့ကျွေးမယ်နော်'

'ငချွဲလေးနော်. . တော်တော်ချွဲ. . မမက စာကျက်ရဦးမှာ သားရဲ့. . ဒေါ်ကြီးမိ ကျွေးမယ်နော်'

'စာကျက်တာ နောက်မှကျက်ပါ့မယ်. . အခု မောင်လေးက ဗိုက်ဆာနေပြီ ဒေါ်ကြီးမိရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွယ်. . ထမင်းခူးလာခဲ့ပေးမယ်နော်'

လွှာက သူ့မောင်လေးကို အမြဲဦးစားပေးသည်။ သူ့ခမျာ ကျောင်းဖွင့်ရက်တွေဆို မပျော်ဘူးတဲ့. . မောင်လေးကို မခွဲနိုင်လို့ဆိုပြီး ညည်းညူရှာသည်။

* * *

'မေမေ နေကောင်းရဲ့လားဟင်. . သမီးတို့အိပ်တော့မယ်၊ မေမေ့ကို လာကန်တော့တာ'

ပြတင်းပေါက်မှန်မှတစ်ဆင့် မြင်မြင်သမျှကို ငေးမောနေသော ဒေါ်သက်နွေက ဝိုးချဲကိုလှည့်၍ ကန်တော့ခံ၏။ သမီးကန်တော့ပြီးနောက် သားငယ်လေးက

'သားလည်း ကန်တော့မယ် မေမေ'

တဲ့. . ။ ဒေါ်သက်နွေ ရင်ထဲတွင် ဆို့တက်လာ၏။ အပြစ်ကင်းစင်လွန်းသော၊ လိမ္မာရေးခြားရှိလွန်းသော သားနှင့် သမီးကို သူမ,လို ဝင့်လည်ပြီး ဒုက္ခမရောက်စေချင်။

'မေမေ့ဆီ လာပါဦးကွယ်'

ပွင့်လွှာနှင့် ညီလင်းထင်ကို ဖက်၍ ဒေါ်သက်နွေ ငိုလေ





သည်။

'ဘုရား၊ တရားကို မမေ့ပါနဲ့ သမီးလေးရယ်. . မောင်လေးကိုလည်း အမြဲဆုံးမနော်၊ သမီးဖေဖေရဲ့ မိုက်မဲမှုတွေကြားမှာ သမီးနဲ့သား ဒုက္ခမရောက်စေချင်ဘူး၊ ဝဋ်ကြွေးရှိရင်လည်း မေမေ တစ်ယောက်တည်းပဲ ခံပါ့မယ်ကွယ်'

မေမေပြောတဲ့ ဝဋ်ကြွေးနဲ့ ဝဋ်လည်တာကို ပွင့်လွှာ နားမလည်ပါ။ ဖေဖေ့ကြောင့် မေမေ ခံစားနေရတာကိုတော့ ပွင့်လွှာသိသည်။ ဖေဖေ့မှာ မေမေ အပါအဝင် မိန်းမသုံးယောက် ရှိတာကိုလည်း သူမ သိသည်။

လွှာက အသက်ငယ်ပေမယ့် မေမေ့ရဲ့ ရင်ဖွင့်ဖော်လေး ဖြစ်ခဲ့ရသည်။

'မေမေ. . မငိုနဲ့တော့နော်၊ မေမေ လွှာ့ကို သင်ထားတယ်လေ. . လောကကြီးကို အရှုံးမပေးရဘူးဆို'

'ဟုတ်တာပေါ့ကွယ် မေမေ မငိုတော့ဘူးနော်၊ ကဲ. . သမီးတို့ သွားအိပ်တော့'

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သက်နွေ အိပ်ပျက်ရက်တွေ များလှပါပြီ။ ယခုလည်း ပြူးခဲ့ကို လသာဆောင်သို့တွန်းလာပြီး ထိုင်နေသည်။

လေနုအေးလေးတွေကို သောက မရှိသူဆိုလျှင် ပို၍ခံစားနိုင်ပါလိမ့်မည်။

သူမအတွက်တော့ လေလည်း မအေးနိုင်ပါ။ လရောင်ကလည်း မအေးမြနိုင်တော့ပါ။

ဒီညလည်း ဒီဝရန်တာမှာ ငုတ်တုတ်မိုးလင်းရဦးမည်။ ညတာရှည်လျားမှုကို သူမ သည်းမခံနိုင်တော့။အထီးကျန်သူအဖို့ ညံတာသည် ပို၍ရှည်သည်။

ဦးဘမင်း ပြန်မလာမှန်း သူမ သိပါသည်။ ပြန်မလာတဲ့သူကို မျှော်ရတာ ပို၍ပင်ပန်းလှပါသည်။

ဒေါ်သက်နွေ၏ နားထဲတွင် အသံတွေ ကြားနေရသည်။ ပြေးလွှားနေသော အသံများ. . . .

*ဆောင်းညပြာသိစာလေ*



ခြံထဲသို့ လူများ ပြေးဝင်လာကြသည်။

မီးရောင်ဖြင့် မြင်ရသည်က သူတို့လက်ထဲတွင် တုတ်၊ ဓားများ ပါလာ၏။ ရှေ့ဆုံးမှ သေပြေးရှင်ပြေး ပြေးနေသူက ဦးဘမင်းပါလား။

ဒေါ်သက်နွေ၏စိုးရိမ်စိတ်က ထိပ်ဆုံးသို့ ရောက်သွားပြီးနောက် အုတ်ဘောင်ကို အားပြု၍ရပ်မိသည်။ ထိုနောက် ကိုယ်ကိုငုံ့ကိုင်း၍

'ကိုဘမင်း. . လွတ်အောင်ပြေး၊ ရှင်သတ်ခဲ့တဲ့လူတွေ ရှင့်ကိုပြန်သတ်လိမ့်မယ်. . ပြေး. . . ပြေး. . .'

ယောက်ျားဇောကပ်ပြီး ကိုယ်ကို ပို၍ အားစိုက်မိစဉ်ခဏဝယ်. . .

'ဝုန်း'

ဘာမှမကြာလိုက်ပါ။ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွား၏။ မည်သူမျှမသိလိုက်ခင်မှာ လူ. . တစ်ယောက် လောကကြီးမှ ထွက်ခွာသွားလေပြီ။

လွတ်မြောက်သွားပြီ. . အပူမီးလျှံတွေကြားထဲက တိုးထွက်လွတ်မြောက်သွားပြီပေါ့. . .

* * *

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com

ပွင့်လွှာ အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာခဲ့သည်။

မိုးစင်စင်မလင်းသေးပါ။ ရောင်နီပျို့ရုံသာ အလင်းတန်းလေး ဆောင်နေ၏။

သူမန်ဘေးမှာတော့ မောင်လေးက အပူအပင် ကင်းစွာ အိပ်မောကျနေဆဲပင်။

ပွင့်လွှာ မနိုးရက်သဖြင့် နဖူးလေးကို မွှေးကြူကာ ထားခဲ့သည်။

လသာဆောင်တွင် မေမေ့ဗီုးချဲလေးကို တွေ့ရသည်။

မေမေက ရှိမနေပါ။

ဒါဆို မေမေဘယ်ရောက်နေတာလဲ။

မေ . . မေ . .

ပွင့်လွှာ ထိုနေရာသို့ ပြေးသွားပြီးရှာသည်။

မတွေ့ပါ။

ဆောင်းညပြာ သိစာပေ



သူမတစ်ကိုယ်လုံး စိုးရိမ်မှုကြောင့် တုန်ယင်လာ၏။ အုတ်ဘောင်၏အောက်တစ်ဆင့်ကို နင်းတက်ပြီး အရဲစွန့်ကာ အောက်သို့ ငုံ့ကြည့်၏။

'မေမေ. . မေ. . မေ. . မေ. . . မေ. . . . .'

သွေးအိုင်ထဲ လဲနေသော အမေက ပွင့်လွှာဘယ်လောက်ခေါ်ခေါ် မကြားနိုင်တော့ပါ။

ပွင့်လွှာသည် အားထားမှီခိုစရာ မရှိတော့သလို ခံစားရပြီးနောက် သတိလစ်မေ့မြောသွားခဲ့လေသည်။

ထိုနေ့သည် လောကကြီးအား ပွင့်လွှာ ပထမအကြိမ်အရှုံးပေးရသောနေ့ ဖြစ်သည်။

* * *

ပွင့်လွှာ သတိရလာချိန်တွင် မေမေ့အလောင်းကို မတွေ့ရတော့ပါ။

သူမလက်ကလေးကိုကိုင်၍ တရှုံ့ရှုံ့ငိုနေသော မောင်လေးကို သနားစဖွယ် တွေ့လိုက်ရသောအခါ ပွင့်လွှာရင်ထဲတွင် နင့်နေအောင် ခံစားလိုက်ရပါသည်။

ဆောင်းညပြာ သိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေရောက်နေပြီး စစ်ဆေးမှုတွေ ပြုလုပ်နေတာကိုတွေ့ရ၏။ အိမ်ရှိလူများကို တစ်ယောက်ချင်းစီ မေးပြီးနောက် ပွင့်လွှာ အလှည့်ရောက်လာသည်။

'သမီးလေး နာမည်က. .'

'ပွင့်လွှာပါ ဦးဦး'

'သမီးက လိမ္မာသားပဲ၊ ဦးမေးတာကို အမှန်အတိုင်း ဖြေနော်. . ဘာမှကြောက်စရာမလိုဘူး. . ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ ဦးဦး'

'သမီးမေမေကို စတွေ့တာ သမီးလား. .'

'ဟုတ်ကဲ့ရှင့်'

'ဘယ်လိုအနေအထားနဲ့တွေ့ရသလဲ'

'သွေး. . သွေးတွေနဲ့ မေမေ့မျက်နှာကိုမမြင်ရဘူး၊ မှောက်ရက်လဲနေတယ်. . . ဟင့်. . .'

ပွင့်လွှာထံမှ ရှိုက်သံထွက်လာ၏။ သူမ ကြောက်စိတ်မပြေသေးပါ။

'ဦးသိချင်တာက သမီးမေမေဟာ ဒီလိုပဲ လသာဆောင်ကို ထွက်တတ်သလား'

'ညတိုင်း ထွက်ပါတယ်'

*ဆောင်းညပြာသိစာပေ*



'အိပ်ချိန်မှာ မအိပ်ဘဲ ဘာဖြစ်လို့ထွက်ရတာလဲ'

ပွင့်လွှာ ဖေဖေ့ကိုခိုးကြည့်မိသည်။

ဖေဖေ့မျက်နှာက တင်းမာလွန်းနေသည်မို့ ခေါင်းပြန်ငုံ့လိုက်ရင်း မဝံ့မရဲဖြင့်

'ဖေဖေပြန်အလာကို ထွက်စောင့်နေတာပါ'

'ဒီက ဆရာတို့ကို ကျွန်တော်တစ်ခုလောက် တောင်းပန်ချင်ပါတယ်. . သမီးက နေသိပ်မကောင်းတော့ ဖြေတဲ့အခါ အမှားအယွင်းဖြစ်မှာစိုးတယ်၊ နောက်မှ အေးအေးဆေးဆေး ထပ်မေးစေချင်တယ်'

ဦးဘမင်း တောင်းဆိုသည်ကို ရဲအရာရှိက လက်မခံပါ။

'ကျွန်တော်တို့ တာဝန်အရလုပ်ရတာကို နားလည်ပေးစေချင်တယ်'

ဦးဘမင်း ငြိမ်ကျသွားသည်။

ရဲအရာရှိက ဆက်၍

'သမီးမေမေ မသေခင်ညက ဘာတွေပြောသွားသေးလဲ'

'မောင်လေးကို ဆုံးမဖို့ပြောပါတယ်၊ ပြီးတော့. .'

'ပြောလေ. . သမီး၊ ပြီးတော့. . ဘာဖြစ်သလဲ. . .'

ပွင့်လွှာက ပြောသင့် မပြောသင့် စဉ်းစားနေ၏။

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကို ရင်မဆိုင်ရဲပါ။

ပွင့်လွှာ နားလည်ထားသည်က အဖေဆိုတာ အင်မတန်မှကြောက်စရာကောင်းနေသည်။

အမေ့ကို အမြဲနာကျင်အောင် အဖေ ရိုက်ခဲ့သည်။ စိတ်မထင်လျှင်မထင်သလို ညှာတာစိတ်ကင်းမဲ့စွာ ပြုမူတတ်သည်မို့ ပွင့်လွှာက အဖေ့ကိုဆို သေမလောက်ကြောက်လေသည်။

'သမီး. . မသိတော့ဘူး ဦးဦး'

လွှာ့ကို ဆက်မမေးကြပါနဲ့။ လွှာကြောက်တယ်. .

လွှာအိပ်နေတုန်း ဖေဖေများ မေမေ့ကို တွန်းချလိုက်တာလား. .

ထိုသို့တွေးမိပြီးနောက် လွှာသည်. . . ကိုယ့်အတွေးနဲ့ကိုယ် ထိတ်လန့်ခြင်းကြီးစွာ ဖြစ်မိလေသည်။

* * *

ဒေါ်သက်နွေ ဆုံးပြီးနောက် ဦးဘမင်း အိမ်မြဲနေသည်။

လွှာ့မှာ တွယ်တာစရာ မောင်လေးသာရှိသည်မို့ တိုး၍တိုး၍သာ ချစ်မိပါသည်။

ယခုအချိန်ထိ အဖေနှင့်အတူ ထမင်းလက်ဆုံ မစားဖူးသေးပါ။





အမေမရှိသည့်နောက်ပိုင်းတွင် အိမ်သို့ လူအဝင်အထွက်ပိုများလာ၏။

လာသမျှကလည်း ယောကျ်ားလေးတွေချည်းမို့ အပျိုဖော်ဝင်စ ပွင့်လွှာလေးအတွက် အနေကျုံ့စေသည်။

'ဒေါ်ကြီးမိ. . အဲဒီလူတွေက ဖေဖေ့သူငယ်ချင်းတွေလား'

'မသိပါဘူး သမီးရယ်'

'အသက်အရွယ်လည်း မတူဘဲနဲ့ ဘယ်လိုလုပ်ပြီး သူငယ်ချင်းဖြစ်မှာလဲနော်'

'လွှာလေးကလေ. . ပေါက်ပေါက်ရှာရှာ တွေးနေတာကိုး၊ သူတို့တွေက သမီးဖေဖေနဲ့ လုပ်ဖော်ကိုင်ဖက်တွေနေမှာပေါ့'

'ဖေဖေက ဘာအလုပ်လုပ်မှန်း လွှာ မသိပါဘူး. . သူများတွေ မေးလာရင် သိပ်ဖြေရခက်တာပဲ. . ဈေးရောင်းတယ်ဆိုလည်း ရောင်းတယ်လို့ ဖြေလို့ရသေးတယ်'

ဘာမဆိုသိချင် တတ်ချင်သည့်အရွယ်ပေမို့ ပွင့်လွှာ စူးစမ်းသမျှကို ဒေါ်ကြီးမိက သဘောကျစွာပြုံးရင်း

'ကဲ. . သခင်မလေး. . ထမင်းဘယ်ကရသလဲလို့ စဉ်းစားရမယ့်ဘဝ မဟုတ်ဘူးနော်. . ဆန်အိုးထဲက ရတယ်လို့ပဲ မှတ်၊သမီးတို့ ကုသိုလ် ဘယ်လောက်ထူးသလဲ. . သူများကလေးတွေ သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



အရွယ်မှာ ကျောင်းမတက်နိုင်ဘဲ လယ်ကွင်းထဲမှာ ဖားရိုက် ငါးရိုက် နေတဲ့လူတွေမှ အများကြီး'

လွှာက လူကြီးတွေ ပြောသမျှကို မျက်လုံးလေး ကလယ်ကလယ်နှင့် နားထောင်နေသော မောင်လေးကို ကြည့်၍ အသည်းယားလာကာ ဆွဲ၍ဖျစ်ညှစ်မိ၏။

'မမ. . ဒေါ်ကြီးမိပြောတာ မှားနေတယ်. . ထမင်းဆိုတာ ပန်းကန်ထဲက ရတာနော်. . သူက သိဘဲနဲ့'

'ဟင်း. . ဟင်း. . မောင်လေးက သိပ်တော်တာပဲကွယ်. . ရှေ့နှစ်ခါကျရင် မမနဲ့အတူ ကျောင်းတက်ရတော့မယ်နော်. . ပျော်လားဟင်'

'ပျော်တယ်'

အဖေ့မေတ္တာကို အရနည်းတာကလွဲလို့ သူတို့မောင်နှမနှစ်ယောက်တွင် ပူပင်ကြောင့်ကျမှုဆိုတာ စိုးစဉ်းမျှ မရှိပါချေ။

အမေ ဆုံးသွားတော့ မောင်လေးက ပွင့်လွှာကို ပို၍ ခင်တွယ်လာ၏။

သူ့ဘဝလေးမှာ သူ့ မမသာ ဆရာ ဖြစ်သည်။ သူ၏ တစ်ခုတည်းသော ကိုးကွယ်ရာသည်လည်း မမသာ ဖြစ်လေသည်။

* * *

ဆောင်းညပြာသိစာပေ

'ဘာရယ်. . မေမေက သူ့ဘာသူ ပြုတ်ကျပြီးသေတာ. . ဟုတ်လား. . မေမေမှလမ်းမလျှောက်နိုင်တာ. . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ. . ဒေါ်ကြီးမိရယ်. .'

ပွင့်လွှာက မဖြစ်နိုင်ဘူးဆိုသည့်သဘောဖြင့် ပြော၏။

'ဆေးစာမှာလည်း ဒီလိုပဲ. . ထင်မြင်ချက် ပေးထားတာပဲကွယ်၊ သမီးမေမေက အိပ်ရေးပျက်တာတွေများပြီး စိတ်ကယောင်ချောက်ချားဖြစ်နိုင်စရာရှိတယ် မဟုတ်လား. . သမီးလေးကြီးလာရင် နားလည်လာမှာပါကွယ်'

'လွှာ မသိဘူး. . . လွှာ သိတာက မေမေသေတာ ဖေဖေ့ကြောင့်'

'ဟဲ့. . သမီး. . ဘယ်လို ပြောလိုက်တာလဲကွယ်. . ငရဲကြီးတတ်တယ် သမီးရဲ့၊ မိဘဆိုတာ ဘာပဲအမှားလုပ်လုပ် မပြစ်မှားရဘူးကွယ့်. . ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတယ်ဆိုကတည်းက ဘယ်လောက်ကျေးဇူးကြီးသလဲ'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပွင့်လွှာတို့ကို ခွဲသွားတာ တစ်လကျော်ခဲ့ပါပြီ။ဒါ ပေမယ့် လွှာ့စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပါပဲ။

လွမ်းလှပါပြီ မေမေရယ်. .

မေမေ လွှာတို့ဆီကို ပြန်လာခဲ့ရင် သိပ်ကောင်းမှာပဲ။

ဒါပေမယ့် လွှာသိသွားပါပြီ. . အချိန်ကြာလာလေ မေမေ ပြန်မလာတော့ဘူးဆိုတာ ပိုပြီးသေချာလေပဲ။လွှာ့မျက်ဝန်း၌ မျက်ရည်များ တွဲခိုလာ၏။ အစ်မကို အရိပ်တကြည့်ကြည့်ရှိနေသော ညီလင်းထင်လေးက သူ့လက်ဖဝါးနုနုလေးဖြင့် မျက်ရည်များ သုတ်ပေးရင်း

'မမ မငိုနဲ့နော်. . တိတ်. . တိတ်. . . မမငိုရင် ညီလည်း ငိုချင်တယ်. . မငိုပါနဲ့နော်. . မမ မုန့်စားမလားဟင်. . ခဏလေး နော်. . ညီ မုန့်သွားယူခဲ့မယ်'

ညီလင်းထင်လေးက ပြောပြောဆိုဆို ပြေးထွက်သွားလေသည်။ ဒီလောက်အလိုက်သိနားလည်လွန်းတဲ့ မောင်လေးကို ပွင့်လွှာ မချစ်ဘဲ နေနိုင်ပါမည်လား. . . မမ. . အခုမှ ငိုရပါပြီ မောင်လေးရယ်. .

▲



# ၂

ညီလင်းထင်က သူ့မုန့်များရှိရာမေမေ့အခန်းထဲသို့ အပြေးလေး ဝင်လာပြီးမှ အဖေနှင့်အခြား သူမသိသေးသည့် လူစိမ်းသုံးယောက်ကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သတ်ကာ သူ့ကိုယ်လေးကို နံရံနှင့်ကွယ်၍ ချောင်းကြည့်မိသည်။

'ဆရာ. . ဒီတစ်ခေါက် အခြေအနေမကောင်းဘူး၊ အဖမ်းအဆီး သိပ်များတယ်. . . ကျွန်တော်တို့အဖွဲ့တွေ နောက်ပြန်ဆုတ်သွားရတယ်ဗျ၊ အဲဒါကြောင့်. . ဒီပစ္စည်းတွေ ကြန့်ကြာသွားတာ. . သူတို့က ကျွန်တော်တို့အဖွဲ့ကို အနံ့ခံမိနေပြီ၊ တစ်ချက်အငိုက်မိတာနဲ့ ကျွန်တော်တို့ခံရမှာပဲ'

ထိုသူက ဦးဘမင်းအား အထုပ်များကိုလှမ်းပေးရင်း ပြော၏။ ဦးဘမင်းက



www.burmeseclassic.com

www.burmeseclassic.com



'ငါက သစ္စာရှိတဲ့သူကိုပဲ လိုချင်တာ၊ မင်းကောင်တွေက စိတ်ချရပ့ါမလား. . ကိုယ်ဖြစ် ကိုယ်ခံ စနစ်ပဲ၊ အဲဒီအတွက် သူတို့ မနစ်နာစေရပါဘူးကွာ'

'သိပါတယ် ဆရာ သူတို့လည်း နားလည်ပါတယ်၊နောက် တစ်ခုက ဒီကောင်တွေကိုယ်၌က ဒါငြိနေတော့ အထဲကို ပိုတောင် မဝင်ချင်သေးတယ်'

လက်လေးချောင်းထောင်ပြ၍ ပြောသောအခါ ဦးဘမင်း မှာ သဘောကျစွာဖြင့် တဟားဟားအော်ရယ်လေသည်။

'အေးကွာ. . ငါလည်း မရယ်နိုင်တာ အတော်ကြာပြီကွ၊ ဟိုတစ်လောကဆို မသက်နွေကိစ္စနဲ့ ပတ်သက်ပြီး အိမ်မှာ ရဲတွေ ခြေချင်းလိမ်နေကြတာ၊ တကယ့်ကို ကျဉ်းကျပ်တယ်ကွာ'

'ဆရာသာ ပိပိရိရိနဲ့နေပါ ဆရာ. . ကျန်တာ ကျွန်တော်တို့ တာဝန်ထားပါ၊ ဒီတစ်ခေါက်က ပိုများတော့. . . ကျွန်တော် carrier အသစ်တွေ ရှာထားတယ်. . . အဟောင်းတွေကို ခဏ နားမ လားလို့'

'ဒါလည်း ကောင်းတာပဲကွ၊ နိုင်နိုင်နင်းနင်းတော့ ရှိပါစေ'

'ဟုတ်ကဲ့. . သွားပြီ ဆရာရေ'

ညီလင်းထင် အဖေ့ကို ကြောက်သဖြင့် အခန်းထဲ မဝင်ရဲ





ပါ။ အဖေက အမေ့ပုံတူပန်းချီကားကြီးကို ဖယ်လိုက်၏။ ထိုနောက် အံဝှက်ကို ဆွဲထုတ်၍ အထုပ်များကိုထည့်ကာ ပြန်ပိတ်သည်။ ၄င်း အပေါ်မှ ပန်းချီကားဖြင့် ဖုံးလိုက်လေသည်။

ညီလင်းထင်လေးက အဖေလုပ်သမျှကို မျက်တောင်မခတ် တမ်း စိုက်ကြည့်ပြီး မှတ်သားနေလေသည်။

ဦးဘမင်း မမြင်အောင် အခန်းထဲမှ အသာ ပြန်ထွက်ခဲ့ တော့သည်။

'မောင်လေးရယ်. . မုန့်သွားယူတာကလည်း ကြာလိုက် တာ၊ မမက ရေချိုးပေးမလို့ စောင့်နေတာကွယ့်'

ပွင့်လွှာက ညနေစောင်းပြီမို့ မောင်လေး အအေးပတ်မှာ ကြောက်နေမိသည်။

'ရှူး. . . မမ'

ညီလင်းထင်က ဘေးဘီဝဲယာသို့ ကြည့်၍ တိတ်တိတ်နေ ရန် အမူအယာလုပ်ပြနေသည်။

'ဘာလဲ. . မောင်လေးရဲ့'

'ဖေဖေ အထုပ်တွေဝှက်ထားတာ ညီ သိတယ်. . ဖေဖေ မရှိရင် မမကို ခေါ်သွားပြီး ပြမယ်နော်'

ပွင့်လွှာ ဘာမှနားမလည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်မှာ သူခိုးမှမရှိတာ. . ဘာဖြစ်လို့ဝှက်ထားရမှာလဲ မောင်လေးရဲ့'

'ရဲတွေ ဖမ်းလို့တဲ့'

'ဘုရား. . ဘုရား. . ဘာပစ္စည်းတွေ မို့လို့လဲ. . ဖေဖေက ဥပဒေနဲ့မကင်းတာတွေများ လုပ်နေလို့လား'

ပွင့်လွှာ စိုးကြောက်နေသလို မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းမိ၏။

* * *

'လာ. . မမ'

ညီလင်းထင်လေးက အစ်မကို ဦးဆောင်၍ခေါ်သွား၏။

'မမ. . မေမေ့ပန်းချီကား ဖြုတ်ပေး'

'ဘာလုပ်မလို့လဲ မောင်လေးရယ်. .'

'ညီ ပြမလို့. . မမ တက်ဖြုတ်ပေးနော်. . ညီ့အရပ်မမှီလို့'

'အေးပါ မောင်လေးရယ်'

ပွင့်လွှာက ခုံခု၍ တက်ဖြုတ်ပေးလိုက်သည်။

မောင်လေး ပြောလို့သာ. . . သူမကတော့ ဘာမှကို နားမ





လည်သေး. . . စဉ်းစားလို့လည်း မရပါ။ ဒီနံရံမှာ ဘယ်က အထုပ်တွေ ထားရမှာလဲ။

'ညီ့ကိုချီ. . ညီ ဖွင့်ပြမယ်'

တွေ့ပါပြီ။ အံ့ဝှက်ထဲမှ အထုပ်များ။

ပွင့်လွှာ အံ့သြလိုက်တာ။

ဒါတွေက ဘာတွေလဲ. . ဘာဖြစ်လို့ ဒီအထဲရောက်နေရတာလဲ. . သွေးရိုးသားရိုးတော့ မဖြစ်နိုင်ပါ။

'တွေ့လား. . . မမ'

ပွင့်လွှာ ပြန်မဖြေနိုင်လောက်အောင် မှင်သက်နေမိသည်။ အထုပ်ထဲမှ ဖြူဖြူအမှုန့်တွေက ဘိန်းဖြူတွေပါလား. .

သေချာပါတယ်။

မူးယစ်ဆေးဝါးပြပွဲမှာ သူမ တွေ့ဖူး၏။

ထိုအချိန်တွင် ညီလင်းထင်လေးက စပ်စပ်စုစုနိုင်စွာ ကိုင်တွယ်ကြည့်ရှုလေ၏။

'မောင်လေး. . မထိနဲ့. . အဲဒါကို မထိနဲ့'

ပွင့်လွှာ တအားကြုံး၍အော်သဖြင့် ညီလင်းထင်လေး လန့်သွားရှာသည်။

'မောင်လေး. . အဲဒီအမှုန့်တွေက လူသတ်ကောင်တွေ. .



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ နောက်ဆို ဒီနား မလာနဲ့နော်၊ ဒီဟာတွေလည်း လုံးဝမကိုင်ရဘူး ကြားလား. . သေတတ်တယ် မောင်လေးရဲ့'

လူသတ်ကောင်ဟုပြောလိုက်သည်နှင့် ညီလင်းထင်က သိပ်ကိုကြောက်သွားပြီး

'ဖေဖေက အဲဒါကြောင့် ဝှက်ထားတာလားဟင်၊ ကြောက်စရာကြီးနော်. . ဖေဖေ မသိအောင် ညီတို့ သွားလွှင့်ပစ်ရအောင် မမ'

ဟု ပွင့်လွှာအား အပူကပ်လေသည်။

'နေဦး မောင်လေးရဲ့၊ ဖေဖေ သိသွားရင် မမတို့ကို ရိုက်နေဦးမယ်. . အဲဒါ ပြန်ပိတ်ပြီး မသိသလိုနေရအောင်နော်၊ နောက်တစ်ခါ လာမကြည့်နဲ့တော့နော် မောင်လေး'

'လာ. . လာ. . မြန်မြန်သွားမယ်. . ညီကြောက်တယ်၊ လူသတ်ကောင်ကြီးကို ကြောက်တယ်'

မောင်လေး သိပ်ကြောက်နေပြီ ဖေဖေရယ်။

ဖေဖေ ဘာဖြစ်လို့များ ဒီအလုပ်တွေ လုပ်နေရတာလဲ. . သမီး သိချင်လိုက်တာ။

သားသမီးချင်း ကိုယ်ချင်းစာစိတ် မထားတော့ဘူးလား. . ဖေဖေ။





လွှာ့ရင်ထဲမှမကျေနပ်ချက်များကို တစ်ယောက်တည်းပြောနေမိလေသည်။

သို့သော် ဖေဖေကတော့ သိနိုင်မည်မထင်။

လိုတရဖြစ်နေတဲ့ အခြေအနေမို့. . လောကစည်းစိမ်ကို တစ်ဝကြီးခံစားရင်း စိတ်မှာအမှောင်ဖုံးနေတဲ့အဖေ့ကို လွှာ ဘယ်လိုနားချရမှာလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

'မမိ. . ဟိုအပေါ်ထပ်က နှစ်ယောက်အိပ်ခန်းကို သေသေချာချာရှင်းထားပါ၊ ဒီနေ့ ကျွန်တော့်ဇနီး ပါလာမယ်'

ဒေါ်ကြီးမိ မျက်နှာတွင် အပြောင်းအလဲလေးတစ်ခု ဖြစ်သွားသည်။

'ဘာကြောင့်ကြည့်နေတာလဲ'

'ဘာ. . ဘာမှမဟုတ်ပါဘူး၊ ကျွန်မ ရှင်းထားပါ့မယ်'

လွှာက ကျောင်းသွားနေသဖြင့် ညီလင်းထင်လေးသာ ရှိသည်။ သူက

'ဒေါ်ကြီးမိ. . ဇနီးဆိုတာ ဘာလဲဟင်'

ဟု မေးသဖြင့် ဒေါ်ကြီးမိ အဖြေရကျပ်သွားလေသည်။

'ဒီလိုလေ. . သားမှာ မေမေမရှိတော့ဘူး မဟုတ်လား. . ဒါကြောင့် သားဖေဖေက နောက်ထပ် မေမေတစ်ယောက် ခေါ်လာပေးတာ'





'ဟင့်အင်း. . သားမှာ မမရှိတာပဲ၊ သူ့ကို မလိုချင်ဘူး'

'ခက်ပါလား သားရယ်၊ သား အဲဒီလိုဇွတ်ငြင်းနေရင် သားဖေဖေက စိတ်ဆိုးမှာပေါ့'

စိတ်ဆိုးသွားဟန်ဖြင့် နှုတ်ခမ်းလေး စူပြီး ဆိုဖာခုံပေါ်မှာ သွားထိုင်နေသဖြင့် ဒေါ်ကြီးမိက လိုက်ချော့သည်။

စိတ်အမှတ်ကြီးသောကလေးက တော်တော်နှင့် စိတ်မပြေပါ။ ညနေ ပွင့်လွှာ ကျောင်းဆင်း၍ ပြန်လာသောအခါ မောင်လေး စိတ်ကောက်နေတာကို သိသွားပြီး

'မောင်လေး ဘာဖြစ်တာလဲဟင်၊သူစိတ်ကောက်ခဲပါတယ်'

ဒေါ်ကြီးမိက အကြောင်းစုံရှင်းပြသောအခါ ပွင့်လွှာ ဆွေ့ဆွေ့ခုန်လေသည်။

'ဒါတော့ ဖေဖေ မတရားဘူး၊ မေမေဆုံးတာ တစ်လကျော်ကျော်ပဲရှိသေးတယ်. . နောက်မိန်းမကို အိမ်ပေါ်တင်တော့မယ်'

ဒေါ်ကြီးမိလည်း သူတို့နှစ်ယောက်ကို ဘယ်လိုဖြေသိမ့်မှုပေးရမလဲဆိုတာ မတွေးတတ်အောင်ပင်။

'မောင်လေး ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ မမတစ်ယောက်လုံး ရှိသေးတယ်နော်'

ပွင့်လွှာက ညီလင်းထင်၏ ဆံပင် ပျော့ပျော့လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ သပ်ပေးရင်း ကျောင်းမှပြန်လာလျှင် ပြုနေကျအတိုင်း ပါးဖောင်းဖောင်းလေးကို မွှေးကြူ၍ အားအသစ်မွေးလိုက်ရသည်။

ဒီတစ်ခါတော့ လွှာ့ကို ခွင့်လွှတ်ပါ ဖေဖေ. .

လွှာ. . ဖေဖေ့ကို ရင်ဆိုင်မှဖြစ်တော့မယ်။

'တီ. . . တီ. . .'

'ဟော. . ပြန်လာပြီထင်တယ်'

ခြံရှေ့မှ ဟွန်းတီးသံကြောင့် တစ်အိမ်လုံး ပျာယာခတ်ကုန်ကြသည်။ ပွင့်လွှာတို့မောင်နှမကတော့ မတုန်မလှုပ်ပင်ရှိ၏။

သိပ်မကြာပါ။ ဖေဖေ့အသံနှင့်အတူ ကန့်ကလျဖြင့် မြင်ပြင်းကတ်စရာကောင်းသော အသံတစ်သံကိုပါ ပူးတွဲ၍ ကြားလိုက်ရသည်။

'အားလုံး မှတ်ထားကြ. . ဒါက ဟောဒီအိမ်ကြီးရဲ့သခင်မ စန္ဒီတဲ့'

အလုပ်သမားများက ဝတ်ကျေတန်းကျေနှုတ်ဆက်သမှုကို ပြုပြီး ကြိုဆိုကြ၏။

'ဟောဒါက ကိုယ့်သားနဲ့သမီးလေ'

'ဟယ်. . ချစ်စရာလေးတွေတော့. . အဲဒါ အစ်ကိုကြီးနဲ့တူလို့ သိလား. . အဟင်း. . ဟင်း. .'





လူရှေ့သူရှေ့မရှောင် အကဲပိုကာ ရယ်စရာမဟုတ်တာကို ရယ်နေသော ထိုမိန်းမကို ပွင့်လွှာ မျက်စိစပါးမွေး စူးလှသည်။

'ပွင့်လွှာ. . ဟောဒီအန်တီကို နောက်ဆို မေမေလို့ခေါ်ရမယ် ကြားလား'

'မခေါ်နိုင်ဘူး၊ အမေဆိုတာ. . တစ်သက်မှာ တစ်ယောက်တည်းပဲ ရှိတယ်၊ ဖေဖေ့ဘာသာ တတ်နိုင်လို့ မိန်းမဆယ်ယောက်ပဲ ယူယူ. . လွှာ့အမေကတော့ ဖြစ်မလာနိုင်ဘူး'

တစ်ခါမှပြန်မပြောဖူးသော သမီးက အခုမှခေါ်လာသည့် မိန်းမရှေ့တွင် ရဲရဲဝံ့ဝံ့ပြောလိုက်သည့်အတွက် ဦးဘမင်း၏ဒေါသတို့ ငယ်ထိပ်သို့တက်ဆောင့်သွားပြီး

'ကြည့်စမ်း၊ နင် ငါ့ကို ဘယ်နှခါပြန်ပြောဖူးလို့လဲ ပွင့်လွှာ . . လူပါးဝလို့၊ နင့်အမေသွေး အပြည့်ပါနေပါလား'

'ဖေဖေ. . လွှာ့ကို ကြိုက်သလိုပြောပါ၊ မကျေနပ်ရင် ရိုက်လိုက်. . မေမေ့ကိုတော့ ဘာမှမပြောပါနဲ့'

'အေး. . ရိုက်မယ်၊ နင့်ကို သေအောင်ရိုက်မယ်'

ဒေါသကြောင့် ထူပူနေသော အဖေက ပွင့်လွှာကို ဆွဲ၍ ပါးရိုက်သည်။ ထို့နောက် ကျောကုန်းကို ရိုက်ပြန်၏။ အကြင်နာတရားမရှိသော ထိုမိန်းမက အဖေ့ကို ဆွဲဖော်မရဘဲ



www.burmeseclassic.com

www.burmeseclassic.com



'ကလေးက ကလေးလိုမနေတော့ အရိုက်ခံရတာပေါ့'

ဟု ပြောင်ပြောင်တင်းတင်းပင် ပြောလိုက်သေးသည်။

ပွင့်လွှာ မငိုပါ။ အံကိုတင်းတင်းကြိတ်၍ အဖေရိုက်သမျှကို ခံသည်။ မောင်လေးက အော်ဟစ်ငိုယို၍ ပွင့်လွှာအရှေ့မှဝင်ကာပေး၏။

'ဖေဖေ. . မမကို မရိုက်နဲ့. . မရိုက်နဲ့'

'ဟော့ကောင်. . မင်း ဖယ်စမ်း၊မင်းပါ အရိုက်ခံချင်လို့လား'

'အစ်ကိုကြီးက ကလေးတွေကို သိပ်အလိုလိုက်တယ်ထင်တယ်. . . ဒါကြောင့် သူတို့တွေ ရောင့်တက်နေကြတာပေါ့'

ပွင့်လွှာက စန္ဒီကို စူးစူးရဲရဲကြည့်ပြီး တစ်စုံတစ်ခုကိုပြောမလို့ပြင်လိုက်စဉ် ညီလင်းထင်က စန္ဒီအား

'အေရိုးကြီး. . နင့်ကြောင့် မမ အရိုက်ခံရတာ၊ ငါကြီးလာရင် နင့်ကိုသတ်ပစ်မယ်'

ဟု ဆဲဆိုလေ၏။ မောင်လေး တစ်ခါမှ ဒီလိုရိုင်းရိုင်းစိုင်းစိုင်း မပြောဖူးပါ။ အစ်မကို သူဘယ်လောက်ချစ်တယ်၊ ကာကွယ်ချင်တယ်ဆိုတာ တင်ရှားနေ၍ ပွင့်လွှာ ပီတိဖြာရလေသည်။

'ကြည့်စမ်း. . ကြည့်စမ်း. . . တကယ့် အရိုင်းအစိုင်းလေးတွေပါလား'





စန္ဒီ့စကားအဆုံး၌ ဦးဘမင်းက သားအား ဆွဲ၍ ပုံစံပေးပါတော့သည်။

ညီလင်းထင်လေးခမျာ အသက်အရွယ်နှင့် မလိုက်အောင်လူးလိမ့်စွာ ခံနေရသည်။ ပွင့်လွှာရင်ထဲတွင် တဆစ်ဆစ်နာကျင်လှသည်။

ပွင့်လွှာ မောင်လေးအဖြစ်ကိုဆက်မကြည့်ရက်သဖြင့် ပွေ့ချီ၍ အခန်းထဲသို့ပြေးဝင်လာခဲ့သည်။

တံခါးဂျက်ချထားသဖြင့် ဦးဘမင်း အပြင်မှ ကြိမ်းဝါးနေသေးသည်။

'မောင်လေးရယ်'

ကြည့်ပါဦး. . တစ်ကိုယ်လုံး အရှိုးအမြောင်းတွေနဲ့မြင်ရက်စရာပင် မရှိပါ။

'ဖေဖေ ရက်စက်တယ်၊ ဖေဖေ သိပ်ရက်စက်တယ်'

မောင်လေး၏ဒဏ်ရာတွေကို နန္တင်းသိပ်ပေးရင်း ပွင့်လွှာမျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။

'မမ. . မငိုနဲ့နော်. . တိတ်. . တိတ်'

မငိုနဲ့လို့ အစ်မကိုချော့နေပေမယ့် သူလေးကဖြင့် ရှိုက်ငိုနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်လေးရယ်. . သနားစရာကောင်းလိုက်တာ'

မောင်နှမနှစ်ယောက် ဖက်၍ငိုကြသည်။

ထိုညသည် ကလေးနှစ်ယောက်၏ နုနယ်သော နှလုံးသားတွင် ဒဏ်ရာဒဏ်ချက်တို့ ကိန်းအောင်းစေခဲ့လေသည်။

* * *

ဟိုးယခင်က သူတို့မောင်နှမနှစ်ယောက် ပျော်ရွှင်မြူးတူးစွာ၊ လွတ်လပ်စွာ ဆော့ကစားခဲ့ရသော ရိပ်ငြိမ်ကလေးကဖြင့် တစ်စတစ်စ သွေ့ခြောက်စပြုလာ၏။ မချစ်မနှစ်သက်သောသူနှင့်တစ်အိမ်တည်း အတူနေရခြင်းကလည်း လောကကြီးရဲ့ဝဋ်တစ်ပါးပါပဲ။

'မောင်လေး. . မမ ကျောင်းသွားတော့မယ်နော်'

ပွင့်လွှာ မောင်လေးကို နောက်ဆံတင်းနေ၏။ ဒီအိမ်ဟာ သူစိမ်းတစ်ယောက်ရဲ့လက်ထဲကို အပ်နှံခြင်းခံခဲ့ရပြီမို့ မောင်လေးကို ထားခဲ့ရမှာ ပို၍ပင် စိတ်မချပါ။

'မမ. . . တာ့တာ'

ညီလင်းထင်က လက်ပြ၍နှုတ်ဆက်ရှာသည်။ မျက်နှာလေးက နီရဲနေ၏။ သူကြည့်ရတာ လန်းလန်းဆန်းဆန်းမရှိလှ။





ပွင့်လွှာက သူ့နဖူးလေးကို ပါးဖြင့်ကပ်၍ စမ်းကြည့်သည်။

'ဟင်. . ပူခြစ်နေတာပဲ၊ ဒေါ်ကြီးမိ. . ဒေါ်ကြီးမိရေ လုပ်ပါဦး. . ဒီမှာ မောင်လေး ဖျားနေပြီ'

ဒေါ်ကြီးမိ ဟင်းချက်နေရာမှ အပြေးလာခဲ့လေသည်။

'ဟုတ်သားပဲ၊ သားလေး ဖျားနေတာကိုး. . ဆေးခန်းသွားမှဖြစ်မယ်'

'လွှာ ကျောင်းမသွားတော့ဘူး၊ မောင်လေးအနားမှာပဲ နေမယ်'

ပွင့်လွှာ အသံလေးတွေ တုန်ယင်နေပြီး မျက်ရည်များဝဲတက်လာသည်။

'သားလာ. . အကျီလဲရအောင်နော်. . သမီးက ကျောင်းပျက်လို့ဖြစ်ပါ့မလားကွယ်၊ တော်ကြာ စာတွေနောက်ကျကုန်ဦးမယ်'

'မောင်လေးကို ပစ်ထားပြီး မသွားပါရစေနဲ့ ဒေါ်ကြီးရယ်'

'ဒါဖြင့် တို့တွေ ဆေးခန်းသွားရအောင်'

သူတို့သုံးယောက် ကားရှိရာသို့ထွက်လာခဲ့ကြ၏။

ထိုကားပေါ်တွင် မကြာခင်ကမှ ဖေဖေခေါ်ထားသော. . ဒရိုင်ဘာအသစ်ကို တွေ့ရ၏။ ဒေါ်ကြီးမိက ညီလင်းထင်ကို ကားပေါ်တင်ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



'မောင်လှသောင်းရေ. . အဒေါ်တို့ကို ဆေးခန်းခဏလိုက်ပို့ပေးပါကွယ်'

ပွင့်လွှာက တံခါးဖွင့်၍ ကားပေါ်တက်ထိုင်၏။

ဒေါ်ကြီးမိလည်း ကားပေါ်သို့တက်ရန် ပြင်လိုက်စဉ် ကျက်သရေမရှိသော ဖေဖေ့နောက်မိန်းမ၏အသံက ထွက်ပေါ်လာလေသည်။

'နေကြစမ်းပါဦး. . ဒါက ဘယ်သွားကြမလို့လဲ'

'ဩော်. . စန္ဒီနိုးလာပြီကိုး. . ဒီမှာ ကလေးနေမကောင်းလို့ဆေးခန်းခဏသွားမလို့'

'ရှင် ကျွန်မကို စန္ဒီလို့ခေါ်စရာမလိုဘူး၊ ဒီနေ့ကစပြီး မမလေးလို့ ခေါ်ရမယ်၊ ကြားလား'

ဒေါ်ကြီးမိမျက်နှာ၌ နာကျင်ကြေကွဲမှုကို အထင်းသားမြင်နေရ၏။ သူကမွေးလျှင် သမီးအရွယ်သာရှိမည့်သူဆီမှ ခက်ထန်မာကျောစွာ ပြောဆိုခြင်းကို ခံရသည့်အတွက် လွန်စွာမှ ရင်နာမိလေသည်။ ဆတ်ဆတ်ထိမခံတတ်သော ပွင့်လွှာလေးက

'ငရဲကျမှာ မကြောက်ဘူးလား ဒေါ်စန္ဒီ၊ ကိုယ့်အမေအရွယ်ကြီးကို ဒီလိုခေါ်ခိုင်းစရာမလိုပါဘူး၊ ဒေါ်ကြီးမိက အိမ်ဖော်လည်းမဟုတ်ဘူး၊ ကျွန်မတို့ရဲ့အထိန်းတော်ရှင့်'





ဟု ပက်ခနဲနေအောင် ပြန်ပြောလေသည်။

'လူပါးဝလှချည်လား ပွင့်လွှာ၊ ဆင်း. . ဒီကားပေါ်က အခုဆင်းစမ်း၊ အေး နင်တို့နှစ်ယောက်လုံးကို ဒီအိမ်ပေါ်က နှင်ချလို့ရတယ်ဆိုတာ မှတ်ထားလိုက်၊ ငါ့ကို လာမစမ်းနဲ့'

ပွင့်လွှာ ကားပေါ်မှမဆင်းဘဲ ပေတေ၍ထိုင်နေ၏။

'ဟဲ့. . ဆင်းလို့ပြောနေတာ နားမပါဘူးလား၊ ဒီမယ်. . လှသောင်း. . နောက်တစ်ခါ ငါ့အမိန့်မရဘဲ ကားပေါ်ကို ဘယ်သူမှ မတက်စေနဲ့'

'တက်တော့ ဘာဖြစ်လဲ၊ ဒီကားက ကျွန်မဖေဖေရဲ့ကား၊ ဦးလေး. . ဆေးခန်းကိုမောင်းပေးပါ၊ မောင်လေး ကိုယ်တွေအရမ်းပူနေပြီ'

ပွင့်လွှာက ထိုဒရိုင်ဘာကို အားကိုးစွာဖြင့် တောင်းတောင်းပန်ပန်လေး ပြောရှာသည်။

သခင်အားရ ကျွန်ပါးဝသည့် အစားထဲတွင် ပါသော လှသောင်းကတော့ ကားသော့ကိုဖြုတ်၍ ကားပေါ်မှဆင်းလေသည်။ စန္ဒီက အားရကျေနပ်သည့်လေသံဖြင့် လှောင်ရယ်ရယ်လေသည်။

'ကျွန်မ တောင်းပန်ပါတယ် မမလေးရယ်. . ဆေးခန်းကနည်းနည်းအလှမ်းဝေးနေလို့ ကားနဲ့ပို့ပေးပါနော်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးမိက အောက်ကျို့နှိမ့်ချခံကာ တောင်းပန်ပေမယ့် စန္ဒီက လက်သင့်မခံပါ။

'သူတို့ ကျွန်မကို သိပ်စော်ကားထားတာ၊ ဒီတော့ မျက်နှာသာပေးလို့မဖြစ်ဘူး၊ သွားချင်ရင် ခြေနဲ့သွားကြ. . ဒါပဲ'

ပွင့်လွှာ ကိုယ့်နားကိုယ် မယုံသလို ခံစားရသည်။ အခြေအနေက ရုတ်ခြည်းကို ပြောင်းလဲသွား၏။ သူဌေးသမီးဟူသောဂုဏ်ပုဒ်ဖြင့် သိက္ခာရှိစွာနေခဲ့ရသောဘဝမှ ယခုတော့ အနှိမ်ခံဘဝဖြင့် လမ်းပေါ်မှာ ခြေကျင်လျှောက်ရမည်. . တဲ့. . မတရားဘူး. . လုံးဝမတရားဘူး။

ကားသော့ကိုကိုင်၍ အိမ်ထဲဝင်သွားသော စန္ဒီ၏နောက်ကျောကို စိမ်းသက်အေးခဲစွာကြည့်ရင်း ပွင့်လွှာတစ်ကိုယ်လုံး ဒေါသတို့ဖြင့် တဆတ်ဆတ်တုန်နေလေသည်။

'စိတ်လျှော့လိုက်ပါ သမီးရယ်၊ လာ. . ဆေးခန်းကိုရောက်ဖို့ အရေးကြီးတယ်၊ ဆိုက်ကားနဲ့သွားရအောင်နော်'

ပွင့်လွှာ ဆိုက်ကားမစီးဖူးပါ။ ပထမတော့ ရှက်နေမိသည်။ မောင်လေးကို ကြည့်လိုက်တော့ စကားပင် မပြောနိုင်ဘဲ မျက်လုံးလေးမှိတ်ကာ ဖျော့တော့နေသဖြင့် ဒေါ်ကြီးမိစကားကိုနားထောင်လိုက်ရလေသည်။

ဆောင်းညပြာသိစာပေ



ရင်ထဲ၌မူ မကျေနပ်ချက်များက အပြည့်အသိပ်။ ဒီအချိန်မှာ ဖေဖေ ဘယ်ရောက်နေသလဲ. . ပွင့်လွှာ မသိပါ။ သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာကွယ်ပေးမည့်သူ မရှိပါ။

'ဖေဖေက လွှာတို့ကို အကာအကွယ်မပေးတော့ဘူးလားမသိဘူးနော်'

'သမီးလေးရယ်. . ကိုယ့်အဖေပဲ. . ခွင့်လွှတ်လိုက်ပါနော်၊ မ,ဘက်လိုက်တော့ မိုက်ဘက်ပါ. . တဲ့၊ ထောင့်ငါးရာနဲ့ ငါးရာ့နှစ်ဆယ့်ရှစ်ဟာ ဘယ်လိုနည်းနဲ့မှ မတူနိုင်ပါဘူးကွယ်'

လွှာ ဘာမှနားမလည်သလို သိလည်း မသိချင်တော့ပါ။ အပြောင်းအလဲမြန်လွန်းသော လောကကြီးကိုပဲ အပြစ်တင်မိတော့သည်။ ဆိုက်ကားပေါ်သို့တက်လိုက်သောအချိန်တွင် လွှာ့ဘဝ ကျဆုံးချိန်ရောက်ပြီလားဟူ၍ စိုးထိတ်မိ၏။

ဒေါ်ကြီးမိက အရှေ့တွင် ထိုင်၍ လွှာက မောင်လေးကိုပေါင်ပေါ်၌တင်ကာ အနောက်တွင် ထိုင်၍စီးလာခဲ့သည်။ ခြစ်ခြစ်တောက်ပူသောနေရောင်နှင့်အတူ မောင်လေး၏ ကိုယ်အပူချိန်ကလည်း တိုး၍သာ လာလေသည်။

လွှာ မငိုချင်ပေမယ့်. . မောင်လေးကို သနားလွန်းသဖြင့် မျက်ရည်ကျရပြန်သည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'မမ. . မရောက်သေးဘူးလားဟင်၊ ညီ ပူလှပြီ'

'မမကိုယ်နဲ့ကွယ်ပေးထားပါ့မယ် မောင်လေးရယ်. . ခဏနေ ရောက်တော့မယ်နော်'

လွှာက မောင်လေးကို ရင်ခွင်ထဲဆွဲသွင်း၍ မိမိခေါင်းဖြင့် အုပ်မိုးပေးလိုက်သည်။

သေချာတာက ပွင့်လွှာတွင် မိခင်စိတ် အလိုလိုဝင်သွားခြင်းပင် ဖြစ်သည်။ မောင်လိုတစ်မည်၊ သားလိုတစ်မျိုး ချစ်ရသော ညီလင်းထင်လေးအတွက်သာဆိုလျှင် ဘာမဆိုပေးဆပ်ရဲသောစိတ်၊ အနစ်နာခံလိုသောစိတ်က ပွင့်လွှာ၏ရင်ထဲတွင် ကိန်းအောင်းသန္ဓေတည်ပြီးသား ဖြစ်လေသည်။

▲



## ၃

ထိုနေ့ အိမ်တွင် လူစုံနေသည်။ မနက်စာစားပြီး ဧည့်ခန်း၌ ဖေဖေထိုင်နေသည်။

ဖေဖေ့နံဘေးမှာ စန္ဒီကို မတွေ့ရသဖြင့် လွှာ ပျော်သွားရသည်။

မာနကြီးသော လွှာက စန္ဒီ့ရှေ့မှာ မုန့်ဖိုးမတောင်းလိုပါ။ လွှာ့တွင် မုန့်ဖိုးပြတ်နေသည်မှာ ဆယ်ရက်ခန့်ပင် ရှိခဲ့ပြီ။

ဖေဖေ့ကိုလည်း လွှာအံ့ဩ၏။ သားသမီး ဘာလိုနေသလဲဆိုတာ လှည့်၍ပင် မကြည့်တော့။ အရာအားလုံးကို စန္ဒီ့လက်ထဲ ဝကွက်အပ်ကာ လျစ်လျူရှုပြီး နေနိုင်လွန်းသည်။

'ဖေဖေ. . လွှာ့ကို မုန့်ဖိုးမပေးတော့ဘူးလားဟင်'

စိတ်ကို အတန်တန်ထိန်းထားသည့်ကြားမှ လွှာ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဝဲလာမိသည်။

'ဟင်. . သမီးကို စန္ဒီက မပေးဘူးလား'

ဖေဖေ စိတ်လိုလက်ရအချိန်များတွင် သုံးနှုန်းတတ်သော လေသံလေးကို ကြားရတော့ လွှာ စိတ်မထိန်းနိုင်တော့ပါ။

'ဖေ. . . ဖေ. . '

အဖေ့ရင်ခွင်ထဲသို့ တိုးဝင်၍ ကျုံကျုံပါအောင် ငိုမိလေသည်။ ထိုနောက် သူမ မျိုသိပ်ထားရသမျှကို အဖေ့ထံ၌ ဖွင့်အန်မိတော့သည်။

'ဖေဖေ သိလား. . ဒေါ်စန္ဒီက လွှာတို့ကို ကားပေးမစီးဘူး၊ အခု လွှာ ကျောင်းကို လမ်းလျှောက်ပြီး သွားရတယ်၊ လွှာက အရေးမကြီးပါဘူး၊ မောင်လေး နေမကောင်းလို့ ဆေးခန်းသွားတာတော့ ပို့ပေးသင့်တာပေါ့. . ဟင့်. . အခုတော့ သူက လွှာတို့မောင်နှမကို အငြိုးတကြီးနဲ့ ကလဲ့စားချေနေသလိုပဲ'

သမီးကို ကြည့်ပြီး ဦးဘမင်း အတော်လေး စိတ်မကောင်းဖြစ်မိသည်။

ထိုနောက် ပိုက်ဆံအိတ်ကိုဖွင့်၍ တစ်ထောင်တန် အထပ်လိုက်ယူပြီး ပွင့်လွှာလက်ထဲသို့ ထည့်ပေး၏။

'သမီး ဒီငွေတွေယူထား. . ကုန်သွားရင် ဖေဖေ့ကိုပြော. .





ဖေဖေ ထပ်ပေးမယ် ကြားလား'

လွှာ့ဘက်တွင် ဖေဖေ ရှိနေသေးပါလား။ ပွင့်လွှာ အတိုင်းမသိ ကျေနပ်သွားမိသည်။

သို့သော် ထိုငွေတွေက လွှာ့လက်ထဲ၌ ကြာကြာ ရှိမနေခဲ့ပါ။

စန္ဒီ ရောက်လာပြီး အကုန်သိမ်းလိုက်၏။

'အစ်ကိုကြီးကလည်းလေ. . ကလေးတွေကို ငွေဒီလောက်ပေးကိုင်ရသလား၊ စန္ဒီက သူတို့ကို အတိုင်းအထွာနဲ့သုံးတတ်အောင် လေ့ကျင့်ပေးနေတာ. . လမ်းလျှောက်ခိုင်းတာကလည်း ကိုယ့်အားကိုယ်ကိုးတတ်အောင်လို့၊ ဘာလဲ. . သမီးက ဝမ်းနည်းနေတာလား. . အန်တီ့ကို အပြစ်မတင်ပါနဲ့ကွယ်၊ အန်တီက စေတနာထားပြီး သမီးတို့ကောင်းဖို့အတွက် လုပ်ခဲ့တာ၊ သမီးက အဖေကို ပြန်တိုင်နေတော့ စိတ်မကောင်းစရာပဲ'

ပွင့်လွှာ ပါးစပ်ကိုတင်းတင်းစေ့၍ အံကြိတ်ထားခဲ့သည်။

ဖေဖေ့ကို အားကိုးတကြီးနဲ့ကြည့်လိုက်စဉ်ဝယ် လွှာ့မျှော်လင့်ချက်တွေအားလုံး ပျက်သုဉ်းကြေမွသွားခဲ့ရသည်။

ဖေဖေ တွေဝေနေပါလား. .

လွှာ့ကို ပတ်ဝန်းကျင်က သင်ပြပေးခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာလဲဆိုတော့ ကိုယ်မှန်တယ် ထင်ပေမယ့် တစ်ခါတစ်ရံမှာ အဲဒီအမှန်တရားဟာ . . လုံးဝ မှားနေတတ်တယ်လေ . . ဒေါ်စန္ဒီလိုလူမျိုးနဲ့တွေ့ရင်ပေါ့။

အမှန်ကိုအမှားဖြစ်အောင် ပြုစားတတ်သူနှင့် အမှန်တရားဘက်မှာ မရပ်တည်ရဲသူတို့အလယ်မှာ လွှာချပြတဲ့ အမှန်တရားဟာ ဘာမှကို အရာမထင်တော့ပါ။

* * *



'မေမေ . . မေမေ . . သားတို့ကို ပစ်မသွားပါနဲ့ မေမေ . .'

ညီလင်းထင်၏အော်သံကြောင့် ပွင့်လွှာ လန့်နိုးလာသည်။

မောင်လေး ယောင်နေတာပါလား။ သူ့ပုံစံလေးက အမေ့ကို တကယ်တွေ့နေရသလိုထင်ရ၏။ မျက်ရည်လေးများပင် စီးကျနေရှာသည်။

ပွင့်လွှာ မျက်ရည်လေးတွေကို သုတ်ပေးရင်း ညင်သာစွာ နမ်းရှိုက်မိသည်။

'မောင်လေးရယ် . . မမလေ အခု ကိုယ့်အားကိုယ်ကိုးတတ်အောင် လေ့ကျင့်နေပါပြီ၊ မောင်လေးကို မမသိပ်ချစ်တယ် သိလား၊ မမရဲ့မေတ္တာတွေနဲ့ မောင်လေးတစ်သက်လုံး နွေးထွေးနေစေရမယ် နော်၊ မောင်လေး . . ကြားလားဟင်'

မောင်လေး ကြားမည်မထင်ပါ။ နှစ်ခြိုက်စွာ အိပ်မောကျ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ လွှာက လျှောကျနေသော စောင်ထူထူကို မောင်လေးကိုယ်ပေါ်သို့ ညင်သာစွာခြုံပေးလိုက်သည်။ သူမကတော့ အိပ်၍ ပျော်မည်မထင်တော့ပါ။

ငယ်ရွယ်နုနယ်သောနှလုံးသားလေးတွင် ခံစားချက်ပေါင်းများစွာက မြားအစင်းပေါင်းများစွာစိုက်ဝင်နေသည့်နှယ် နာကျင်လှ၏။ တစ်နေ့တခြားခြယ်လှယ်လာသော မိထွေး၏ဒဏ်ကို အလူးအလဲ ခံရပြီးနောက် လူ့ဘဝအကြောင်းကို ပွင့်လွှာ ပိုသိလာခဲ့သည်။

မြေခွေးတွေက ကောက်ကျစ်စဉ်းလဲတတ်သည်ဟု လွှာကြားခဲ့ဖူးသည်။

ဒေါ်စန္ဒီကတော့ မြေခွေးထက်ပင် ပို၍ ယုတ်မာရိုင်းစိုင်းသည်။ မနေ့က ပွင့်လွှာကို ဒေါ်စန္ဒီ ချိုသာပျော့ပျောင်းသောလေသံလေးဖြင့် လှိုက်လှိုက်လှဲလှဲပြောဆိုဆက်ဆံခဲ့သည်။

လွှာ အံ့ဩနေခဲ့မိ၏။

'လွှာ. . သမီးလေးဒီမှာကြည့်စမ်း. . သမီးအတွက် အန်တီဝယ်လာတာ. . မလှဘူးလား'

သူမလက်ထဲမှ အင်္ကျီလေးတွေက အဆင်စုံ အသွေးစုံဖြင့် လှပလွန်းလှသည်။

သို့သော် ဒေါ်စန္ဒီ၏ဆက်ဆံရေးက ပုံမှန်မဟုတ်သည်မို့





လွှာက သတိထား၍နေခဲ့သည်။

ရေပက်မဝင်အောင် သူပြောနေပေမယ့် ပွင့်လွှာကတော့ အင်းမလှုပ် အဲမလှုပ် ငြိမ်သက်စွာဖြင့် ရပ်၍ နားထောင်ပြီးနောက် ဆက်၍ သည်းမခံနိုင်တော့သဖြင့်

'ကျွန်မပြန်လို့ရပြီလား ဒေါ်စန္ဒီ၊ အိမ်စာတွေ မပြီးသေးလို့'

'နေပါဦး၊ ပွင့်လွှာကို အန်တီမေးစရာလေးရှိလို့'

'ဘာလဲ'

လွှာ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားသဖြင့် လွှာက ခပ်ပြတ်ပြတ်ပြန်မေးလိုက်သည်။

'ဟိုလေကွယ်. . . ဒေါ်သက်နွေ မဆုံးခင် ပွင့်လွှာကို ဘာတွေများ အပ်ထားခဲ့သေးလဲလို့၊ ဥပမာ. . လက်ဝတ်ရတနာတွေပေါ့'

'အဲဒါ ဒေါ်စန္ဒီနဲ့ ဘာဆိုင်လို့လဲ'

'ညည်း ခေါင်းမမာပါနဲ့. . အခု အိမ်မှာ ငါအုပ်ချုပ်နေတာ၊ သိသင့်သိထိုက်တယ်ထင်လို့ မေးရတာအေ့'

သမီး. . သမီးနဲ့ နှုတ်ဖျားမှမချဘဲ ချိုသာစွာသုံးစွဲနေသော ပါးစပ်မှ ညည်းတစ်လုံး ငါတစ်လုံးနဲ့ လုံးဝကို ပြောင်းလဲသွားတာ မြန်ဆန်လွန်းလှ၏။

'ဒီလောက်သိချင်နေရင်လည်း ပြောပြမယ်၊ မေမေက ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက်ကြီးဆုံးသွားတာ. . ကျွန်မကို ဘာမှမအပ်ခဲ့ဘူး'

'မဖြစ်နိုင်တာပဲအေ. . လုံးဝမဖြစ်နိုင်ဘူး'

'အန်တီက ကျွန်မထက် ပိုသိနေသေးရင် ဘာဖြစ်လို့မေးနေသေးလဲ'

ထိုသို့ပြောပြီးနောက် လွှာ အခန်းထဲမှထွက်လာခဲ့သည်။ စိတ်ထဲတွင် တနုံ့နုံ့ဖြင့် ခံပြင်းလှသည်။ အခန်းထဲတွင် ကျန်ခဲ့သည့် ဒေါ်စန္ဒီကတော့ သူမကို အစိမ်းလိုက်ဝါးစားချင်စိတ် ပေါက်နေပေလိမ့်မည်။

လွှာ ယွန်းသေတ္တာလေးကို ကိုင်ပြီး ကျောက်ရုပ်ဖြစ်နေခဲ့သည်။အမေပေးခဲ့တဲ့ ဒီအမွေလေးကိုပဲ လုယူမည့်သူက အဆင်သင့်ရှိနေခဲ့ပြီ။ လွှာ ဘယ်လိုလုပ်ရမှာလဲ. . .

အမေက ဘယ်သူ့ကိုမှမပြောရဘူးဆိုလို့ ဒေါ်ကြီးမိကိုပင် လွှာ မပြောခဲ့။ လွှာ့အသက်နှင့်ထပ်တူ တန်ဖိုးထားခဲ့ပါသည်။

'မိလွှာ. . ဘာလုပ်နေတာလဲ. . ကျောင်းက ပြန်လာတော့လည်း အခန်းထဲကကို မထွက်တော့ဘူး၊ အိမ်အလုပ်လေးဘာလေး လာကူလုပ်ပါဦးလား သူဌေးသမီးရဲ့'

စန္ဒီက လိုချင်တာမရတော့ ပွင့်လွှာကို ပို၍မဲလေသည်။ လွှာ ယွန်းသေတ္တာလေးကို ဗီရိုထဲအမြန်သွားထည့်၍ ဝှက်ထားလိုက်





သည်။

'လွှာ့အလုပ်တွေ အကုန်လုပ်ပြီးလို့ အခန်းထဲ ခဏဝင်နေတာပါ'

'ပြောလိုက်ရင်တော့ ဆင်ခြေဆင်လက်နဲ့ချည်းပဲ၊ သွား. . ခြံထဲက ပန်းပင်တွေ ရေသွားလောင်း၊ ပြီးရင်. . အဝတ်လျှော်၊ ငါ့အခန်းထဲက ထဘီတွေပါ လာယူလျှော်၊ ကြားလား. .'

လွှာ မကျေနပ်ပါ။ ထို့ကြောင့် မျက်တောင်မခတ်ဘဲ စူးရဲစွာ ပြန်ကြည့်မိသည်။

'အောင်မယ်. . ကောင်မက ငါ့ကိုများ ပြန်ကြည့်လို့၊ ဘာလဲ. . မကျေနပ်လို့လား၊ ဒီအိမ်မှာ ငါဘုရင်ပဲ၊ ငါ့ကို အာခံလို့ကတော့ ညည်းအဖေလာရင် ငါ့အကြောင်းကောင်းကောင်းသိစေရမယ်'

လွှာ ဖေဖေ့ကို စိတ်ဆင်းရဲမပေးချင်ပါ။ ထို့ကြောင့်လည်း အမြဲတမ်း အလျှော့ပေးခဲ့၏။ လွှာအလျှော့ပေးမှန်းသိလေ. . မိထွေးစန္ဒီက ပညာပြလေပင်။

မောင်လေးကိုတော့ လွှာက အထိမခံခဲ့ပါ။ မောင်လေးဟာ တစ်သက်လုံး သူများခိုင်းဖတ် မဖြစ်စေရ။

အဲဒီအတွက် လွှာအသက်ပေးပြီး ကာကွယ်သွားရန် ဆုံးဖြတ်ထားပြီးသား။ * * *



www.burmeseclassic.com

www.burmeseclassic.com



'မမ. . ညီ ဗိုက်ဆာလှပြီ'

'ဟင်. . မောင်လေး အခုထိ ထမင်းမစားရသေးဘူး ဟုတ်လား၊ မွန်းလွဲချိန်တောင် ရောက်နေပြီကွယ်'

အဝတ်တွေ လျှော်နေရတော့ လွှာ မောင်လေးကို ပြုစုဖို့ လစ်ဟင်းသွားခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ထမင်းစားချိန် 'ကလေး'ကို ထမင်းတော့ ကျွေးရမှာပေါ့။

ဒေါ်ကြီးမိကော ဘယ်ရောက်နေပြီလဲ။

လွှာက မကျေမနပ်ဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့၏။ ဒေါ်ကြီးမိကိုမူ အစအနပင် မတွေ့ရပါ။ ထမင်းပွဲသိမ်းနေသော အိမ်ဖော်ကောင်မလေးကို တွေ့သဖြင့် လွှာက

'မအေးတင်၊ ဒေါ်ကြီးမိကော'

'ရှူး'

အေးတင်က ပြူးတူးပျာတာဖြင့် ဘေးဘီဝဲယာကို ကြည့်၍ ပွင့်လွှာလက်ကိုဆွဲကာ လေသံကိုနှိမ့်၍

'မရှိတော့ဘူး၊ ပြန်သွားပြီ'

'ဘာဖြစ်လို့လဲ. . ဘယ်တုန်းက ပြန်သွားတာလဲ'

'လွှာ့မိထွေးက အလုပ်ထုတ်ပစ်ပြီး နှင်လွှတ်လိုက်တာ'





'ဒေါ်ကြီးမိက လွှာ့ကိုတောင် နှုတ်ဆက်မသွားဘူး'

လွှာတို့မောင်နှမအတွက် အားအကိုးရဆုံးသောဒေါ်ကြီးမိက ရုတ်တရက်ကြီးခွဲခွာသွားတော့ လွှာ ဝမ်းနည်းလှသည်။

'ဒေါ်ကြီးမိ စာပေးသွားတယ်၊ သေချာ သိမ်းထားနော်. . လွှာ့မိထွေး မမြင်စေနဲ့. . သိလား'

စာရွက်စုတ်လေးနှင့် ဖြစ်သလိုရေးခဲ့ရဟန်တူသည်။

စာထဲမှာတော့ -

*သမီးလေးပွင့်လွှာ. .*

*ဒေါ်ကြီးမိ နှုတ်ဆက်ခဲ့ပါတယ်၊ ရေစက်ကုန်လို့ ခွဲခွာရပေမယ့် သမီးနဲ့သားလေးကို ဒေါ်ကြီးမိ အမြဲတမ်းအောက်မေ့နေမှာပါကွယ်. . သမီးတို့မှာ အကူအညီလိုတဲ့အခါ ဒေါ်ကြီးမိဆီကို လာခဲ့ကြနော်. . လိပ်စာရေးပေးခဲ့ပါတယ်. .*

*ရွှေဂျိုးဖြူဆေးလိပ်ခုံ၊ ညောင်ဦးမြို့။*

စာဖတ်ရင်း လွှာ မျက်ရည်များစီးကျလာသည်။ ဒေါ်ကြီးမိ လိပ်စာကို ဦးနှောက်ထဲ စွဲနေအောင်မှတ်ပြီးနောက် စာကို လုံးချေကာ အစဖျောက်လိုက်ရသည်။

ဗိုက်ဆာနေပြီဆိုသည့် မောင်လေးကလည်း ဒေါ်ကြီးမိမရှိတော့မှန်းသိသွားသည့်အခါ ထမင်းကိုကုန်အောင်မစားနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စန္ဒီရောက်လာပြီးနောက် လွှာတို့အတွက် ကျဉ်းကျပ်မှုနှင့်အတူ ကမောက်ကမဖြစ်ခဲ့ရသည်မို့ လွှာတို့အိမ်ပေါ်ကို မကောင်းဆိုးဝါး တစ်ကောင်တက်လာသည်နှင့်တူသည်ဟု လွှာ အမြဲတွေးခဲ့မိသည်။

'မောင်လေး. . မမ ကျူရှင် သွားတော့မယ်၊ ဗိုက်ဆာရင် မအေးတင်ကို ထမင်းခူးခိုင်းပြီး စားနော်၊ မောင်လေးက သိပ်လိမ္မာတာပဲကွယ်'

'မမ. . ဒေါ်စန္ဒီကပြောတယ်၊ ကိုယ့်ဘာကိုယ်ခူးပြီး စားတဲ့'

'ဟင်. . သူက ဒီလိုပဲ ပြောသလား၊ မောင်လေးအသက် အခုမှ လေးနှစ်ကျော်ကျော်ပဲ ရှိသေးတာ. . ကလေးက ဘာလုပ်လို့ တတ်မှာလဲ. . အလကားဟာမကြီး. . ငါ့အဖေကို မြူဆွယ်ပြီး အိမ်ပေါ်တက် ဗိုလ်ကျနေတာ'

မောင်လေးကို ထိပါးလာတော့ လွှာ ယမ်းပုံမီးကျ ဒေါသတွေပေါက်ကွဲကုန်ရသည်။

'မမ ဘယ်လိုလုပ်ပြီး ကျူရှင် သွားရမှာလဲကွယ်'

'ညီ. . မမနဲ့အတူတူ လိုက်ခဲ့မယ်လေ၊ညီ. . ဒီအိမ်မှာနေရတာ မပျော်ဘူး'

'မမ သိပါတယ်ကွယ်၊ မမကြီးလာရင် အလုပ်လုပ်မယ်. . မောင်လေးနဲ့မမ တခြားနေရာမှာ သွားနေကြမယ်လေ'





'ဉုံဖွ. . ပွစိ. . ပွစိ'

ညီလင်းထင်က မတ်တတ်ရပ်ပြီး သူ့အစ်မတစ်ကိုယ်လုံးကို မန်းမှုတ်နေတော့သည်။ လွှာက တအံ့တဩဖြင့်

'ဘာလုပ်တာလဲ မောင်လေးရဲ့'

'မမ အခုချက်ချင်းကြီး, လာအောင်လို့'

'မောင်လေးရယ်. . '

ကလေးငယ်လေးတောင်မှ ဘယ်နေရာမှာ နေသင့်တယ်ဆိုတာ ခွဲခြားပြီးသိနေပြီ ဖေဖေ။ ဖေဖေကတော့ အခုချိန်ထိ ကိုယ့်ဘဝကို ထင်ရာစိုင်းတုန်းပဲ။ ဖေဖေ့မှာ အသိတရားလေးတော့ ရသင့်နေပါပြီ။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၄

'မောင်လေးရေ. . မမ ပြန်လာပြီ'

ခါတိုင်း လွှာကျောင်းမှပြန်ချိန်ဆို ခြံထဲဆင်းကြိုတတ်သော မောင်လေးကို ဒီနေ့ မတွေ့ရသဖြင့် လွှာ့စိတ်များ လေးလံသွား၏။

လွှာအသံပြုသော်လည်း မောင်လေးအသံကို ပြန်မကြားရ။

'မောင်လေး ဘယ်မှာလဲ၊ မမစိတ်ပူအောင် မလုပ်နဲ့နော်'

'လွှာ. . ညီလင်းထင် အခန်းထဲမှာ'

'ဘာဖြစ်လို့လဲ. . ဘယ်လိုဖြစ်တာလဲ မအေးတင်ရဲ့မြန်မြန် ပြောစမ်းပါ'

'ဟင်းရည်ပူလောင်သွားလို့'

'ဟင်'





လွှာ အခန်းထဲသို့ပြေးဝင်ခဲ့၏။ ကုတင်ပေါ်တွင် ညည်းညူနေသော မောင်လေးကို တွေ့ရသောအခါ လွှာ့တစ်ကိုယ်လုံး နာကြည်းမှုဖြင့် အေးစက်သွားခဲ့သည်။

'ကြည့်ပါဦး. . ဒီလောက်ဒဏ်ရာရနေတာ ဘယ်သူမှ ဂရုမစိုက်ဘူးလား. . ဆေးခန်းလေးတော့ ပြပေးသင့်တာပေါ့၊ ရက်စက်လိုက်ကြတာ'

'ကျွန်မ ဆေးပြာရည်သုတ်ပေးထားတယ်. . လွှာ့မိထွေးက သိပ်ရက်စက်တာပဲ၊ ကလေးကို မတန်မရာတွေခိုင်းတယ်၊ ခုလည်း ကျွန်မ မရှိတုန်း သူဗိုက်ဆာလို့ ဟင်းအိုးသွားဖွင့်တာ. . မနိုင်တော့ ဟင်းရည်တွေ သူ့ကိုယ်ပေါ်ဖိတ်ကုန်တယ်၊ အော်သံကြားလို့ ကျွန်မ ပြေးလာတော့ နောက်ကျသွားပြီ'

မအေးတင်ပြောပုံအရဆို ဒေါ်စန္ဒီဟာ သိပ်ကို ကောက်ကျစ်တာပဲ။ လွှာ အံကြိတ်၍ မောင်လေးကို ကျောပိုးကာ အခန်းထဲမှ ထွက်လာခဲ့သည်။

'ဒါက ဘယ်သွားမလို့လဲ'

မကောင်းဆိုးဝါးသံကြီးကိုကြားလိုက်ရ၏။ မောင်ဇောကပ်နေသော ပွင့်လွှာက မိထွေးကိုလည်း မကြောက်နိုင်တော့ပါ။

'ဆေးခန်းသွားမလို့'



www.burmeseclassic.com

www.burmeseclassic.com



'ညည်းလေသံက မာလှချည်လား'

'မာမာပဲ၊ ဒီမယ်. . မောင်လေး အခုလိုမျိုး တစ်ခါမှမဖြစ်ဖူးဘူး. . ဒီနေ့ ဖြစ်ခဲ့ရပြီ၊ ကျွန်မ ရှင့်ကို တစ်သက်မကျေဘူးဆိုတာ မှတ်ထားစမ်းပါ'

'လူပါးဝလှချည်လားဟင်. . ညည်းအမေ ဒီလိုပဲ ဆုံးမခဲ့သလား'

'ကျွန်မအမေကို ဘာမှထိပါးနေစရာမလိုဘူး. . . ဒေါ်စန္ဒီအမေကကော ဘယ်လိုဆုံးမလိုက်သလဲ. . . သူများမယားငယ်ခံရမယ်လို့ သင်ပေးလိုက်တာထင်တယ်'

'ကောင်မ. . ညည်း. . ညည်း'

စန္ဒီက တညည်းညည်းဖြင့် တက်မတတ် ချက်မတတ်ဖြစ်ကျန်ခဲ့သည်။ ပွင့်လွှာကတော့ နောက်ပြန်လှည့်မကြည့်တော့ပါ။

မောင်လေး ခံစားရတာနှင့်စာလျှင် ဒါဟာ အသေးအဖွဲ့ပဲရှိပါသေးသည်။ သူမ၏မောင်လေးကို ဆေးခန်းသွားပြတော့ ပွင့်လွှာက ရှေ့ဆက်ဖြစ်လာမည့် အကြောင်းအရာများကို ဘာမှကြိုမသိခဲ့။ စန္ဒီ၏ယုတ်မာပက်စက်သောအကြံဆိုးနှင့်တိုးရတော့မည်ကိုလည်း စိုးစဉ်းမျှမသိခဲ့ပါ။ * * *





မဆုံဖြစ်တာကြာပြီဖြစ်သော ဖေဖေ့မျက်နှာကြီးကို ပွင့်လွှာတွေ့လိုက်ရတယ်ဆိုရင်ပဲ ရင်ဝကိုဆီး၍ကန်လိုက်သလို ခံစားလိုက်ရသည်။

ကိုယ့်ဘက်က ရှုံးတော့မည်ဆိုတာ သေချာနေသောစစ်ပွဲတစ်ခုကို ပွင့်လွှာ ဆက်၍မတိုက်ချင်တော့သဖြင့် အခန်းထဲသို့လှည့်ဝင်ရန် ပြင်လိုက်၏။

'ပွင့်လွှာ. . ဒီကိုလာခဲ့စမ်း'

ဖေဖေ့ဆီမှ ကြမ်းကြုတ်သောခေါ်သံနှင့်အတူ လွှာ ဖေဖေ့ရှေ့သို့ရောက်ခဲ့ရသည်။

'အစ်ကိုကြီးရယ်. . ကလေးပဲဟာ၊ သွားဆူမနေပါနဲ့. . စန္ဒီ ဗွေမယူပါဘူး'

ဒရင်းဘက်ပေါ်မှ စန္ဒီ၏ အကယ်ဒမီလေသံ။

'ဘယ်လိုလဲ ပွင့်လွှာ၊ ဒီအိမ်မှာ နင် တော်တော်လက်စွမ်းထက်နေပါလား. . အခုကြည့်စမ်း. . စန္ဒီ မေ့လဲပြီးကျန်ခဲ့ရတယ်'

'လွှာ သူ့ကို ဘာမှမလုပ်ဘူး ဖေဖေ၊ သက်သက်မဲ့ မာယာများပြနေတာ'

'ပြောလေ ကဲလေပါလား ပွင့်လွှာ၊ ငါလက်ပါမိတော့မယ်



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာတော့ဘူးနော်'

'ဖေဖေ တစ်ဖက်သတ်မစွပ်စွဲနဲ့၊ လွှာတို့မောင်နှမကို သူ နှိပ်စက်နေတာ တစ်အိမ်လုံးသိတယ်၊ လွှာ သိပ်အံ့သြတယ် ဖေဖေ၊ ဒီမိန်းမ မူးလဲပြတာလေးကို ဖေဖေ စာဖွဲ့နေတယ်၊ ကိုယ့်သားတစ်ယောက်လုံး ဟင်းရည်ပူလောင်တာကျတော့ ဘာမှမမေးတော့ဘူးတဲ့လား'

ပွင့်လွှာ၏စကားက ဦးဘမင်းရင်ကို ထိမှန်သွား၏။

သို့သော်. . ကြာရှည်မခံခဲ့ပါ။ စန္ဒီ၏ အင်မတန်မှ အပြစ်ကင်းစင်သော၊ သနားစဖွယ်ကောင်းသော၊ ညက်ညောလှသည့်လေသံအောက်တွင် ဖေဖေ ပျော်ဝင်သွားပြန်သည်။

'မကောင်းမြင်ဝါဒနဲ့ကြည့်နေတော့လည်း စန္ဒီဘာလုပ်လုပ် အမှားတွေပဲ တွေ့နေတော့မှာပေါ့ အစ်ကိုကြီးရယ်၊ သားလေး အပူလောင်လို့ စန္ဒီ ဆေးပြာရည်လိမ်းပေးထားပါတယ်၊ အဲဒါ စန္ဒီ ဂရုမစိုက်လို့ဆိုပြီး ကက်ကက်လန်အောင်ကို ရန်တွေ့သွားတာ'

တော်တော်လည်း တတ်နိုင်တဲ့မိန်းမပါလား။ စန္ဒီ့ကို ပွင့်လွှာ လက်ဖျားခါသွား၏။ ဆေးပြာရည်လိမ်းပေးတာက မအေးတင်။ ဒါတောင်မှ သူ မသိအောင် ခိုး၍လိမ်းပေးရတာဖြစ်သည်။

'ပွင့်လွှာ. . ပွင့်လွှာ၊ အရွယ်နဲ့မလိုက်အောင်ကို ဒုက္ခပေးပါ





လားကွ'

'ဖေဖေ လွှာ့ကို အဲဒီလိုမပြောပါနဲ့၊ လွှာတို့အပေါ် ဖေဖေ မေတ္တာမထားနိုင်ရင်တောင်မှ မုန်းဖို့ မသင့်ပါဘူး'

အစ်မငိုသောအခါ ညီလင်းထင်က ဝင်၍ပြောတော့၏။ စန္ဒီ့ကို လက်ညှိုးထိုး၍

'ဖေဖေ. . သား သူ့ကိုသိပ်မုန်းတယ်၊သားကို အိမ်သာတိုက်ခိုင်းတယ်၊ ထမင်းလည်း ခူးမပေးဘူး'

ပွင့်လွှာက မောင်လေး အရိုက်ခံရမည်စိုး၍ အခန်းထဲသို့ ဝင်နေစေသည်။

'ရှင်းတယ်ဆိုရင်လည်း အစကနေ ရှင်းတာပိုပြီး ကောင်းပါတယ် ဖေဖေ၊ လွှာတို့နှစ်ယောက် ဒီအိမ်မှာ ထမင်းတစ်လုတ်စားဖို့အတွက် ဘယ်လောက်ထိ ပေးဆပ်နေရတယ်ဆိုတာ အပြင်မှာနေတဲ့ ဖေဖေက သိမှာမဟုတ်ဘူး'

ဦးဘမင်း ဘာမှမပြောနိုင်တော့ပါ။ အနာပေါ် တုတ်ကျသွားသော စန္ဒီက ဆတ်ဆတ်ခါနာသွားပြီး

'စန္ဒီ. . ဒီအိမ်မှာဆက်မနေတာဘဲ ကောင်းလိမ့်မယ် ထင်တယ် အစ်ကိုကြီးရယ်. . ဒီလောက်တောင် စွပ်စွဲခံနေရမှတော့ စန္ဒီ ပြန်ပါတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု မင်းသမီးအိုက်တင်ဖြင့် ပြောဆိုကာ ငေါက်ခနဲ ထ၍ အပေါ်ထပ်သို့ တက်သွား၏။ မိတွေးနောက်သို့ အူယားဖားယားဖြင့် အပြေးတစ်ပိုင်းလိုက်သွားသော ဖေဖေ့အဖြစ်ကို မြင်ရသောအခါ ပွင့်လွှာရင်နှစ်ခြမ်း ဖြန်းခနဲကွဲသွားရတော့သည်။

'ပွင့်လွှာရယ် . . ဒီတစ်ချီ ပွင့်လွှာ ပြောချလိုက်တာ ဒက်ထိပဲ'

မအေးတင်က လက်ခုပ်လက်ဝါးတီး၍ ဝမ်းသာအားရ ဆိုလေသည်။

*   *   *

ထိုသို့ဖြစ်ပြီးနောက် သုံးရက်အကြာတွင် စန္ဒီ၏လက်စားချေတုံ့ပြန်မှုကို ပွင့်လွှာ ခံစားလိုက်ရသည်။

လွှာအမြတ်တနိုးထားသောယွန်းသေတ္တာလေးကို ကျောင်းမှပြန်လာလျှင် အမြဲဖွင့်၍ကြည့်တတ်သည်။ ဒီနေ့ အဲဒီသေတ္တာလေးကိုမတွေ့။ တစ်ခန်းလုံးအနှံ့လိုက်ရှာ၏။ အစအနပင် မတွေ့ရသောအခါ လွှာ ထူပူလာ၏။

'မောင်လေး . . မမဗီရို လာဖွင့်သေးလားဟင်'





'မဖွင့်ဘူး၊ ညီ ခြံထဲမှာ ကစားနေတာ'

ဟုတ်သားပဲ. . . သူမ သော့ခတ်သွားတာ မောင်လေးက ဘယ်လိုလုပ်ပြီး ဖွင့်တတ်မှာလဲ။

အံ့ဩစရာကောင်းလှသည်။ သော့ခတ်ထားပါလျက်နှင့် အတွင်းမှာ ပစ္စည်းက မရှိတော့။ အဝတ်အစားတွေ ပုံစံပျက်ကာ ဖရိုဖရဲဖြစ်နေ၏။

'မအေးတင် . . ဒီနေ့ အိမ်ထဲကို လူစိမ်းဝင်သေးလား'

'ဝင်တာတော့ မတွေ့ဘူး ပွင့်လွှာ . . ဘာဖြစ်လို့လဲ'

'လွှာ့အခန်းထဲရော ဘယ်သူဝင်သေးလဲ'

မအေးတင် စဉ်းစားနေ၏။

'မစန္ဒီ ဒီအခန်းရှေ့မှာ ရပ်နေတာ တွေ့ရတယ်၊ ကျွန်မကို နောက်ဖေးမှာ လုပ်စရာရှိတာ သွားလုပ်ဆိုပြီး ဆူလွှတ်လိုက်သေးတယ်'

အဖြေက ရှင်းရှင်းလေးပင်။ အိမ်မှာရှိသည့်လူက လက်ချိုးရေလို့ ရသည်မို့ ပွင့်လွှာ တရားခံကို သိသွားပါပြီ။ စာရင်းရှင်းကြရုံပဲ ရှိတော့တာပေါ့။

ပွင့်လွှာ အပေါ်ထပ်သို့တက်လာခဲ့သည်။

မေမေ့ပန်းချီကားရှေ့မှာ ရပ်နေသော စန္ဒီ့ကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူမ ဘာလုပ်နေတာလဲ။

ပွင့်လွှာ နားလည်လိုက်ပါပြီ။ ဒီမိန်းမက သေမင်းတမန်တွေကို ခိုးယူနေတာပါလား. .

သူ့ကိုယ်သူလည်လှပြီဟုထင်နေသော ဖေဖေတစ်ယောက်တော့ မြွေပွေး ခါးပိုက် ပိုက်ထားပါလား။ သူ့ကို နှပ်ပစ်ခံနေရတာလည်း နည်းနည်းလေးမှ ရိပ်မိပုံမပေါ်ပါ။

ဘုရားမကြိုက် နတ်မကြိုက်သည့်လုပ်ရပ်တွေကို လောဘဇောကပ်ကာ မိုက်တွင်းနက်နေကြသော ဖေဖေနှင့် ဒေါ်စန္ဒီတို့ကို လွှာ ရွံမုန်းလှသည်။ကံဆိုးချင်တော့ စန္ဒီ ပွင့်လွှာကိုတွေ့သွားခဲ့သည်။

ခိုးထုပ်ခိုးထည်နှင့် လူမိခံလိုက်ရသူနှယ်. . စန္ဒီ့မျက်နှာက အပျက်ပျက်အယွင်းယွင်းပင်။

'ပွင့်လွှာ. . နင် ဘာလာလုပ်တာလဲ'

ဟု အသံတုန်တုန်ဖြင့် ပြန်မေး၏။

'စာရင်းလာရှင်းတာလေ'

'ဘာစာရင်းလဲ. . ငါ ဘာမှမသိဘူး'

'ကျွန်မအမေပစ္စည်းတွေ ဘယ်မှာလဲ၊ယွန်းသေတ္တာ ကျွန်မကို ပြန်ပေးပါ'

'နင်က ဘာသက်သေတွေနဲ့ ငါ့ကို စွပ်စွဲနေတာလဲ. . နင့်





ပစ္စည်းတွေ ငါ သိလည်း မသိဘူး၊ ယူလည်း မယူဘူး'

'သူခိုးက ယူတယ်လို့ ဘယ်ပြောမှာလဲ ဒေါ်စန္ဒီ၊ ခုနလေးတင် ရှင် ဖေဖေ့ပစ္စည်းတွေခိုးနေတာ ကျွန်မ တွေ့သွားပဲ'

'ဒါက ငါတို့လင်မယားကိစ္စ၊ နင်နဲ့ ဘာမှမဆိုင်ဘူး. . နင့်ပစ္စည်း ငါယူ မယူဆိုတာ ငါ့အခန်းထဲ ဝင်ရှာနိုင်တယ်'

လွှာ ဝင်ရှာပါသည်။ နောက်ကျမှ လွှာသိလိုက်၏။ဒီအခန်းထဲမှာ မထားလို့ ဝင်ရှာခိုင်းတာပေါ့. . .

လွှာ့ကို ခွင့်လွှတ်ပါ မေမေ။ ဖေဖေ့ရဲ့မလိမ္မာမှုတွေကြောင့် မေမေ့ပစ္စည်းတွေ မသူတော်လက်ထဲ ရောက်သွားရပြီ။ လွှာ အကာအကွယ်မပေးနိုင်တဲ့အတွက် ခွင့်လွှတ်ပါတော့ မေမေရယ်. .

* * *

ဖေဖေနှင့်စန္ဒီတို့ ဒီနေ့ ခရီးထွက်သွားကြသည်။ ဘာအကြံအစည်နှင့် စန္ဒီလိုက်သွားမှန်း မသိပေမယ့် တစ်ခုခုတော့ သူ ကြံစည်ခဲ့ပါလိမ့်မည်။

လွှာ ဒီအိမ်ကြီးမှာ နေနေရတာ ဘာမှအဓိပ္ပာယ်မရှိတော့ပါ။ တစ်နေ့တခြား စိတ်သောကတွေဖိစီး၍ မွန်းကျပ်လှောင်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လှပါပြီ။

ဒီညတော့ လွှာ အိပ်ပျော်တော့မည် မဟုတ်။

ဒေါ်စန္ဒီ၏ရန်ကို သတိကြီးစွာထား၍ ကာကွယ်မှဖြစ်မည်။

ပွင့်လွှာ ကြိုသိနေခဲ့သည်။ ဘာကိုစိုးရိမ်နေမှန်း မသိပေမယ့် အန္တရာယ်တစ်ခုခု ကျရောက်တော့မည်ဟု. . လုံး၀ ယုံကြည်နေ၏။

'မောင်လေး. . ဒီည မမ မောင်လေးကုတင်မှာ လာအိပ်မယ်နော်'

'ဟေး. . .'

ညီလင်းထင်လေး အပျော်လွန်ကာ ထခုန်လေသည်။

'ညီ့ကို ပုံတွေအများကြီး ပြောပြနော်'

'ပြောပြမှာပေါ့ မောင်လေးရယ်'

လွှာ့ကုတင်ပေါ်တွင် ဖက်လုံးကို စောင်ခြုံပေး၍ လူအိပ်နေသည့်နှယ် ဖန်တီးထားခဲ့သည်။ တုတ်ခိုင်သော သစ်သားတုတ်တစ်ချောင်းကို ရှာ၍ မောင်လေး၏မွေ့ရာအောက်တွင် လွှာ ဝှက်ထား၏။

ထိုနောက် အခန်းတံခါးကို သေချာပိတ်သည်။

အခန်းမီးကိုပိတ်ကာ အမှောင်ချထားလိုက်၏။





လွှာ့စိတ်တွေ ချောက်ချားနေခဲ့သည်။

မောင်လေး အိပ်ပျော်သွားတော့ အားငယ်စိတ်တွေ အလိုလိုဝင်လာ၏။

အရင်နေ့တွေကထက် လွှာပို၍ တုန်လှုပ်နေမိသည်။ ဒီနေ့ ဖေဖေ အိမ်မှာ မရှိပါ။

လွှာနှင့် မောင်လေးမှာ အားကိုးရာမဲ့နေပါသည်။

ညဉ့်ဦးယံ ရောက်လာခဲ့ပြီ။ ပြတင်းပေါက်မှဝင်လာသော လရောင်ကြောင့် လူလုံးကွဲရုံ မြင်သာနေသည်။

ခြေသံ. . . လွှာ ကြားနေရသည်။

လွှာ သေချာနားစိုက်ထောင်မိသည်။ ကြောက်စိတ်ကြောင့် ချွေးစေးများပင် ပြန်လာသည်။

တိုးဖွသော ခြေသံက လွှာတို့ အခန်းရှေ့မှာ ရပ်တန့်သွားသည်။

အန္တရာယ်က လွှာတို့နှင့်လက်တစ်ကမ်းအကွာမှာ ရောက်နေခဲ့ပြီ။ မောင်လေးအတွက် လွှာ အသက်ပေးပြီး ကာကွယ်ရမည်။

လွှာ စိတ်ကို ဒုန်းဒုန်းချ၍ မွေ့ရာအောက်မှတုတ်ကို ဆွဲထုတ်လိုက်သည်။

အခန်းတံခါးကို လာဖွင့်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လွှာ တံခါးထောင့်မှာရပ်၍ ရန်သူကိုစောင့်နေ၏။

မကြာပါ. . တံခါးပွင့်သွားပြီးနောက် အရိပ်မည်းမည်းကြီးက လွှာ့ကုတင်သို့ဦးတည်၍ တရွေ့ရွေ့သွားနေသည်။

ထိုနောက်. .

လက်ထဲမှဓားဖြင့် အားကုန်ထိုးစိုက်လိုက်၏။

လွှာ တဒင်္ဂတော့ ကြောင်ပြီး ရပ်နေမိသည်။ ပြီးမှ အသိပြန်ဝင်လာကာ ထိုသူ့ဆီသို့ ပြေးသွား၍ လက်ထဲမှတုတ်ဖြင့် အားကုန်လွှဲ၍ ရိုက်လိုက်မိသည်။

သွေးတွေက ဖြာခနဲ။ လွှာကြောက်ကြောက်လန့်လန့်ဖြင့် နောက်တစ်ချက် ထပ်ရိုက်လိုက်သည်။ ထိုသူ ခွေခနဲလဲကျသွား၏။

သွေးအေးသွားသောအခါ လွှာ အလွန်အမင်းကြောက်ရွံ့သွားပြီးနောက် လက်ထဲမှတုတ်ကို လွှတ်ချလိုက်သည်။

လွှာရိုက်လိုက်သောသူက တုတ်တုတ်မှမလှုပ်တော့။ သေများသွားပြီလား. .

ငါ. . ငါ ဘာလုပ်ရမလဲ. .

ငါ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး။

ဟုတ်တယ်၊ မောင်လေးကိုခေါ်ပြီး ငါထွက်ပြေးမှဖြစ်မယ်။

'မောင်လေး. . မောင်လေး'





ညီလင်းထင်က အိပ်မှုန်စုံမွှားလေးဖြင့် လူးလဲ၍ ထလာ၏။ ထိုနောက် လဲကျနေသောလူစိမ်းကို တွေ့သဖြင့် လန့်၍အော်မည် ပြု၏။

လွှာက မောင်လေးပါးစပ်ကို အချိန်မီလှမ်းပိတ်လိုက်ရင်း

'မောင်လေး. . ဒီမှာ ရန်သူရှိတယ်၊ မမတို့ ဒီမှာနေလို့မဖြစ်တော့ဘူး'

ညီလင်းထင်လေးက နားလည် သဘောပေါက်ဟန်ဖြင့်. . ခေါင်းလေးညိတ်ပြလေသည်။

လွှာ အိတ်တစ်လုံးယူ၍ သူမမှတ်ပုံတင်နှင့်အဝတ်အစားများ၊ မောင်လေး၏အဝတ်အစားများကို ထိုးသိပ်ထည့်လိုက်သည်။

'မောင်လေး. . လာ၊ ဒီအနွေးထည်လေး ဝတ်ထား'

လွှာက စာကြည့်စားပွဲပေါ်မှစာအုပ်များကို သံယောဇဉ်မကုန်စွာတစ်ချက်လှမ်းကြည့်ပြီးနောက် ဥပေက္ခာပြုလိုက်ရပါသည်။

သူမ. . မောင်လေးလက်ကို မြဲမြံစွာ ဆုပ်ကိုင်လိုက်၏။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၅

ညသည် ပိန်းပိတ်အောင် မှောင်နေသည်။ ကြောက်စရာကောင်းသော ဤအိမ်ကြီးမှ တဒင်္ဂလေးပဲဖြစ်ဖြစ် လွတ်မြောက်ခွင့်ရဖို့အရေး ခြေဦးတည့်ရာသို့ ပင်ပန်းကြီးစွာ ပြေးလွှားနေရသည်။

ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း မသိသလို၊ ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိပါ။

မောင်လေး အသက်ရှူသံက ပို၍ပြင်းထန်လာသည်။

အသက်ကို ဝအောင်လု၍ရှူနေရသဖြင့် မောဟိုက်ပင်ပန်းနေလေသည်။ ကလေးငယ်လေးကို မဆိုထားနှင့်။ သူမကိုယ်၌က ဟောဟဲရှိုက်၍ မောပန်းလှပါပြီ။

တစ်နေရာအရောက်တွင် ကင်းတဲဆီမှ သံချောင်းခေါက်သံ သုံးချက်ကို ပီသစွာ ကြားလိုက်ရသည်။





လွှာ အားတက်လာမိသည်။ ထို့အတူ စိတ်ကို လျှော့ချလိုက်သဖြင့် ရုပ်မဆောင်နိုင်တော့ဘဲ အရုပ်ကြိုးပြတ်ထိုင်ချလိုက်မိသည်။

'မမ. . ညီ မပြေးနိုင်တော့ဘူး'

လွှာ မောင်လေးကို ကရုဏာသက်စွာ ကြည့်မိသည်။ ထိုစဉ်ခဏဝယ် ဆောင်းလေအေးက ဝှေ့ယမ်း၍ နွမ်းနယ်မှုကို ဖြေသိမ့်ပေးရှာသည်။

'မောင်လေး မောနေရင် မမ ချီသွားမှာပေါ့၊ဒီမှာ ခဏနားပြီး ဘယ်သွားရမလဲဆိုတာ စဉ်းစားနေတာ'

'ညီ့ကိုယ်က အလေးကြီး. . မမ ချီသွားရင် မောနေမှာပေါ့'

'သိတတ်လိုက်တာ မောင်လေးရယ်၊ ဒီကမ္ဘာပေါ်မှာ မမအချစ်ဆုံးက မောင်လေးပဲ၊မမအတွယ်တာဆုံးကလည်း မောင်လေးပါပဲကွယ်'

လွှာက မောင်လေး၏အနွေးထည်အကျႌလေးကို ဆွဲစေ့ပေးလိုက်ပြီး မိမိရင်ခွင်ထဲသို့ သွင်း၍နွေးထွေးစေပါသည်။

မောင်လေးဆီမှရရှိသောအနွေးဓာတ်လေးက လွှာ့အတွက်အားဆေးတစ်ခွက်ပင်။ လမ်းပျောက်နေတဲ့ ခရီးကြမ်းကို တိုးဝင်ရဲတဲ့သတ္တိတွေ အလိုလိုရှိလာရသည်။ * * *



www.burmeseclassic.com

www.burmeseclassic.com



မဟူရာကောင်းကင်ကြီးမှသည် နီစွေးစွေးရောင်ခြည်လေး သန်းလာချေပြီ။

လွှာ ဘယ်နေရာ ရောက်နေပါလိမ့်။ လူနေအိမ်ခြေနည်းပါးသည့် ဒီနေရာဟာ မြို့တွင်းတော့ မဖြစ်နိုင်တော့ပါ။

လွှာ မောင်လေးကို သနားသဖြင့် မှတ်တိုင်တစ်ခုတွင်တွေ့ရာကားကို စီးခဲ့မိသည်။ ထိုကားက လွှာတို့ကိုချထားခဲ့ပြီး ဆက်လက်ထွက်ခွာသွားပေပြီ။

ဘတ်စ်ကားမစီးဖူးသော လွှာက ယောင်နနလေးဖြင့် ကျန်ရစ်ခဲ့၏။

လွှာက အနီးရှိ ဦးလေးကြီးအား

'အဘ. . သမီးတို့ကို ဒီမှာ ဘာလို့ဆင်းခိုင်းတာလဲဟင်'

ဟု နားမလည်စွာဖြင့်မေးကြည့်၏။ ထိုလူကြီးက လွှာ့အားတအံ့တဩဖြင့် ပြန်ကြည့်၍

'ဒီမှာ ဂိတ်ဆုံးနေပြီကွယ့်၊ သမီး ဆက်လိုက်သွားရင် မြို့ထဲပြန်ရောက်သွားမှာပေါ့'

မြို့ထဲတော့ လွှာ ပြန်မသွားလိုပါ။ ဒီမြေမှဝေးရာသို့သွားရန် ရည်ရွယ်၍ထွက်လာခဲ့ပြီးမှ နောက်ပြန်မလှည့်လိုတော့ပါ။





'ဒါနဲ့ အဘ. . ဒီနေရာက ဘာလဲဟင်'

'ထောက်ကြံ့လေကွယ်'

ဖြူသဲတို့ ပြော၍ လွှာ ကြားဖူးနေပါသည်။ သို့သော် တစ်ခါမှတော့ မရောက်ဖူးပါ။

'ဒါနဲ့ သမီးတို့က ဘယ်သွားကြမလို့လဲ'

'ညောင်ဦးက အဒေါ်ဆီကို သွားမလို့ပါ အဘ'

'လူကြီးတွေ မပါကြဘူးလား၊ သမီးတို့မိဘတွေရော'

လွှာတို့နှစ်ယောက်ကို အိမ်ပြေးလေးတွေ အောက်မေ့၍စူးစမ်းသလိုကြည့်ပြီး မေးခြင်းဖြစ်သည်။

'သမီးမှာ အမေမရှိတော့ပါဘူး၊ အဖေက နောက်မိန်းမနဲ့ပါ. . အဲဒီမိထွေးက သမီးတို့မောင်နှမကို နှိပ်စက်လွန်းလို့ အဒေါ်ဆီသွားမလို့ ထွက်လာခဲ့တာပါ'

'ဒုက္ခပါပဲကွယ်. . မသွားတတ် မလာတတ်နဲ့ လျှောက်သွားနေလို့ မသူတော်တွေနဲ့တွေ့ရင် မခက်ပေဘူးလားကွယ်'

'သမီးတို့ကို လမ်းညွှန်ပေးပါဦး အဘရယ်၊ ဒီကနေ ညောင်ဦးကို ဘယ်လိုသွားရသလဲဟင်'

ထိုလူကြီးက လွှာနှင့်ညီလင်းထင်ကို တစ်လှည့်စီကြည့်၍ကရုဏာသက်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့မနက် . . မန္တလေး တက်မယ့် ကားတစ်စီးစီးနဲ့ အဘ အပ်ပေးလိုက်ပါ့မယ်၊ သမီးတို့က မိတ္ထီလာရောက်ရင် ဆင်းနေခဲ့ပြီး ကားဆက်စီးသွားရမှာ'

'မိတ္ထီလာဆိုတာ ဘယ်လိုမျိုးလဲ မသိဘူး'

'ရေကန်ကြီးကို တွေ့ရလိမ့်မယ်၊မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါဆိုတာ သမီးကြားဖူးမှာပါ'

'သိပြီ အဘ . . သမီး သိပြီ၊ မောင်လေးရေ . . မိတ္ထီလာကန်ကြီး မြင်ဖူးရတော့မယ်နော်'

'တကယ်လားဟင်'

'တကယ်ပေါ့ မောင်လေးရဲ့'

'ဟေး . .'

လွှာ မောင်လေးကို ကြည်နူးစွာကြည့်နေမိသည်။ အိမ်မှာ နေစဉ်က ငေးငိုင်တွေဝေနေတတ်သော မောင်လေးက ယခုကျတော့ လန်းဆန်းတက်ကြွလျက် လှောင်ချိုင့်ထဲမှလွတ်လာသော ငှက်ကလေးပမာ။

'သမီးတို့ကို ကူညီတဲ့အတွက် . . ကျေးဇူးအများကြီးတင်ပါတယ် အဘရယ်'

'မလိုပါဘူး သမီးရယ် . . တို့ဗမာလူမျိုးတွေဟာ ရှေးပဝေ





သဏီကတည်းက ရိုင်းပင်းကူညီတတ်ကြပါတယ်ကွယ် . . ကိုင်း . . လာကြ၊ ဟိုး . . လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး ကားကြုံ စောင့်ကြရအောင်'

ဗိုက်ဆာနေပြီဖြစ်သော လွှာ့မောင်လေးက ခုန့်ကာပေါက်ကာဖြင့် လိုက်သွားလေသည်။

'သမီးနဲ့သားတို့ ကြိုက်တာမှာစားကြ၊ အဘ ဒါနပြုလိုက်မယ် . . ဟုတ်ပြီလား'

အပြင်လောကအတွင်းသို့ စတင်ဝင်ရောက်ချိန်၌ သူတော်ကောင်းနှင့်တွေ့ရသဖြင့် လွှာ အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါ၏။

အားနာတတ်သော လွှာက လက်ဖက်ရည် တစ်ခွက်သာ သောက်သည်။ သို့သော် မောင်လေးကတော့ ကလေးပီပီ ချကျွေးသမျှကို အကုန်စားနေသဖြင့် လွှာက ဟန့်တားယူရသည်။

'မောင်လေး . . တော်ပြီလေကွယ်၊ အဘကို အားနာစရာ'

'ဒါနပြုတယ်ဆိုမှတော့ သမီးတို့က ဗိုက်ပြည့်အောင် စားမှ ပိုပြီး ဒါနမြောက်မှာပေါ့'

လက်ဖက်ရည်ဆိုင်ထဲတွင် တဖြည်းဖြည်းလူစုံလာ၏။ လွှာတို့အား တွေ့ရာကားဖြင့် မထည့်ပေးရဲသဖြင့် အချိန်ကုန်ခံပြီး စိတ်ရှည်ရှည်ဖြင့် စောင့်ပေးနေသော အဘကို လွှာ အလွန်ပင် ကြည်ညို



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

အထူးသဖြင့်ကတော့ အပျိုဖြန်းမလေးလွှာ့ကို သူ စိတ်မချ၍ပင် ဖြစ်သည်။ လွှာတို့ ကံကောင်းချင်၍လားတော့ မသိပါ။ လူတစ်ယောက် ထိုအဘကို လာ၍နှုတ်ဆက်၏။

'ဦးပြည့်စုံ. . မြေးတွေနဲ့လာတာလား'

'ဟာ. . ကိုလှမြိုင်ပါလား'

'ဟုတ်ပါတယ်ဗျာ. . ကျုပ် အခု တောင်ကြီးတက်မလို့ဗျ'

'အတော်ပဲဗျာ... ဟောဒီကျုပ်မြေးတွေက ညောင်ဦးသွားမှာ. . ခင်ဗျားပဲ အပူကပ်ရမှာပဲဗျို့၊ သူတို့ကို မိတ္ထီလာရောက်ရင် ကားပြောင်းပြီး တင်ပေးစမ်းပါဗျာ'

'ဖြစ်ပါတယ်ဗျာ. . ဘာမှအပန်းကြီးသွားတာမှမဟုတ်တာကဲ. . လာ. . သွားကြရအောင်'

ဘုရားသိကြား မ,တာပါပဲ။ လွှာ ကျေးဇူးရှင်တွေကို စိတ်ထဲမှ ဦးညွှတ်၍ ကန်တော့မိပါသည်။

ယခုအချိန်အထိတော့ လွှာတို့မောင်နှမမှာ ဘာအခက်အခဲမှမရှိသေးပါ။

လောကကြီးက တယ်လည်း အပြောင်းအလဲမြန်ပါလား။ မနေ့ညက ချောက်ချားတုန်လှုပ်ဖွယ်ကောင်းသော အိမ်ကြီးထဲမှာ





ရှိနေခဲ့၏။ မနက်လင်းတော့ ကုန်ကားကြီးတစ်စီးပေါ်မှာ ရောက်နေခဲ့ပြီ။ အတိအကျဆိုပါလျှင် အဝေးပြေးကားလမ်းမကြီးရဲ့တစ်နေရာမှာပေါ့။

နေရောင်က မတောက်ပသေးပါ။ နေခြည်နုလေးတွေရဲ့နှုတ်ခွန်းဆက်သမှုနှင့်ထပ်တူ လေနုလေးတွေက တဖြူးဖြူးတသုန်သုန်ဖြင့် ကလူကျီစယ်နေကြသည်မှာ စိတ်လက်ရွှင်လန်းစေလှ၏။

ကားစီးရသည်မှာ သက်သောင့်သက်သာ ရှိလှသဖြင့် ညီလင်းထင်လေးက သီချင်းများပင် ဆိုနေသေးသည်။

ကားသမားကလည်း သဘောမနော ကောင်း၍ ကလေးချစ်တတ်ပုံရသည်။မောင်လေးကို စနောက်ရင်း ရယ်စရာများလည်း ပြောတတ်၏။ စကားတပြောပြောဖြင့် တစ်မြို့ပြီးတစ်မြို့ ဖြတ်ကျော်လာခဲ့လေသည်။

'ဦးဦး. . ဒီလောက်ခရီးအရှည်ကြီးကို တစ်ယောက်တည်းသွားရတာ ပျင်းစရာကြီးနေမှာပဲနော်'

'ဒါပေါ့ သမီးရယ်. . ဝမ်းရေးက ရှိသေးတာမို့ ဒီလိုပဲ ရုန်းကန်ရတာပေါ့'

ဪ. . သူတို့တွေရဲ့ဘဝက ပင်ပန်းလိုက်တာ. .

လွှာ ဖေဖေ့ကို သတိရမိသည်။ ဖေဖေကျပြန်တော့ ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းနည်းဖြင့် ငွေရှာ၏။

ငွေကို လွယ်လွယ်နှင့် ရတော့လည်း တန်ဖိုးကို နားမလည်တော့ပါလား။

ဒီတစ်သက်တော့. . ပြန်ဆုံခွင့် ရှိပါဦးတော့မလား ဖေဖေရယ်. . .

အချိန်တွေ ကြာလာတဲ့အခါ ဖေဖေ လွှာတို့ကို သတိမှရပါဦးမလား. .

လွှာ ဆုတောင်းနေပါတယ် ဖေဖေ. . လွှာ ဖေဖေ့ကို ပြန်တွေ့တဲ့အချိန်မှာ ဖေဖေ လိမ္မာနေပါစေနော်. .

လွှာ ငေးငိုင်နေတာတွေ့တော့ ဦးလှမြိုင်က ပျော်ထော်ဆက်လေသည်။

'သားနဲ့သမီး. . ဦးတို့အိမ်နားမှာ ထွန်းအေးအိမ်က ဗိုလ်ရှိတယ် သိလား'

'ဟင်. . သမီးသိတာ ထွန်းအိန္ဒြာဗိုပါ၊ သူက အဆိုတော်မင်းသမီးလေ'

'ဟုတ်တယ်. . ရွှေနန်းတော်ကြော်ငြာထဲက မမလေ၊ သူက ဦးတို့အိမ်နားမှာရှိလို့လား'

'ဟား. . . ဟား. . . ဟား. . အတွေးတွေ ချော်ကုန်ကြပြီ





မဟုတ်လား၊ ဒီလိုကွယ့်. . အဲဒီကောင်မလေးက ဦးထွန်းအေးရဲ့မြေးလေးပေါ့. . တစ်အိမ်လုံးမှာ သူက ဗိုလ်ကျလွန်းလို့ ထွန်းအေးအိမ်က ဗိုလ်လို့ ခေါ်ကြတာ'

ပွင့်လွှာ ပြုံးရယ်လာပြီး

'ရှာရှာကြံကြံ ဦးရယ်'

ညီလင်းထင်က ဘာကို သဘောကျသည် မသိ။ တဟားဟားဖြင့် အံတောမသတ်နိုင်အောင် ရယ်နေလေသည်။ မောင်လေးရဲ့အပြစ်ကင်းတဲ့ရယ်သံလေးကို မမ တစ်သက်လုံးကြားသွားပါရစေကွယ်. . .

သပ်သပ်ရပ်ရပ်ရှိသောထမင်းဆိုင်လေးရှေ့တွင် ဦးလှမြိုင်က ကားကိုထိုးရပ်လိုက်သည်။ ထမင်းစားချိန်ရောက်နေမှ ပဲ. . လွှာ ပိုက်ဆံအိတ်လေးကို ဖွင့်ကြည့်မိသည်။

တစ်ထောင်ခန့်ရှိမည့် ငွေစက္ကူအရောလေးတွေက သူမကို လှောင်ပြောင်နေကြသည်။

ညောင်ဦးကို ရောက်ပါ့မလား. . လွှာတို့ကို ကယ်ပါဦး မေမေရယ်. . မေမေ လွှာတို့ကို လိုက်ပြီး စောင့်ရှောက်နေတယ်ဆိုတာ လွှာ အကြွင်းမဲ့ယုံပါတယ် မေမေ. .

'ထမင်းစားမယ်. . ဆင်းကြလေ'



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမြိုင်က ခေါ်ပေမယ့်. . . မောင်လေးက ကားပေါ်မှ မဆင်းရဲပါ။ အစ်မဖြစ်သူကို မျက်နှာငယ်လေးနှင့် လှမ်းကြည့်နေတာကိုက သူ ဘယ်လောက်ဗိုက်ဆာနေတယ်ဆိုတာ သိသာစေပါသည်။

'မောင်လေး. . ဆင်းလေ'

'မမလည်း ဆင်းနော်. .'

လွှာက ခေါင်းညိတ်ပြလိုက်သောအခါ ညီလင်းထင်က ခုန်ပေါက်၍ဆင်းသွားလေသည်။

စားပွဲထိုးလေးက ဦးလှမြိုင်ကို သိနေပုံရသည်။ ခုံတွင်ထိုင်ရုံဖြင့် ဟင်းပွဲကို အသင့်ချစေပါသည်။

'ဒီက ဆရာအတွက် ပုစွန်ထုပ်ဆီပြန်တစ်ပွဲ၊ လိုက်ပွဲပါချမယ်ဟော့. . ညီမလေးတို့ရော ဘာသုံးဆောင်မလဲခင်ဗျ'

စားပွဲထိုးလေးက ဟင်းအမည်များကို အဆက်မပြတ်ရွတ်ပြသည်။

ထိုအထဲမှ မောင်လေးအကြိုက်ဆုံးဟင်းတစ်ပွဲကို ရွေး၍မှာလိုက်သည်။

'ကြက်အသည်းအမြစ်တစ်ပွဲပေးပါ'

သူမဗိုက်ထဲမှ တဂွီဂွီဖြင့် ဆန္ဒပြနေပေပြီ။ သို့သော် မမှာရဲ





ပါ။ ငါးသလောက်ဟင်းဆို အသေကြိုက်သော ပွင့်လွှာက ငွေမလောက်မည်စိုးသဖြင့် တံတွေးကို ပြန်ပြန်မျိုချရင်း လျစ်လျူရှုလိုက်ရပါသည်။

'မောင်လေး. . စားလို့ကောင်းရဲ့လားဟင်'

မောင်လေးကို ထမင်းခွဲ့ပေးရင်း လွှာက မေးလိုက်သည်။ ပလုတ်ပလောင်းစားနေသောမောင်လေးက ခေါင်းကိုသာ တွင်တွင်ညိတ်ပြလေသည်။

လွှာ ဗိုက်ပြည့်သွားပါပြီတည်း။

'သမီးက ဘာဖြစ်လို့မစားတာလဲကွယ့်၊ ဟင်းမှာလိုက်လေ'

'နေပါစေ ဦးရယ်. . လွှာက ကားစီးရင် မူးပြီး အန်မှာစိုးလို့ပါ'

'ဟာ. . ဒီလိုနေလို့ မဖြစ်ဘူးလေ၊ ခရီးက အဝေးကြီးကျန်သေးတာ၊ အစာမရှိတော့ ပိုဆိုးမှာပေါ့'

'လွှာ သိပ်လည်း မဆာသေးလို့ပါ၊ ဒီနားမှာ မုန့်တစ်ခုခုဝယ်သွားပြီး ဆာမှစားလိုက်ပါ့မယ်'

မုသားမဆိုဖူးသော လွှာက ဟန်ဆောင်ကောင်းစွာ ပိပိရိရိလေး လိမ်လိုက်ရပါပြီ။

'သမီး အန်တတ်ရင် ဟိုကွမ်းယာဆိုင်မှာ B6 သွားဝယ့်



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ပါလား'

လွှာက ပြုံးပြုံးရောသဘောဖြင့် ဟုတ်ကဲ့ လိုက်,လိုက်သည်။ ထို့နောက် ဆိုင်ထောင့်မှရေအိုးစင်တွင် ရေအဝသောက်ပြီး ဦးလှမြိုင် ညွှန်ပြသည့် ကွမ်းယာဆိုင်မှ ဘီစကစ်မုန့်လေးတစ်ထုပ်ဝယ်စားကာ ဝမ်းမီးကို ငြိမ်းသတ်ရလေသည်။

မောင်လေးအတွက် အနစ်နာခံမည့်စိတ်သည် ငယ်စဉ်ကပင် လွှာ့ဦးနှောက်ထဲ၌ အမြစ်တွယ်ပြီးသား ဖြစ်လေသည်။

* * *

သူရိန်နေမင်းကြီးသည် သူပိုင်ဆိုင်သည့်အလင်းရောင်များကို တစ်စပြီးတစ်စ ပြန်၍ ရုတ်သိမ်းပြီးနောက် ဆည်းဆာတည်းဟူသော ပညတ်ချက်တစ်ခုကို ဖန်တီးပေးလေသည်။

'မိတ္ထီလာမြို့'

လွှာနှုတ်ဖျားမှ တိုးဖွသောအသံလေး ထွက်ပေါ်လာသည်။ ဒါဟာ လွှာတို့ဆင်းရမယ့် မြို့ကြီးပါလား။

'သားလေး. . ဟိုးမှာ ကြည့်လိုက်စမ်း၊ ကန်ကြီးတွေ့လား . . သမီးရော တွေ့ရဲ့လား'





လှလိုက်တာ. .

ဆည်းဆာရဲ့ညိုမှိုင်းဖျော့တဲ့ရောင်ခြည်လေးအောက်မှာ ငြိမ်သက်နေသော ရေပြင်လေးက ညင်သာစွာ လှုပ်ခြေရှိနေသဖြင့် ကြည့်ရတာ ကြည်နူးဖွယ်ကောင်းလှသည်။

'မောင်လေးရေ. . မိတ္ထီလာကန်တော်အောက်က. .'

'ဖားကောက်ခဲ့ပါ. . ဟား. . ဟား. . ဟား'

ညီလင်းထင်လေး အလွန်ပျော်နေရှာသည်. . . သူကလေး မပျော်နိုင်ခဲ့တာ ကြာပါပေါ့။

'ကဲ. . ကဲ. . ဝအောင် ကြည့်ထားကြ၊ ပြီးရင် သမီးတို့ကို ပုဂံညောင်ဦးသွားမယ့်ကားနဲ့ ပြောင်းထည့်ပေးမယ်'

'ဦးဦး. . သားနဲ့မမကို ဦးကားကြီးနဲ့ ခေါ်သွားပါလားဟင် . . သား သိပ်ပျော်တာပဲ'

မေတ္တာငတ်နေရှာသူလေးမို့ တခဏလေးတွေ့ရသူကိုပင် စွဲစွဲလမ်းလမ်းခင်နေရှာသော မောင်လေးကို လွှာ မနည်းဖျောင်းဖျယူရသည်။

ဦးလှမြိုင်လည်း မျက်နှာမကောင်းတော့။ သို့ပေမယ့် လွှာတို့တစ်သက် နာယူမှတ်သားဖွယ်ကောင်းသောစကားလေးတစ်ခွန်းကိုဖြင့် စိတ်မကောင်းသည့်ကြားထဲမှ ပြောခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားနဲ့သမီးကို ဦးဦး ခင်တွယ်သံယောဇဉ်ဖြစ်ရပါတယ်၊ ဒါပေမယ့် ဦးဦးတို့ ဒီနေ့တွေ့ဆုံရခြင်းဟာ နောင်တစ်နေ့ကျ ခွဲခွာရဖို့ပဲ မဟုတ်လား. . ဘယ်အရာမှ မမြဲဘူးဆိုတာ သမီးတို့နားလည်ထားရမယ်. . အထူးသဖြင့် သမီးလေးကို ပြောချင်တာ၊ ဘာလို့ဆိုခုလိုအချိန်မှာ သမီးဟာ မောင်လေးအတွက် အဖေဆိုလည်း ဟုတ်တယ်၊ အမေဆိုလည်း ဟုတ်တယ်၊ သမီးမောင်လေးဟာ ကင်းဗတ်စ ဆိုရင် သမီးလက်ချောင်းတွေက စုတ်တံဖြစ်နေရမယ်. . မောင်လေးအတွက် လှပတဲ့ အရုပ်ပန်းချီကားတွေ ရေးပေးရမယ်. . ဟုတ်ရဲ့လား'

'ဟုတ်ပါတယ် ဦးဦးရယ်. . လွှာ တစ်သက်လုံးမှတ်သွားပါ့မယ်. . ဦးဦးရဲ့ကျေးဇူးတွေကို လွှာ အမြဲအောက်မေ့နေပါ့မယ်'

နေဝင်ဖျိုးဖျအမှောင်ရောက်စအချိန်တွင် ဦးလှမြိုင်နှင့်ခွဲခွာပြီး ဒေါ်ကြီးမိရှိရာ ညောင်ဦးမြို့ဆီသို့သွားမည့် ကားတစ်စီးပေါ်တွင် ရောက်နေရပြန်ပါသည်။

ညဆယ်နာရီခန့်တွင် ညောင်ဦးသို့ရောက်သည်။ ဤတွင်ပြဿနာက စချေသည်။

မှောင်နှင့်မည်းမည်းတွင် ရွှေဂျိုးဖြူဆေးလိပ်ခုံကို ဘယ်လိုရှာရမှန်းမသိသဖြင့် လွှာက မောင်လေးလက်ကိုဆွဲကာ ယောင်





ချာချာလေးဖြစ်နေခဲ့သည်။

ထိုအချိန်တွင် လူသွားလူလာကလည်း ပြတ်တောက်နည်းပါး၍ မရှိသလောက်ဖြစ်နေသည်။

ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်လှသော ဘုရားကြီးကို လွှာ ဖူးတွေ့လိုက်ရတယ်ဆိုရင်ပဲ ရင်ထဲတွင် ပေါ်နေသောအားငယ်စိတ်များက ဟိုးအဝေးဆီသို့ ထွက်ပြေးပျောက်ကွယ်သွားတော့၏။

'မောင်လေး. . လာ. . . မမတို့ အဲဒီဘုရားကြီး သွားဖူးကြရအောင်'

'မမ. . ညီအိပ်ချင်တယ်'

လွှာ သက်ပြင်းလေး မသိမသာ ချမိသည်။ ဒီအချိန်ကျမှ ဒေါ်ကြီးမိကိုလည်း ရှာ၍တွေ့နိုင်မည် မဟုတ်တော့။ ယခုမှရောက်ဖူးသည့်နယ်မြေအသစ်တွင် အရာရာသည် အစိမ်းသက်သက်သာ ဖြစ်နေခဲ့သည်။

ထိုသပ္ပာယ်လှသော ဘုရားကြီးကိုပင် 'ရွှေစည်းခုံစေတီတော်'ဟူ၍ လွှာ မသိခဲ့ရိုးအမှန်ပါ။

'မမတို့ ဘုရားပေါ်မှာ သွားဆုတောင်းကြမယ်လေနော်. . ဒေါ်ကြီးမိကို မြန်မြန်တွေ့ရင် မောင်လေး အိပ်ရမှာပေါ့'

အတောင်အလက်မစုံလင်သေးသောအချိန်တွင် အသိုက်



www.burmeseclassic.com

www.burmeseclassic.com



အမြဲကို ခွာခဲ့ရရှာသော ငှက်ကလေးနှစ်ကောင်လိုပင်။

ရွှေစည်းခုံစေတီတော်ကြီးအား လွှာ အားပါးတရ ဖူးမြော်ပြီး ဆုတွေတောင်းသည်။

ထိုအချိန်တွင် ညီလင်းထင်လေးက သူမပေါင်ပေါ်၌ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပြီဖြစ်သည်။

'ကလေးတွေ အိမ်မပြန်ကြသေးဘူးလား၊ ညဥ့်နက်လှပြီကွယ့်၊ ဟင်. . ဟိုကလေးက အိပ်ပျော်နေပါလား'

ဂေါပကလူကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး အံ့ဩနေပုံရသည်။ မောင်လေးက ဆာလောင်မွတ်သိပ်စွာဖြင့် ခြေကုန်လက်ပန်းကျကာ အိပ်ပျော်သွားခဲ့သည်။

'ဘဘ. . သမီးတို့ကို ဒီစောင်းတန်းမှာ တစ်ညပေးအိပ်လို့မရဘူးလားရှင်. . သမီးမောင်လေးက သိပ်ပြီး နွမ်းနေလို့ပါ'

'သမီးတို့ကြည့်ရတာ ဒီက မဟုတ်ဘူးနဲ့တူတယ်. . ဘယ်က လာကြတာလဲကွယ့်'

'ရန်ကုန်ကပါ ဘဘ၊ သမီးတို့ ဒီမှာ အသိတစ်ယောက်ကို လာရှာတာပါ။ သိပ်မိုးချုပ်နေတော့ အခက်အခဲဖြစ်နေလို့ ဒီတစ်ညလေးတော့ ကူညီပါနော်'

'အေးပေါ့ကွယ်. . ဒုက္ခရောက်နေတဲ့သူကို ကူညီကောင်း





ပါတယ်၊ သမီးတို့သင့်တော်မယ့်နေရာမှာ အိပ်ကြ. . ဟုတ်ပြီလား၊ မနက်ဖြန် သမီးရှာတဲ့လူကို မတွေ့ရင်ပြော. . ဘဘတို့ ကူပြီး ရှာပေးပါ့မယ်'

'ကျေးဇူးကြီးလှပါတယ် ဘဘရယ်'

ရှင်တော်မြတ်ဘုရား၏ စောင့်ရှောက်မှုကြောင့် လွှာတို့ မောင်နှမနှစ်ယောက်အား ကူညီမည့်သူပေါ်ခြင်းဖြစ်သည်ဟု သူမက ခံယူကာ ဦးသုံးကြိမ်ချ၍ ကန်တော့ပြန်ပါသည်။

ထိုညသည် လွှာ့ဘဝ တစ်သက်တာတွင် မမေ့နိုင်ဆုံးနှင့် အအေးမြဆုံးညတစ်ည ဖြစ်ခဲ့ပါသည်။ အရှင်ဘုရား၏ရင်ငွေ့တော်ကိုခိုလှုံ၍ ငြိမ်းချမ်းစွာ အိပ်စက်ခဲ့ရဖူးသည်ကို လွှာ ဘယ်တော့မှ မေ့တော့မည် မဟုတ်ပါ။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၆

'မောင်လေး. . သောက်၊ ဝအောင်သောက်နော် သိလား'

ရေချမ်းစင်လေးရှေ့တွင် ပွင့်လွှာက သူမမောင်လေးကို ရေခပ်တိုက်နေလေသည်။

'မမ. . အေးတယ်နော်'

'အေးမှာပေါ့ မောင်လေးရယ်. . လှူထားတဲ့သူတွေရဲ့ စေတနာက ဖြူစင်တာကိုး'

ရွှေစည်းခုံစေတီတော်ဟု သိလိုက်သောအခါကျမှ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းကြီးတို့၏ ပတ်သက်ဆက်နွယ်မှုကို ပြန်သတိရလာသည်။ ထို့အတူ ကြက်သီးတဖျန်းဖျန်းထလာသည်





အထိ ကြည်ညိုသဒ္ဓါဖြစ်ပြီး အားရအောင် ဖူးမျှော်ကြသည်။

ခရေပန်းနံ့ကလေးက လေအဝှေ့ဝယ် သင်းပျံ့စွာမွှေးကြိုင်လာသည်။

ညီလင်းထင်က ခရေပင်ကြီးအောက်ကို ပြေးသွားပြီး ပြန့်ကျဲနေသောခရေပွင့်လေးတွေကို လိုက်လံကောက်ယူနေသည်။ အေးမြသော ဘုရား၏အရိပ်တွင် ရောက်ရှိနေ၍ထင်သည်။ ဒေါ်ကြီးမိကို လိုက်ရှာဖို့အရေး အလျင်စလိုဖြစ်မနေတော့ပေ။ ဤသည်ကပင် ဒေါ်ကြီးမိနှင့်တွေ့ဆုံစေဖို့ ဖြစ်လာခဲ့လေသည်။

'အေးစိန်ရယ်. . မြန်မြန်လာစမ်းပါ၊ ငါ ဒီယွန်းထည်တွေသွင်းပြီးရင် ဆရာတော်ဘုရားဆီမှာ သီလယူချင်လို့'

ဒီအသံ ကြားဖူးနေသလိုပဲ. . ပွင့်လွှာ နားစိုက်၍ထောင်နေခိုက်. .

'မမိန့်ယ်. . ဒီနေ့က ဥပုသ်နေ့ဟုတ်လို့လား'

'ဟုတ်ပါတယ် အေ'

ဒေါ်ကြီးမိ အစစ်ပါပဲလား။ သူမရှာရမည့်သူကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရသည်မို့

'ဒေါ်ကြီးမိရေ. . '

ဟု ဝမ်းသာအားရဖြင့် ဟစ်ခေါ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . ပွင့်လွှာ. . သမီးလေး၊ သမီးတို့ တကယ်လိုက်လာကြတယ်နော်၊ အောင်မယ်လေး. . ဝမ်းသာလိုက်တာကွယ်၊ သမီးနဲ့သားကို ဒေါ်ကြီးမိ နေ့တိုင်းအောက်မေ့နေတာ'

ဒေါ်ကြီးမိက မျက်ရည်များရစ်ဝဲလာသည်အထိ ဝမ်းသာဝမ်းနည်း ဝေဒနာနှစ်ရပ်ကို တစ်ပြိုင်တည်းခံစားနေရရှာပေသည်။

'ဝမ်းသာလိုက်တာ ဒေါ်ကြီးမိရယ်. . လွှာဖြင့် တွေ့မှတွေ့ပါ့မလားလို့ စိုးရိမ်လိုက်ရတာလေ. . ရှင်တော်မြတ်ဘုရားရဲ့ကျေးဇူးတော်ကြောင့် ဒေါ်ကြီးမိကို မရှာဘဲနဲ့တွေ့လိုက်ရတာနော်. . လွှာတို့ကို လက်ခံမယ်မဟုတ်လားဟင်'

လွှာက မျက်နှာငယ်လေးဖြင့် သနားစဖွယ်လေး မေးလာသောအခါ

'ဘယ့်နှယ်ပြောလိုက်တာလဲ သမီးရယ်၊ လွှာနဲ့ညီ့ကို ကိုယ့်သားသမီးအရင်းလို ချစ်တာပါကွယ်. . အိမ်မှာက ဒေါ်ကြီးမိတစ်ယောက်တည်းနေရတာဆိုတော့ သမီးတို့ပြန်သွားမှာကိုပဲ စိုးရိမ်နေရမှာ၊တစ်ခုတော့ရှိတာပေ့ါလေ၊ ဒေါ်ကြီးမိက ချို့တဲ့တယ်မဟုတ်လား၊ သမီးတို့အိမ်မှာ နေသလိုစားသလိုမျိုး ထားနိုင်မှာမဟုတ်ဘူးကွယ်'

'ဘာပဲဖြစ်ဖြစ် လွှာတို့ကို လက်ခံတယ်ဆိုရင်ပဲ ကျေနပ်လှပါပြီ၊ လွှာလည်း အလုပ်လုပ်မယ်လေနော်. . ဒေါ်ကြီးမိကို ဝိုင်းကူ





ပေးမှာပေါ့'

'လိမ္မာလိုက်တဲ့ သမီးလေး. . ကဲ. . လာ. . လာကြ၊ ထမင်းစားချိန်တောင် ရောက်နေပြီ၊ အိမ်ပြန်ကြရအောင်နော်'

လွှာနှင့်ညီ့လက်ကိုဆွဲ၍ အိမ်ပြန်မည်ပြုနေသော ဒေါ်ကြီးမိကို ဒေါ်အေးစိန်က

'ဥပုသ်မစောင့်တော့ဘူးလား'

ဟု လှမ်း၍မေး၏။ ဒေါ်ကြီးမိက မတုံ့မဆိုင်းပင်

'နောက်အပတ်ထွေကျ စောင့်မှာပေါ့ဟဲ့'

'လောတုန်းက သူပဲ'

ဟု ပြော၍ ရယ်မောကျန်ရစ်ခဲ့လေသည်။

* * *

အညာနေက တဖြည်းဖြည်း ပူပြင်းလာသည်။ ပူခြစ်နေသော သဲမြေများပေါ်တွင် နင်းလျှောက်၍ ထန်းတောကြီးများကို ဖြတ်ကျော်ခဲ့ပြီးမှအိမ်ခြေများကိုတွေ့လိုက်ရသည်။ မြို့ပြမှာလို ကျပ်ညပ်ပြွတ်သိပ်၍မနေဘဲ ကျိုးတိုးကျဲတဲနိုင်စွာ တသီးတသန့်စီ သူ့ခြံသူ့ဝိုင်းဖြင့် တည်နေပုံက တစ်မူထူးခြားနေပေသည်။

'ဟော. . ဟိုမှာမြင်နေရတာ ဒေါ်ကြီးမိအိမ်ပဲကွယ့်'

'ဟေး. . ရောက်ပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးက ဒေါ်ကြီးမိညွှန်ပြရာဆီသို့ တစ်ဟုန်ထိုးပြေးသွားလေသည်။ နေပူကျဲကျဲအောက်တွင် ဖြတ်လျှောက်ခဲ့ဖူးမှ အိမ်၏အေးမြခြင်းအရိပ်ကို ပိုမိုခံစားတတ်လာသည်။ ဒေါ်ကြီးမိ၏အိမ်က သူမတို့ကို ငြိမ်းချမ်းစွာ ဆီးကြိုနေခဲ့ပါသည်။

ထိုနေ့က စားခဲ့ရသော ထမင်းတစ်နပ်သည် ပွင့်လွှာဘဝတွင် အမိဟ္ပယ်အရှိဆုံးဖြစ်သည်။ ထို့အတူ လောကရှိလူသားအားလုံးသည် ကြက်သား ဝက်သားဖြင့်ချည်း စားနိုင်ကြတာမဟုတ်ဘူးဆိုတာကိုပါ သိခွင့်ရခဲ့၏။

နီကြန်ကြန်အရောင်အဆင်းဖြင့် ခပ်မာမာထမင်းကို ငါးပိရည်ဆမ်းကာ တို့စရာအစုံအလင်ဖြင့် စားရသော်လည်း သူမ ပျော်၏။ မောင်လေးလည်း ပျော်၏။ ထမင်းကြမ်းကို ယပ်ခတ်စားစရာမလိုဘဲ ထမင်းကြမ်း စားပြီး အလိုအလျောက်အေးမြနေသောဘဝတွေလည်း ဒီလောကမှာ ရှိပါသေးလားဟု လွှာ စဉ်းစားဆင်ခြင်မိပါသည်။

လက်တွေ့ဘဝထဲသို့ ထဲထဲဝင်ဝင် ဝင်ရတော့မည့် လွှာသည် ရဲရင့်ခြင်းနှင့်အတူ တက်ကြွနေခဲ့ပါသည်။ ထိုစဉ်အချိန်တုန်းကပေါ့. . .

▲



၇

နာရီပြန်နှစ်ချက်တီး ရှိပေမယ့် လွှာ မအိပ်စက်ရသေးပါ။ ယွန်းသေတ္တာလေးပေါ်၌ ကိန္နရီ၊ ကိန္နရာရုပ်ပုံလေးတွေကို အနုစိတ်သေသပ်လှပအောင် စိတ်ပါဝင်စားစွာ ရေးဆွဲနေသည်။

ဒါမျိုး နောက်ထပ် အခုနှစ်ဆယ်လောက် သူမ ရေးဆွဲရဦးမည်။ မနက်ဖြန်အမီအပ်နိုင်ပါမှ ဒေါ်ကြီးမိအတွက် ဆေးဖိုးနှင့်အိမ်စရိတ်လေး ရရုံသာ။ တစ်စတစ်စ ဆိုးရွားလာသော ကျန်းမာရေးအခြေအနေကြောင့် ဒေါ်ကြီးမိသည် အိပ်ရာထဲလဲကာ နာတာရှည်လိုဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေကုန်ကြေးကျ မတတ်နိုင်သောကြောင့် ဆေးမြီးတိုလေးတွေဖြင့်သာ ကုသရရှာသည်။ ထို့ကြောင့်လည်း ရောဂါက အရှင်းမပျောက်ဘဲ တိုး၍တိုး၍သာ လာ၏။ ဘာရောဂါမှန်းလည်း လွှာမသိ။ ချောင်းဆိုးလျှင် အဆက်မပြတ်ဆိုးတတ်သောကြောင့် ဒေါ်ကြီးမိ ပို၍နွမ်းနယ်ရှာသည်။

'အဟွတ်. . ဟွတ်. . အဟွတ်'

ချောင်းဆိုးသံ သံရှည်ထွက်ပေါ်လာသဖြင့် လွှာအခန်းထဲသို့ အပြေးအလွှားဝင်ရောက်ခဲ့သည်။

'ဒေါ်ကြီးမိ သက်သာရဲ့လားဟင်. . ရော့. . ဒီလျက်ဆားလေး လျက်လိုက်နော်၊ ဒီမှာ ရေနွေးလေးလည်း သောက်လိုက်ပါဦး'

သူမ တတ်နိုင်သလောက် အစွမ်းကုန်ပြုစုပါသော်လည်း ရောဂါက သက်သာမလာခဲ့။

အိပ်ရေးပျက်ပေါင်းများတော့ လွှာ မကြာခဏမူး၏။ မိုက်ခနဲ ပြာခနဲ ဖြစ်ဖြစ်သွားပြီး ဘာမှကို မမြင်ချင်တော့။ စိတ်ကိုတင်းထားလို့သာ ရုပ်ဆောင်နေနိုင်ခြင်းပင်။

'ဒီအတိုင်းနေလို့ မဖြစ်တော့ပါဘူး ဒေါ်ကြီးမိရယ်၊ မနက်ဖြန် ပိုက်ဆံရလာရင် ဆေးခန်းသွားပြရအောင်နော်'

'မလို. . ပါဘူး. . သမီးရယ်. . ညီ့ကျောင်းစရိတ်အတွက်





ဖယ်ထားလိုက်ပါ. . ဒေါ်ကြီးမိ တဖြည်းဖြည်းနဲ့ ကောင်းသွားမှာပါကွယ်. . '

ကောင်းသွားမှာပါဟု ပြောနေသော်လည်း ထိုစကားကို ပြောပြီးသောအခါ လွန်စွာမှပင်ပန်းသွားပုံဖြင့် မှိန်း၍နေလေသည်။

ညီ့ကျောင်းစရိတ်ဆို၍ ပွင့်လွှာ မောင်လေးကိုလှမ်းကြည့်မိသည်။ ညဥ့်နက်သန်းခေါင်အထိ စာကျက်တတ်သော ညီက ခြေပစ်လက်ပစ် အိပ်ပျော်နေပေသည်။

သူမက ကျောင်းဆက်မနေတော့ပေမယ့် မောင်လေးကို ပညာတတ်ကြီးဖြစ်စေချင်သည့် ဆန္ဒက အကြီးမားဆုံး ဖြစ်သည်။ အနစ်နာခံ ဖြည့်ဆည်းရကျိုးနပ်အောင်လည်း မောင်လေးက စာတော်လှသည်။ အတန်းတိုင်းတွင် ပထမ သို့မဟုတ် ဒုတိယမှမဆင်းခဲ့ပါချေ။ ထိုအတွက် လွှာ အမြဲပင် ဂုဏ်ယူခဲ့ရလေသည်။

* * *

'ကြည်ရေ. . ကြည်'

အိမ်အောက်မှ အလျင်စလိုအော်ခေါ်နေသံကြောင့် ကြည်ကြည် အပြေးလေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း . . ပွင့်လွှာပါလား . . တက်လာခဲ့လေ'

လွှာ့မျက်နှာပေါ်ဝယ် ချွေးသီးချွေးပေါက်များက ခိုတွဲ၍နေလေသည်။ အိမ်ပေါ်သို့ ရောက်ပြီးနောက် လွှာက ကြည်ကြည့်အနားကပ်ကာ နှစ်ကိုယ်ကြားရုံလေသံဖြင့်

'ကြည် . . ငါ့ကို ငွေသုံးသောင်းလောက် ခဏချေးပါလား၊ ငါ အရမ်းအရေးကြီးနေလို့ပါ'

'မျက်တွင်းက ဟောက်ပက်ဖြစ်နေပြီ လွှာရယ် . . နင့်ကိုယ်နင်လည်း ဂရုစိုက်စမ်းပါဦးဟယ် . . အိပ်ချိန်လေးဘာလေး ထားဦးမှပေါ့၊ အခု ငွေလိုတာ ဒေါ်လေးအတွက်လား'

'ဟုတ်တယ် . . ဒေါ်ကြီးမိကို ဆေးရုံတင်မှ ဖြစ်တော့မယ်၊ ဆောင်းတွင်းဆို ရောဂါက ပိုပိုဆိုးလာတယ်၊ အအေးပိုလာရင် . . အသက်ရှူလို့ မဝဘဲနဲ့ ကျပ်နေတယ်လို့ပြောတယ်'

မင်းဗိုလ် အားလုံးကို ကြားနေရသည်။ သူ့ညီမအရွယ်လေးပေမယ့် လွှာနှင့်ကြည်က ဘဝချင်းမတူပါ။

လွှာ့မှာက နာတာရှည်ရောဂါသည် အဒေါ်နှင့် ကျောင်းသားအရွယ် မောင်လေးတစ်ယောက်၏တာဝန်တွေကို ခေါင်းပေါ်တင်ထားရသည်။ ရုန်းကန်ရှာဖွေရသည်။ ထို့ကြောင့် ငွေက အမြဲလိုအပ်နေတတ်၏။ ဘယ်တော့မှ လောက်ငှသည်ဟူ၍ မရှိပါ။





လွှာ့ကို ဘယ်အချိန်ကြည့်ကြည့် စီဝိုင်စီပိတ်စ ခါးတိုလက်စကလေးနှင့် ချည်သားထဘီက မတက်။ ယခုခေတ်စားနေသော ပါတိတ်နှင့်ကိုက်ဖြတ်အစဆိုတာမျိုးကိုတော့ လွှာ အိပ်မက်ပင် မက်နိုင်မည် မထင်ပါ။

သူကတော့ လွှာ့ကို ကြော့ကြော့မော့မော့လေးဖြင့် လှစေချင်လှသည်။ အပြစ်ကင်းစင်၍ ချစ်စရာကောင်းလှသော လွှာ့မျက်နှာလေးက တကယ့်ကို အရိုးခံလေးမို့ ဘာဝတ်ဝတ် လိုက်ဖက်နေပြီးမြင်သူ့ရင်ကို အေးမြစေမြဲပင်။ အထူးသဖြင့်တော့ သူ့ရင်ကိုပေါ့။

'ယောက်မရယ် . . ငါ့မှာတော့ နှစ်သောင်းလောက်ပဲ ကျန်တော့တယ်၊ နေဦး . . ငါ့အစ်ကိုဆီမှာ သွားယူပေးမယ်လေ'

'အို . . နေပါစေ ကြည်ရယ်၊နင်က ငါ့အချစ်ဆုံးသူငယ်ချင်းမို့ ငါအကူအညီတောင်းရဲတာ၊ ဒီ့ပြင်လူတော့ ထပ်ပြီး ဒုက္ခမပေးပါရစေနဲ့တော့'

လွှာ့မျက်နှာလေးက ရှက်ရိပ်ဖြင့် ရဲရဲနီနေပေပြီ။ ထိုအရှက်သည်းနေသောအမူအရာလေးကိုပင် မင်းဗိုလ်က ကြည့်မဝနိုင်ဖြစ်နေရပေသည်။ ထို့အတူ လက်ကလည်း ထရံတွင် ချိတ်ထားသော အကျီအိတ်ကပ်ထဲသို့ လှမ်းမိလျက်သားဖြစ်နေ၏။

မနေ့က သူ့ပန်းချီကားတစ်ချပ်ရောင်းလိုက်ရသည်မို့ အိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် ငွေနှစ်သောင်းရှိနေသေးသည်။

'လွှာ. . ညီမလေး'

အေးချမ်းသော အသံဖြင့် သူက ခပ်တိမ်တိမ်လေး ခေါ်လိုက်သောအခါ လွှာက မျက်လွှာလေး ပင့်၍ မဝံ့မရဲကြည့်ရှာသည်။

ကြည်က အစအနောက်သန်လွန်း၍ သူမ ကိုမင်းကို တွေ့တိုင်း မျက်နှာပူကာ ရှက်ရွံ့နေရတတ်သည်။

'ရော့. . ယူသွား'

ကိုမင်းဗိုလ်က လွှာ့လက်ထဲသို့ ပိုက်ဆံတွေကို အသာထည့်ပေးလိုက်သည်။ လွှာက အားတုံ့အားနာဖြင့် ငြင်းဆန်၏။

'နေပါစေ ကိုမင်းရယ်. . လွှာ မယူပါရစေနဲ့နော်'

'ဘာလဲ. . ပြန်မဆပ်နိုင်မှာစိုးလို့လား၊ တို့ကလည်း ငွေပြန်မလိုချင်ပါဘူးနော်. . လူပဲ လိုချင်တာ သိလား၊ ဟုတ်ဘူးလား ကိုကို'

'ညီမလေးကလဲကွာ. . ဟိုမှာ လွှာ ရှက်နေပြီ. . စကားကို ဆင်ဆင်ခြင်ခြင်ပြောမှပေါ့'

'အမယ်. . ကိုကိုက ဒီစကားပဲ ကြားချင်နေတာ မဟုတ်လား. . ဒီကဖြင့် တစ်ပြားမှမရဘဲ နားဖောက်ပေးရတာ'

သူတို့မောင်နှမနှစ်ယောက် အခြေအတင်ပြောဆိုနေကြသောစကားတွေကြောင့် လွှာ အနေရခက်လာ၏။ ထို့ကြောင့်





'ငါ. . ငါသွားတော့မယ် ကြည်'

ဟု ဆိုကာ အိမ်ပေါ်မှအပြေးလေး ဆင်းသွားတော့သည်။

ထိုအခါ ကြည်ကြည်က အစ်ကိုဖြစ်သူအား မကျေမနပ်ဖြစ်စွာ အပြစ်တင်လေသည်။

'ကိုကိုကပြောလိုက်ရင် ကန္တာရကြီးတစ်ခွဲသားနဲ့ ယောက်ျား မဟုတ်တဲ့အတိုင်းပဲ. . ဒီအတိုင်းသာ ဆက်သွားရင် ပွင့်လွှာ သူများ လက်ထဲပါမှာ သေချာတယ် သိလား'

'ငါ့ညီမ ငယ်ပါသေးတယ်ကွယ်. . ယောက်ျားကောင်းဆိုတာ မိန်းမတစ်ယောက်ကို ချစ်မြတ်နိုးရုံနဲ့မပြီးသေးဘူးကွယ့်. . သူ့ဘဝကို လှပပြည့်စုံအောင် ထားဖို့အတွက် လိုအပ်သေးတယ်၊ ကိုကို့မှာ အဲဒီအရည်အချင်းတွေ ပြည့်စုံလာတဲ့တစ်နေ့ကျမှ လွှာ့ကို ဖွင့်ပြောဖို့ ဆုံးဖြတ်ထားတယ်'

ကြည်ကြည်က ကိုမင်းကို တကယ်ပင် အားမလို အားမရဖြစ်မိသည်။ လွှာ့ကို မျက်စိကျနေသူတွေက တစ်နေ့တခြား များများလာသည်မို့ သူမက အစ်ကိုအတွက် ရတက်မအေးဖြစ်နေပေမယ့် အစ်ကို့ခံယူချက်ကလည်း ဟုတ်နေပြန်သည်။

ဖူးစာပါလာရင်တော့ ပေါင်းကြရမှာပေါ့လေ. .

▲



www.burmeseclassic.com

www.burmeseclassic.com

## ၈

ဟောင်းနွမ်းဝါကျင်နေသော သတင်းစာထဲမှ သတင်းတစ်ပုဒ်ကို လွှာ မမှိတ်မသုန်စိုက်ကြည့်နေမိသည်။ အဖေနှင့်ပတ်သက်၍ နောက်ဆုံးရသောသတင်းတစ်ပုဒ်လည်းဖြစ်သည်။ အဖေ့ရဲ့မိုက်မဲလှတဲ့ အတွေးအခေါ်နှင့် တစ်ကိုယ်ကောင်းဆန်မှုတွေက သူ့ကို ဒဏ်ပြန်ခတ်သွားခဲ့လေပြီ။

လွှာတို့မိသားစုလေးရဲ့သိုက်မြုံလေးလည်း ပြိုပျက်ခဲ့ရပြီပဲ။ အလိုရမ္မက်ကြီးလွန်းလှတဲ့ ဒေါ်စန္ဒီလည်း ဘဝပျက်သွားရပြီမို့ လွှာ ကျေနပ်သည်။ မိမိတို့မောင်နှမနှစ်ယောက်ရဲ့အသက်





ကိုပင် ချမ်းသာမပေးခဲ့သဖြင့် လွှာ စိတ်ကောင်းမမွေးနိုင်တော့ပါ။

သတင်းစာထဲတွင် ဖေဖေနှင့် ဒေါ်စန္ဒီတို့ကို ဖမ်းမိသွားသောသတင်းအပြင် မူးယစ်ဆေးဝါးများတွေ့ရှိရသဖြင့် အိမ်ကိုချိတ်ပိတ်လိုက်ကြောင်း ပါရှိလေသည်။ဓာတ်ပုံထဲမှဖေဖေ့ရုပ်သွင်က ညှိုးငယ်လွန်းလှသည်။ ဒေါ်စန္ဒီကတော့ ဆေးသုံးစွဲမှုဖြင့် အဖမ်းခံရခြင်းဖြစ်သည်။

ဒီအချိန်ဆို ထောင်ထဲမှာ ဖေဖေ နေမှကောင်းပါ့မလား။ ဘယ်လိုပဲ မကောင်းတာလုပ်လုပ်. . အဖေဟာ အဖေပဲမို့ လွှာစိတ်မကောင်းဖြစ်ရပါသည်။ ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့တဲ့ လေးနှစ်ကပေမယ့် လွှာက ယနေ့တိုင် အဖေ့အတွက် စိတ်မကောင်းဖြစ်နေဆဲပင်။

'မမ. . ဒီသတင်းကြီး ဖတ်နေပြန်ပြီလား. . ပြီးရင် မမပဲ စိတ်မကောင်းဖြစ်ဦးမယ်'

ညီလင်းထင်က အစ်မလက်ထဲမှသတင်းစာကို ဆွဲပိတ်၍

'မမကို ဝမ်းသာစရာပြောပြမယ်. . ညီ အဆင့်တစ်ရတယ် သိလား. . ဆရာမက ပြောတယ်. . ဒီအတိုင်း ဆက်ပြီးကြိုးစားရင် အတန်းတင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးထွက်နိုင်တယ်တဲ့'

'တော်လိုက်တာ မောင်လေးရယ်၊ ဆက်ကြိုးစားနော်'



www.burmeseclassic.com

www.burmeseclassic.com



လွှာ မျက်ရည်များစို့တက်လာသည်အထိ ဝမ်းသာမိသည်။ မောင်လေးအတွက် သူမ အနစ်နာခံရကျိုး နပ်ပါပေသည်။

'ညီကြိုးစားမယ် သိလား. . ဆရာဝန်ဖြစ်အောင် လုပ်မယ်၊ မမကို လုပ်ကျွေးမယ်နော်. . ဟိုးဝေးလံခေါင်ဖျားတဲ့ အရပ်ဒေသတွေဆီမှာ ဆေးသွားကုပေးမယ်၊ မမက ညီ့နောက်ကိုလိုက်ခဲ့ရမှာနော်. . ညီ မမကို မိဘနေရာမှာထားပြီး ပြုစုပါရစေ'

လွှာ့ရင်ထဲ ဘယ်လိုခံစားရမှန်းမသိ။ ရုတ်တရက်. . ဘယ်ဘက်ရင်အုံထဲမှ စူးစူးဝါးဝါးကြီး ထိုးအောင့်တက်လာ၏။

'အား. . ကျွတ်. . ကျွတ်'

'မမ. . မမ ဘာဖြစ်တာလဲဟင်၊ နေမကောင်းဘူးလား'

ရှုံ့မဲ့နေသောအစ်မကို ကြည့်၍ ညီလင်းထင်က စိုးရိမ်တကြီးမေးလေသည်။ လွှာက သူမ ထိုကဲ့သို့ မကြာခဏဖြစ်နေတာကို မောင်လေးအား မသိစေချင်သဖြင့် အပြုံးတစ်ခုကို မျက်နှာပေါ် အမြန်တင်လိုက်ရသည်။

မောင်လေးအတွက် သူမ ခံနိုင်ရည်ရှိရမည်။ မပြိုလဲသေးသရွေ့ပေါ့။

'မောင်လေး. . ထမင်းသွားစားတော့နော်၊ မမ လေအောင့်တာနေမှာပါ. . ခဏနေ ကောင်းသွားလိမ့်မယ်၊ ဘာမှမဖြစ်ဘူးနော်





မောင်လေးကြိုက်တဲ့ မျှစ်ချဉ်ဟင်းချက်ထားတယ်. . ငါးပိလည်း ရှိတယ်. . သွားစားလိုက်နော်'

'မမပါ တစ်ခါတည်း စားလေ'

'မမ ဗိုက်ဆာလို့ စားနှင့်ပြီးပြီ၊ ခဏနေ ဆေးရုံသွားရမှာဆိုတော့ စားထားလိုက်တာ'

ညီလင်းထင်က မယုံသလိုစူးစမ်း၍ ကြည့်နေ၏။ သူ့အစ်မက သူမလာမချင်း ထမင်းမစားတတ်တာ သူအသိဆုံးပင်။

လွှာ မောင်လေးကို လိမ်ညာပြောလိုက်မိသည့်အတွက်. . လိပ်ပြာမလုံလှပါ။

ဒေါ်ကြီးမိ ဆေးရုံတက်နေရသည့် တစ်ပတ်အတွင်း အသုံးစရိတ် ပြတ်ထွက်မသွားအောင် မနည်းကြိုးစားထားရသည်။ ဆေးဖိုးတွေအပြင် ခါတ်စာအတွက်လည်း ပူရသေးသည်။ ထိုအတွက်ကြောင့် လွှာက တတ်နိုင်သလောက် အစားအသောက်ကို ခြိုးခြံချွေတာကာ စစ်စစ်စီစီ သုံးစွဲနေရသည်။ မောင်လေးနှင့်လူမမာအတွက် ဆန်တစ်လုံးချက်ပြီး ထမင်းရည်ငှဲ့ကာ သောက်လိုက်ခြင်းဖြင့် တစ်နပ်စာဒုက္ခကို ဖြေရှင်းရသည့်အခါက ပို၍များပါသည်။

သို့သော် လွှာ အပြုံးမပျက်ပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဟူသောရည်ရွယ်ချက်ဖြင့် သူမမောင်လေးအတွက် ပို၍ကြိုးစား၏။



www.burmeseclassic.com

www.burmeseclassic.com



အားစိုက်၏။

သူမမှာ အနာဂတ်ဆိုတာ ရှိနေသရွေ့ ဖြစ်ပေါ်လာတဲ့ဒုက္ခ မှန်သမျှကို အပြုံးမပျက် ခံယူနိုင်စွမ်းရှိမှာလည်း မုချပင်။ ဒါတွေ အားလုံးဟာ မောင်လေးက ပေးတဲ့ အားအင်တွေပဲပေါ့။

ကိုယ့်ကိုယ်ကို ဂရုမစိုက်နိုင်တော့လောက်အောင် အပေ အတေနေပြီး မောင်လေးအတွက် ဘဝကို ပေးထားမိသည်။ မိဘ တွေရဲ့မေတ္တာကို အပြည့်အဝမရရှာခဲ့သော ထိုကလေးသည် သူများ ကလေးတွေနှင့်စာလျှင် စိတ်ဒဏ်ရာရနေမည်မှာမလွဲနိုင်ပါ။ အစ်မ တစ်ယောက်ရဲ့ပေးနိုင်တဲ့ မေတ္တာထက် အဆပေါင်းများစွာ ပိုအော ပြီး ထိုကွက်လပ်ကလေးကို သူမ ဖြည့်ပေးနေမိသည်။

မေမေ. . . လွှာ တာဝန်မကျေတာတွေ ရှိရင် ခွင့်လွှတ်ပါ နော်. . လွှာ မစွမ်းဆောင်နိုင်ခဲ့လို့ မောင်လေး ဆင်းဆင်းရဲရဲနေနေ ရတယ်လေ. .

စိတ်မကောင်းစရာတွေ တွေးပြီး အားငယ်လာတိုင်း သူမ မျက်ဝန်းမှာ မိုးတွေညိုမြပင်. . .

▲



## ၄

လွှာ့ဘဝမှာ စိတ်အချမ်းသာရဆုံးအချိန်ကို ပြပါဆိုလျှင် နေ့တိုင်း အရှက်မိုးသောက်မှာ ရောင်နီလေးတွေ ပျို့လာတဲ့အချိန် ပေါ့. . ရောင်နီသမ်းနေတဲ့ အလင်းတန်းလေးတွေက ဘုရားပုထိုး တွေ ပေါများတဲ့ ဒီနေရာ ဒီအရပ်မှာ ဘယ်လောက်ကျက်သရေရှိ လိုက်သလဲ. . အေးချမ်းလိုက်တာ. . .

ညနေ နေညိုချိန်ဆည်းဆာကို. . တခြားသူတွေ နှစ်သက် ကောင်း နှစ်သက်ပေလိမ့်မည်။

လွှာကတော့ ညနေရောက်ရင် တစ်ခုခုလိုနေသလို၊ လွမ်း



www.burmeseclassic.com

www.burmeseclassic.com



သလို ဆွေးသလို ခံစားရတတ်သည်။ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်မရှိပေမယ့် လွှာ့စိတ်ကိုယ်၌က ထိခိုက်ပွန်းရှလွယ်လို့ထင်ပါရဲ့၊

လွှာသည် အိမ်ရှေ့ ရေကပြင်ရှိ စဉ့်အိုးထဲမှ ရေတစ်ခွက်ခပ်ပြီး မျက်နှာသစ်လိုက်သည်။ အေးမြနေသောရေက မျက်နှာပေါ်ထိလိုက်ရင်ပဲ အကြည်ဓာတ်တစ်မျိုးကိုရလိုက်လေ၏။ ရေမခြောက်သေးသော မျက်နှာလေးကို လေပြည်လေးတွေက ပွတ်သပ်ကျီစယ်လာပြန်သည်။

'လွှာ. . ဒီလိုနေရတဲ့ဘဝလေးက မအေးချမ်းဘူးလား. . . ဘာမှအားငယ်စရာမလိုဘူး၊ တိုက်နဲ့ခြံနဲ့နေပြီး ငရဲခံနေရတာနဲ့စာရင် ခုလိုမျိုး ဘုရားရိပ် တရားရိပ်မှာ စိတ်အေးချမ်းသာနဲ့နေရတာသိပ်ပြီး ကုသိုလ်ထူးလို့ပဲ'

လွှာက သူမကိုယ်သူမ ပြန်မေးကြည့်ရင်း ကျေနပ်သောအဖြေတစ်ခုရသွားပုံဖြင့် မီးဖိုထဲဝင်ပြီး မီးမွှေးလိုက်သည်။ ထိုနောက်ဆန်ဆေးပြီး ထမင်းတစ်အိုးတည်ခဲ့ကာ ဘုရားသောက်တော်ရေလဲဖို့ ပြင်သည်။

သောက်တော်ရေလဲကာ ဘုရားကန်တော့ပြီး ဦးသုံးကြိမ်ချစဉ်မှာတော့ ဒီနေ့ သူမ မွေးနေ့ဆိုတာ သတိရသွားသည်။

ဒီနေ့ လွှာ့အသက် နှစ်ဆယ့်ငါးနှစ်ပြည့်ပြီပဲလေ. . မွေးနေ့





ဆိုတာ သတ်မှတ်ချက်တစ်ခုဆိုပေမယ့် လွှာ့အတွက်တော့ ထူးပြီးအဓိပ္ပာယ်မရှိလှပါဘူး။

ငယ်ငယ်တုန်းကတည်းက မွေးနေ့မှာ မိသားစု စုံစုံညီညီနဲ့ဖြတ်သန်းခဲ့တာမျိုးမှ မရှိတာ. .

ဘယ်လိုအတိတ်တွေပဲ ရှိခဲ့ပါစေ. . ကိုယ့်မိဘတွေက မွေးပေးခဲ့လို့ လွှာ လူဖြစ်လာခဲ့ရတာလေ. .

လွှာသည် လွင့်ပျံ့နေသောစိတ်တွေကို စုစည်းကာ ထမင်းအိုးကျက်သည်နှင့် ဖေဖေနဲ့မေမေကို ရည်စူးကာ ဆွမ်းတော်ကပ်သည်။ မွေးနေ့မှာ ဆွမ်းဟင်းလေးချက်ပြီး ဆွမ်းချိုင့်ပို့ချင်လိုက်တာပြောဖွယ်ရာမရှိ။ ငွေကလည်း နတ္ထိ။

ချက်ချင်းပင် လွှာ အားငယ်သွားမိသည်။ ကိုမင်းဗိုလ်ကိုငွေတွေ ပြန်ဆပ်ရဦးမည်။ ကိုမင်းဗိုလ်က လွှာ့အပေါ်မှာ သံယောဇဉ်ကြီးတာ၊ စောင့်ရှောက်ချင်တာသိသော်လည်း ကြည်ကြည်ရဲ့မထိတထိ နောက်တတ်တဲ့ စကားတွေကြောင့် မျက်နှာမထားရဲလောက်အောင် အကြိမ်ကြိမ်ရှက်ခဲ့ရပေါင်း များပြီ. .

ခံစားချက်မရှိတဲ့လူရယ်လို့ ဘယ်ရှိမလဲလေ. . ကိုယ့်ရဲ့ဘဝပေးအခြေအနေအရသာ. . နှလုံးသားတံခါးခေါက်သံကို ကြားနေပေမယ့် မကြားချင်ယောင်ဆောင်နေရတာ. .



www.burmeseclassic.com

www.burmeseclassic.com



လွှာလေ. . ကိုမင်းဗိုလ်ကို သွေးသားရင်းချာတစ်ယောက်လို သံယောဇဉ်ရှိပါတယ်။ အရေးရယ်အကြောင်းရယ်ဆိုလည်း သူ့ကိုပဲ ပြေးပြီး သတိရမိတာ ဘာကြောင့်မှန်း မသိပါဘူး။ ဆန့်ကျင်ဘက်ယောကျ်ားတွေထဲမှာ ကိုမင်းက တည်ကြည်တယ်၊ ဖြောင့်မတ်တယ်၊ ကြင်နာတတ်တယ်၊ ပြီးတော့. . ကောင်မလေးတွေ စိတ်ကူးထဲ ရောက်မယ့်ရုပ်ရည်မျိုးလည်း ရှိသေးတယ်လေ. .

ထူပြီး ထင်းနေတဲ့ မျက်ခုံးတွေနဲ့ ပေါ်လွင်ဖြောင့်စင်းနေတဲ့ နှာတံ၊ မျက်လုံးအားကောင်းကောင်းနဲ့ ညိုပြီးစိုနေတဲ့ အသားအရေ ယောကျ်ားတစ်ယောက်မှာ ရှိသင့်တဲ့အရပ်ထက် ပိုပြီးရှည်ကာ ထွားကျိုင်းသန်မာသောကိုယ်ခန္ဓာ. .

ကိုမင်းဗိုလ်ဟာ ဆွဲဆောင်မှုရှိတဲ့ယောကျ်ားတစ်ယောက်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး. . ဒါပေမယ့်. . လွှာ သူ့ကို တစ်ခါမှ ရဲရဲမကြည့်ခဲ့ဖူးဘူး. .

'မမ ဘာတွေတွေးနေတာလဲ'

အနားကပ်ပြီး မေးလာတဲ့ ညီ့အသံအကြားမှာ. . . လွှာက 'အမေ့'ဟု လန့်ပြီး အော်မိသည်။

'ဟော. . တွေ့လား. . တို့အစ်မတော့ မရိုးတော့ဘူးနဲ့ တူတယ်. . ညီ့ကိုပြောစမ်း၊ ဘယ်သူ့အကြောင်းတွေးနေတာလဲ'





'ဘာမှမဟုတ်ပါဘူး မောင်လေးရယ်. . သွား. . မျက်နှာသွားသစ်ချေတော့. . မမ ထမင်းကြော်ပေးထားမယ်နော်'

'ကြော်မနေပါနဲ့ မမရယ်. . ဆီကုန်တယ်၊ မမလည်း ပင်ပန်းတယ်၊ ညီ ဒီအတိုင်း ထမင်းကြမ်းပဲ စားလိုက်ပါ့မယ်. . မြေပဲဆံကြော်လေးရှိသေးတယ် မဟုတ်လားဟင်'

သိတတ်လိုက်တာ မောင်လေးရယ်. . ဒါပေမယ့် မမစိတ်ထဲမှာ မကောင်းဘူး။

ဒီနှစ် ဆယ်တန်းဖြေမယ့် မောင်လေးကို တစ်နေ့ ကြက်ဥတစ်လုံးလောက်တော့ ပါအောင် ကျွေးချင်တာပေါ့။

မျက်နှာလေးညှိုးသွားတဲ့ လွှာ့ကို ညီလင်းထင်က

'မမ. . ဒေါ်ကြီးမိဆီသွားရဦးမှာ မဟုတ်လား၊ ညီ့အတွက် ဘာမှနောက်ဆံတင်းမနေနဲ့. . ညီ ကလေးမဟုတ်တော့ဘူး သိလား'

ဟုတ်တော့လည်း ဟုတ်နေသား. . ညီက အသက်ဆယ့်ငါးနှစ်ဆိုပေမယ့် ကြီးကောင်ဝင်ပြီး လူပျိုဖားဖားဖြစ်နေလေပြီ။

'မမမျက်လုံးထဲမှာတော့ မောင်လေးက ကလေးပါပဲကွယ်၊ ဒါဆို မမ ခရေပန်းလေးတွေ သွားကောက်လိုက်ဦးမယ်'

လွှာက ပြောပြီး လှည့်ထွက်မည်ပြုစဉ်

'မမ ခဏနေဦး. . ညီ ပေးစရာရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



ညီက သူ့လွယ်အိတ်ထဲမှ စက္ကူအိတ်ကလေးကို တရိုတသေ ထုတ်ယူပြီးနောက် လွှာ့လက်ထဲ ထည့်ပေးကာ

'မွေးနေ့မှာ ပျော်ရွှင်ပြီး ငြိမ်းချမ်းပါစေ မမ'

မမရင်ထဲမှာ မငြိမ်းနိုင်ဘူးဆိုတာ ညီသိပါတယ် မမရယ်။ ဒါပေမယ့် ညီ ဒီလိုပဲ ဆုတောင်းပေးချင်လို့ပါ။ မမကို သနားလှပါပြီ။ နားစေချင်လှပြီ။

'ဒါ. . ဘာတွေလဲ မောင်လေး'

'အင်္ကျီလေ. . မမဝတ်ဖို့ ညီဝယ်ထားတာ'

'မောင်လေးမှာ ပိုက်ဆံမှမရှိတာ. . မှန်မှန်ပြောစမ်း၊ ဒါ ဘယ်က ပိုက်ဆံနဲ့ဝယ်လာတာလဲ'

'မမပေးတဲ့ မုန့်ဖိုးလေးတွေ စုပြီး ဝယ်တာပါ မမရယ်'

'ဘာရယ်. . တစ်နေ့ တစ်ရာပဲ ရတဲ့မုန့်ဖိုးကို မုန့်မဝယ်စားဘဲ မမအတွက် ဝယ်ပေးဖို့ စုထားခဲ့တာပေါ့ ဟုတ်လား'

မေးပြီးမှ လွှာ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ဝဲရသည်။

ဒီခေတ်ကြီးထဲမှာ တစ်ရာတန်မုန့်က ရှားပါးနေပြီပဲ။ သူ့ ခမျာ မုန့်ဝယ်စားဖို့ ပိုက်ဆံမှလောက်ရဲ့လား။

'မမ. . . ဟောကြည့်. . . ဘာတွေ စိတ်မကောင်းဖြစ်နေတာလဲ. . . ညီက အိမ်ကထွက်ရင် ထမင်းကြမ်းကို တနင့်တပိုးစား





သွားလို့ ရင်ပြည့်ပြီး မုန့်မစားချင်တာပါ. . ပိတ်စ ဝယ်ပေးရင်. . မမက ပိုက်ဆံနှမြောပြီး ချုပ်ဝတ်မှာမှ မဟုတ်တာ. . အဲဒါကြောင့် မမနဲ့တော်မယ့်အင်္ကျီလေး ဈေးထဲမှာ သွားဝယ်လာတာ၊ မမ ညီ့ကို ဝတ်ပြပါလား'

ပီတိမျက်ရည်လို့ခေါ်မလား. . မျက်ရည်တွေက လွှာ့ပါးပြင်တစ်လျှောက် တလိမ့်လိမ့်စီးကျလာသည်။

မွေးနေ့မှာ လွှာ ငိုနေရပြီပဲ. .

ဘဝနဲ့အတ္တကို အပိုင်းပိုင်းခြားထားပေမယ့် ကိုယ့်အပေါ် ဂရုစိုက်မှုကိုတော့ လွှာက လိုချင်သေးသည်။

ဘာပဲ ပြောပြော. . ခုနကအထိ လွှာ အရမ်းအားငယ်နေခဲ့တာလေ. .

လွှာက မွေးနေ့လက်ဆောင်ရသည့် အဖြူရောင်တွင် ဇာတွန့်လေးတွေပါသော အင်္ကျီကို မောင်လေးကျေနပ်အောင် ဝတ်ပြရင်း မိမိကိုယ်တိုင်လည်း ကြည်နူးစွာ ပြုံးပျော်နေမိသည်။

ထင်မှတ်မထားပါ။ တကယ့်ကို ထင်မှတ်မထားခဲ့ပါ။

မောင်လေးဆီက လက်ဆောင် ရခြင်းသည် လွှာ့အတွက် အိပ်မက်လိုဖြစ်နေသည်။

'ညီ မပြောဘူးလား၊ မမနဲ့လိုက်မှာပါလို့. . မမကလေ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းသမီးမေသန်းနုငယ်ငယ်ကနဲ့ သိပ်တူတာပဲ သိလား၊ သကြွန် မိုးဇာတ်ကားကို ကြည့်မိရင် မမကိုပဲ မြေးပြီး မြင်မိတာ'

'ကောင်လေးနော် ဒီနေ့ မမကိုစွတ်မြှောက်နေတာပဲ၊ ဘာ လိုချင်လို့လဲ ပြောစမ်း'

'ဘာမှမလိုပါဘူးဗျာ. . ဒီနေ့လေးမှာ မမကို ပျော်စေချင် တာပါ၊ ခုတလော မမမှာ စိတ်ရှုပ်စရာတွေများနေတာ ညီ သိပါ တယ်'

'မောင်လေးရယ်. .'

လွှာက မောင်လေးရဲ့ဆံပင်တွေကို တယုတယ သပ်ပေး ရင်း ကျေးဇူးတင်စွာ ကြည့်မိလေသည်။

လွှာ့ဘဝ နွေနေပူပူမှာ စိမ့်စမ်းရေကြည်လေးတစ်ပေါက် ရှိတယ်လို့ ပြောရင် ဘယ်သူကမှ ယုံကြမှာမဟုတ်ဘူး. . .

▲



BURMESE CLASSIC .com

## ၁၀

နေရောင်နုနုလေးတွေက ထနောင်းပင်တွေကြားမှ ဖြာပြီး ကျနေသည်။

လွှာသည် မင်္ဂလာရှိသော နံနက်ခင်းတွင် ဘုရားတင်ရန် အတွက် ခရေပန်းလေးတွေကို တစ်ပွင့်ချင်း ကောက်နေမိ၏။ ခါး ကျော်ကာ တင်ပါးအထိရှည်သောဆံပင်တွေကို ဒီအတိုင်းဖြန့်ချထား သဖြင့် သူမပုံစံက ပိုပြီး နုနယ်နေသည်။ ဆံနွယ်ရှည်ရှည်လေးတွေ ကြားမှာ ကျက်သရေရှိစွာ ဝင်းဖန့်နေသော မျက်နှာလေးတစ်ခုက သဘာဝဆန်သော လောကပန်းချီကား တစ်ချပ်ကို ပါဝင်ပြီး အား ဖြည့်ပေးနေသလိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဗိုလ်က ဒီမနက်ခင်းရဲ့အလှဘုရင်မလေးကို သတိလက်လွတ်ငေးကြည့်နေမိပြီးမှ သူ့တွင် ပါလာသော ကင်မရာဖြင့် လွှာ့ပုံတွေကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ယူနေမိသည်။ နေခြည်ဖြာနေသော ထနောင်းပင်တွေရဲ့အောက်မှာ မြန်မာဆန်သော အလှများဖြင့် ကပိုကရိုလေး သဘာဝဆန်နေသော ပွင့်လွှာ. .

ပန်းချီဆွဲဖို့အတွက် ထိုပုံတွေက အကောင်းဆုံး အနေအထားမှာ ရှိနေသည်။

တစ်မိုးအောက်မှာ တစ်ယောက်ဆိုသလို. . သူ့နှလုံးသားကို လုပ်ခါနိုင်စွမ်းရှိသော မိန်းကလေး. .

ထိုမိန်းကလေးနှင့် အတူလက်တွဲကာ ချစ်သူတို့လျှောက်သောနယ်မြေလေးသို့ အလည်သွားချင်လှသည်။

ပစ္စုပ္ပန်မှာ ပွင့်လွှာလေး ငြိမ်းချမ်းနေသည်။ခရေပန်းလေးတွေကလွဲလို့ သူ့မျက်လုံးထဲမှာ ဘာမှမြင်ပုံလည်း မရ။ လေတိုက်လိုက်တိုင်းလွင့်နေတဲ့ ဆံနွယ်လေးတွေကလည်း ကဗျာဆန်လွန်းပါရဲ့. .

တစ်ချက် တစ်ချက် လှည့်ကြည့်ချင်တဲ့. . မိန်းကလေးမျိုးမဟုတ်။ တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့် ကြည့်ချင်စရာကောင်းလှသော မိန်းကလေး. . .

*ဆောင်းညပြာသိစာလေ*



အညာနေနဲ့ထိထားတယ်လို့ပြောရင် ဘယ်သူက ယုံမှာတဲ့လဲ. . ဖြူဖွေးပြီး ကြည်လင်လွန်းတဲ့အသားအရေလေးနဲ့ ဆုတောင်းကောင်းခဲ့သူလေး ပွင့်လွှာ. .

အဲဒီပွင့်လွှာဆီက အချစ်တွေဖယ်ခွာလို့မရတာလည်း သူ့မှာ တစ်ဒုက္ခ။ အိပ်ပျက်တဲ့ညတွေလည်း များလှပြီဆိုတော့. . ခက်နေတာက ဒီလိုအချိန်မှာ အခွင့်အရေးယူတယ်လို့အထင်မခံနိုင်ပြန်။

ကြာလာရင်တော့ ဒီစိတ်နဲ့ ရူးတော့မယ် ထင်ပါရဲ့ ပွင့်လွှာရယ်. . .

ပွင့်လွှာက သူမ ခြင်းထဲမှာ ခရေပန်းလေးတွေ ပြည့်တော့ အိမ်ပြန်ဖို့ ထလာသည်။ ရှန်သားအဝါဖျော့ဖျော့ ဇမာအကျီရင်စေ့လေးကို အဝါပွင့်နုတ်နုတ်လေးတွေ ပါသော တရုတ်ထဘီလေးဖြင့် တွဲဝတ်ထားမိသော ပွင့်လွှာပုံစံလေးက ရှင်းရှင်းလေးဖြင့် ထင်းနေသည်။ ခါးလေးသိမ်ပြီး စွင့်စွင့်လေးကားနေတဲ့တင်က သူမ ဝတ်ထားသောဝတ်စုံဖြင့်လိုက်ဖက်လွန်းလှသည်။ ဒီလိုမိန်းကလေးမျိုးကို ပိုင်ဆိုင်ချင်တာ သူ့မှာ အပြစ်ရှိလို့လား. .

လွှာက သူလာခဲ့သောလမ်းကလေးအတိုင်း တရွေ့ရွေ့ပြန်သွားပြီဖြစ်သည်။ ဒီနေ့လေးက သူ့အတွက်တော့ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနေ့တစ်နေ့ပေါ့. . . ▲

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းဗိုလ်က အခုအသစ်ဖွင့်မည့် 'မြစ်ရော' ဟိုတယ် အတွက် သူလက်ခံထားသော ပန်းချီကားများကို အာရုံစိုက်နေရသဖြင့် စားချိန်အိပ်ချိန် သိပ်မမှန်လှပါ။

ကြည်ကြည်က အစ်ကိုဖြစ်သူကိုကြည့်ပြီး သနားစိတ်လေးပင် ဝင်လာရသည်။

'ကိုကို. . နေ့မအိပ် ညမအိပ် အလုပ်တွေ ဒီလောက် ကြိုးစားနေတာ မိန်းမ ယူတော့မလို့လား. . ကိုကိုတို့နှစ်ယောက်ကလေ တကယ်ပဲ. . ဟိုတစ်ယောက်ကျတော့လည်း ရှိသမျှအလုပ်တွေသိမ်းကျုံးပြီး လျှောက်လုပ်လို့ ဒီနေ့ ဆေးခန်းတောင် ရောက်တယ်'





ပန်းချီကားဆီမှာ ကပ်ငြိနေသောအာရုံတွေ အဝေးသို့ဖယ်ခွာသွားသည်။ စုတ်တံကို ဘေးချကာ ကြည်ကြည့်ဘက်သို့ မျက်နှာလှည့်လာပြီး

'လွှာက ဘာဖြစ်လို့လဲ ညီမလေး'

စိုးရိမ်တကြီးမေးလာသော ကိုမင်းကို ကြည်ကြည်က

'ဘာဖြစ်ရမလဲ. . ယွန်းထည်တွေရေးတာ အားမရသေးလို့ ဆေးလိပ်ခုံမှာလည်း လုပ်နေတယ်တဲ့၊ ဒီထက်ပိုဆိုးတာက အဲဒီဆေးလိပ်ခုံအိမ်မှာ အဝတ်လျှော်၊ မီးပူတိုက်၊ ထမင်းဟင်းပါ ဝိုင်းချက်ပေးနေတယ်တဲ့. . ကိုကိုပဲ စဉ်းစားကြည့်ပါဦး. . အိမ်ဖော်သာသာ အလုပ်တွေကို သူ့ရုပ်သူ့ရည်လေးနဲ့ သွားလုပ်စရာလား. . ပြီးတော့ အဲဒီအိမ်က အရမ်းဂုဏ်မောက်တာ. . . လွှာ ဒီလိုလုပ်နေတာ သူ့မောင်လေး သိပုံမရဘူး'

'ကြားရတာ စိတ်မကောင်းစရာပဲ ညီမလေးရယ်၊ သူ အဲဒီလိုအလုပ်အထိ ဆင်းလုပ်တာဟာ ကိုကို့ငွေတွေ ပြန်ဆပ်ချင်လို့ဆိုတာ သေချာတယ်. . ခုကော သူဘယ်လိုနေသေးလဲ'

'ဒေါ်ကြီးမိလည်း ဆေးရုံက ဆင်းပြီဆိုတော့ ဒီနေ့ သူ့ကိုနားခိုင်းထားတယ်. . ဆရာဝန်ကလည်း အိပ်ဆေး ထည့်ပေးထားတယ်လို့ပြောတယ် ကိုကို. . သူကသာ စိတ်ဆောင်နေတာ သူ့ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



က ဗုန်းဗုန်းလဲတော့မယ်၊ ကြည်ဖြင့် လွှာ့ကိုကြည့်ပြီး ငိုတောင်ငိုချင်တယ်၊ သနားစရာသိပ်ကောင်းတာပဲ ကိုကိုရယ်'

ကိုမင်းဗိုလ်သည် အိပ်ခန်းနံရံတွင် ချိတ်ထားသော ရှပ်အင်္ကျီအကွက်ကို ကောက်ယူကာ စွပ်ကျယ်အပေါ်မှ ထပ်ဝတ်လိုက်သည်။ ဒီညမှ လွှာ့မျက်နှာလေးကို မမြင်ရရင်. . အိပ်လို့ပျော်မှာမဟုတ်။

'ကိုကို ထမင်းမစားဘဲ ဘယ်သွားမလို့လဲ'

'မစားသေးဘူး ညီမလေး. . ကိုကို လက်ဖက်ရည်တစ်ခွက်လောက် သွားသောက်မလို့'

ကြည်ကြည်က ကျိတ်ပြီးပြုံးလိုက်သည်။ ဒီအဆင်နဲ့ဒီအဆင်သိပြီးသားပဲ ဥစ္စာ. . ကိုကို လွှာ့ကိုစိတ်ပူလို့ ထမင်းတောင် မစားနိုင်တော့ဘူး၊ ဒါနဲ့များ မပွင့်တပွင့်နဲ့ အုံ့ပုန်းလုပ်နေသေးတယ်။

ကိုကိုနဲ့ပွင့်လွှာဟာ ကြည့်အမြင်မှာရော၊ ပတ်ဝန်းကျင်ကပါ လိုက်ဖက်တဲ့ဘဝတွေ ကိုယ်စီရှိပြီး ဘယ်တော့ တရားဝင်စုံတွဲဖြစ်မလဲလို့ မျှော်လင့်ထားကြသည်။ ဖြစ်စေချင်ကြသည်။

ခက်နေတာက အရှက်ကြီးတဲ့ ပွင့်လွှာနဲ့ စောင့်စည်းတတ်တဲ့ ကိုကို. . သူတို့နှစ်ယောက်ကို ဘယ်လိုလုပ် မှ ပွင့်ထွက်လာမလဲ မဆိုနိုင်။

* * *



လပြည့်နေ့မို့ လရောင်က ထိန့်ထိန့်သာနေသည်။

ထန်းလက်တွေကြားမှ ဖြာကျနေသော လရောင်သည် ကိုမင်းဗိုလ်အတွက် ချစ်သူအိမ်ကိုလမ်းပြပေးနေသော လမ်းပြကလေးနှင့်တူနေသည်။

လရောင်အားကိုးဖြင့် လွှာ့ဆီသို့ သူလာနေပြီ။ လွှာတို့အိမ်နှင့်နီးလေ သူ့ရင်ခုန်သံတွေ ဆူညံလေပင်။ လွှာကြိုက်တဲ့ ခေါက်ဆွဲကြော်လေး မအေးခင် အမြန်ရောက်အောင် လျှောက်နေရသည်။

လွှာတို့အိမ်က မြေစိုက်တဲအိမ်ဆိုပေမယ့် အိမ်ရှေ့က ကွပ်ပျစ်လေးပေါ်မှာ အေးအေးလူလူထိုင်၍ရသည်။ တစ်ခါတလေ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့မောင်နှမ လာလည်တော့ လွှာက လက်ဖက်လေးသုပ်ပြီး ရေနွေးကြမ်းတစ်အိုးဖြင့် ဧည့်ခံတတ်သည်။

ဒီညမှာတော့ လွှာတို့အိမ်ကလေးက တိတ်ဆိတ်နေသည်။ မီးရောင်လေးတော့ လင်းနေသေးသည်။ ဒီပုံဆို. . လွှာ အိပ်ဦးမည် မထင်ပါ။

'လွှာ. . ညီမလေး'

အိမ်ရှေ့မှာ ရပ်ပြီး သူ အသံပြုလိုက်လျှင်. . ဒေါ်ကြီးမိက ထွက်လာပြီး

'ဩော်. . မောင်မင်းဗိုလ်ပါလား. . လာ. . သား'

'လွှာတို့မောင်နှမကော ဒေါ်ဒေါ်'

'သားညီမက ဒေါ်ကြီး ဆေးရုံတစ်တက်မှာ အတော်ပင်ပန်းသွားရှာတယ်ကွယ်. . ဒီနေ့ဆို သွေးပေါင်တွေ ကျပြီး မူးလဲလို့ drip တောင် ချိတ်ရတယ်ဆိုပဲ၊ အခန်းထဲမှာ မှေးနေလေရဲ့၊ ညီကတော့ စာမေးပွဲနီးလို့ သူငယ်ချင်းအိမ်မှာ စာသွားကျက်တယ်'

'ဒီမှာ ဒေါ်ဒေါ်တို့စားဖို့ ခေါက်ဆွဲကြော်ဝယ်လာတယ်. . ပူပူလေး စားလိုက်ပါဦး'

'အေး. . အေး. . ကျေးဇူးပါပဲ သားရယ်၊ တရုတ်ခေါက်ဆွဲကြော်ကို သားညီမလေးက သိပ်ကြိုက်တာ'





အသံတွေကြားနေတော့ လွှာ ထဖို့အားယူမိသည်။ ခေါင်းထောင်လိုက်တိုင်း လူက မိုက်ခနဲ. . ရိပ်ခနဲ. . ဘယ်လိုမှထလို့မရ။

ဒေါ်ကြီးမိက လွှာ့အခန်းဘက်ကို တစ်ချက်ကြည့်ကာ

'ဆေးအရှိန်နဲ့ဆိုတော့ သူ့ခမျာ မထနိုင်ဘူးနဲ့တူတယ်. . သူ အားရှိသွားအောင် ဒေါ်ကြီးမိ သွားခွံ့ကျွေးလိုက်မယ်၊ သား. . ခဏထိုင်ဦးနော်'

'နေ. . နေ. . ဒေါ်ကြီး၊ ကျွန်တော် သွားခွံ့ကျွေးလိုက်မယ်၊ ဆေးရုံက ဆင်းခါစဆိုတော့ ဒေါ်ဒေါ်လည်း နားလိုက်ပါဦး၊ ကျွန်တော့်ကို အားမနာပါနဲ့''

ငယ်ရာက ကြီးလာသူမို့ ဒေါ်ကြီးမိက ရိပ်မိပါသည်။

မောင်မင်းဗိုလ်လိုလူမျိုးဟာ ပွင့်လွှာအတွက် ငြင်းစရာမလိုအောင် အဘက်ဘက်က ပြည့်စုံနေသူမို့ သူကတော့ သဘောတူပြီးသားပင်။

ကိုမင်းဗိုလ်သည် ဒေါ်ကြီးမိထည့်ပေးသော ခေါက်ဆွဲကြော်ပန်းကန်ကိုယူကာ လွှာ့အခန်းထဲသို့တန်းမဝင်သေးဘဲ အသံပြုလိုက်လေသည်။

'လွှာ. . ကိုယ် ဝင်ခဲ့လို့ရသလား'

နဂိုကမှ အရှက်အကြောက်ကြီးသောလွှာသည် ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ပျိုတစ်ယောက်က ကိုယ့်အခန်းထဲကို ဝင်လာမည်ဟုဆိုသောအခါ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ ဖြူသောမျက်နှာလေးသည် ရှက်စိတ်ဖြင့် ရဲရဲနီနေပေပြီ။

ဝင်ခဲ့ပါလို့လည်း မပြော၊ ဝင်မလာပါနဲ့လို့လည်း မတားမီ ဆန္ဒစောနေသော ကိုမင်းဗိုလ်က လှသာ့အခန်းထဲသို့ ဝင်လာပြီ ဖြစ်သည်။

'လှသာ. . မထနိုင်လို့ဆို. . ဒီအတိုင်းပဲ နေနော်. . ကိုမင်းကို အားနာစရာမလိုဘူး၊ နေဦး. . အနောက်မှာ ခေါင်းအုံးလေး ခံပေးလိုက်ရင် နည်းနည်းထိုင်လို့ရမယ်ထင်တယ်၊ လှသာ့ကို အားရှိအောင် ကျွေးချင်လွန်းလို့ ဝယ်လာတာ. . ကိုမင်း ခွံ့ကျွေးမယ်နော်'

ကိုမင်းက ပြောလည်းပြော၊ လှသာ့ကိုလည်း တွဲပြီးထစေ၏။

'ရလား. . မူးသေးလား လှသာ. . သွေးပေါင်အရမ်းကျရင် အချိုရည်လေးတစ်ခွက်လောက် သောက်လိုက်ပါလား'

'နေပါစေ ကိုမင်းရယ်. . လှသာ့အတွက် ဒုက္ခမရှာပါနဲ့. . . လှသာလေ. . ကိုမင်းကို ဒုက္ခပေးပေါင်း များပြီ၊ အားလည်း နာလှပါပြီရှင်'

'တော်ပြီ လှသာ၊ ကိုမင်းလာတာ လှသာ့ကို စိတ်ပူလို့၊ လှသာ ဒီအကြောင်းတွေ ပြောမယ်ဆိုရင် ကိုမင်း စိတ်မကောင်းဖြစ်ရဦးမယ်၊





ပါးစပ်ဟပေး. . ခေါက်ဆွဲကြော်ခွံ့ကျွေးမလို့'

လှသာလည်း ယောင်ပြီး ပါးစပ်လေး ဟပေးမိသည်။

'ကြည့်စမ်း. . ဒီကလေး လိမ္မာသားပဲ'

ကိုမင်းက တစ်ဇွန်းပြီးတစ်ဇွန်း ခွံ့ကျွေးနေသည်။ လှသာ့ရင်ထဲမှာ လှိုက်လှိုက်ပြီး ဆို့တက်လာသည်။ မျက်ရည်တွေက အတားအဆီးမရှိ စီးကျလာသည်။ ဝမ်းသာလို့လား. . ဝမ်းနည်းလို့လား. . သူ့ကိုယ်သူ ခွဲခြားပြီး မသိနိုင်။

'ဟော်ဗျာ. . ဘာ့လို့ငိုနေတာလဲ၊ အရမ်းမူးလို့လား လှသာ'

လှသာက ခေါင်းလေးခါပြသည်။

'လှသာ. . မေမေနဲ့ဖေဖေ့ကို သတိရသွားလို့'

နေမကောင်းတဲ့အချိန်မှာ ခုလိုမျိုး နွေးထွေးတဲ့အပြုအစု၊ အယုအယလေးတွေ မရခဲ့တာ ဘယ်နှနှစ်ရှိနေပြီလဲ. .

ကိုမင်းက လှသာ့ပါးပြင်ပေါ်မှမျက်ရည်တွေကို ညင်သာစွာ သုတ်ပေးပြီး

'လှသာ့အနားမှာ ကိုမင်းတစ်ယောက်လုံးရှိနေတာပဲ၊ အားမငယ်ပါနဲ့ လှသာရယ်. .'

ဒေါ်ကြီးမိ ကြားမှာစိုး၍ နှစ်ကိုယ်ကြားရုံလေသံလေးဖြင့် ကိုမင်း လူလည်ကျတာ လှသာသိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လွှာက ကိုမင်းကို တအံ့တဩဖြင့် ကြည့်မိစဉ်

'ဘာလဲ . . ပိုက်ဆံသုံးသောင်းနဲ့ လူလာသိမ်းတယ်ထင်လို့လား . . မျက်လုံးကြီးပြူးပြီး စိုက်ကြည့်နေလို့'

'သိဘူးလေ'

ဒီမျက်နှာလေးနဲ့ ဒီအပြောလေးမှာ သူပျော်ကျသွားသည်။

'အသည်းယားအောင် လုပ်နေပြန်ပြီ'

'ကိုမင်းနော် . . ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ . . လွှာ နေမကောင်းပါဘူးဆိုမှ'

ကိုမင်းက သဘောကျစွာ တဟားဟားအော်ရယ်ပြီးမှ

'ဘာလုပ်လို့လဲ၊ လွှာ ချက်ချင်းနေကောင်းအောင် ကိုမင်း လုပ်ပြမယ် . . ကိုမင်း မပြန်ခင် ဆေးနှစ်လုံးပေးခဲ့မယ် . . အဲဒါဆို လွှာ ချက်ချင်းလန်းသွားမှာ'

'တကယ်လားဟင်၊ ဟုတ်တယ် လွှာ နုံးနေသလိုပဲ၊ ကိုမင်း ပေးတဲ့ဆေးသောက်ပြီး အိပ်လိုက်မယ်နော်'

'ဒါပေါ့ . . အခုပေးရတော့မလား လွှာ'

'အင်း'

'ချစ် . . . တယ် . . .'

'ရှင်'





လွှာ ခေါင်းလေးငုံ့သွားသည်။ တော်တော်နဲ့ပြန်မော့မလာတော့ . .

'ဟိတ် . . ကိုမင်း ပေးတာ နှစ်လုံးတည်းလေ'

'သွား . . ကိုမင်း သိပ်ဆိုးတာပဲ၊ ဆေးပေးမယ်ဆိုပြီး ညာပြောတယ်'

'ဘယ်မှာ ညာလို့လဲ၊ ကဲ . . ကိုမင်းက ဆေးပေးခဲ့ပြီးပြီ၊လွှာ ဆက်ပြီး စဉ်းစားတော့ . . ဘိုင့် . . ဘိုင်'

ခေါင်းအုံးပေါ် တင်ထားသော လွှာ့လက်ကလေးတစ်ဖက်ကို မချင့်မရဲဖြင့် ဖျစ်ညှစ်နှုတ်ဆက်ရင်း ပြန်ချိန်တန်ပြီမို့ အိမ်ပြန်ဖို့ ပြင်ရလေပြီ။

မြင်ကွင်းက နီးလာလိုက်၊ ပြန်ဝေးသွားလိုက် . . ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားတဲ့အထိ ထူးထူးဆန်းဆန်းတွေဖြစ်ပေါ် နေ၏။

ဒါ ဘာလဲဆိုတာ လွှာ မသိပါ။ ရင်ထဲမှာ လှိုက်ဖိုနေသလိုလို၊ မောနေသလိုလို . . အသက်ရှူရခက်သလိုလို . .

ခက်ပဲ ခက်ရချည့်ရဲ့ ကိုမင်းရယ် . . လွှာ ကြည်ကြည့်မျက်နှာကို ဘယ်လိုကြည့်ရမလဲရှင် . .

▲



www.burmeseclassic.com

www.burmeseclassic.com

🌅 ၁၁ 🌅

ကိုမင်းဗိုလ်သည် နှုတ်ကတိတည်ကြည်သော ယောကျ်ား တစ်ယောက်ဖြစ်မှန်း လွှာသိပါသည်။

သူ လွှာ့ကိုဖွင့်ပြောခဲ့ပေမယ့် သူ့ညီမကိုတော့ ပြန်ပြောပြ ပုံမပေါ်ပါ။

နို့မို့ဆို ကြည်ကြည် စ,တာနှင့် မျက်နှာကို ဘယ်မှာထား ရမှန်းမသိ ဖြစ်ဦးမှာ. .

ကြည်ကြည့်ပုံစံကိုကြည့်ရတာ ဘာမှသိထားပုံမရဘဲ အရင်





အတိုင်းပင် လွှာ့ကိုချစ်ခင်မြဲ၊ ဂရုစိုက်မြဲပင်။

'လွှာ. .မှိုးညီတို့စာမေးပွဲနီးပြီနော်၊ ဘယ်လိုလဲ. . ကောင် လေး စာတွေရနေပြီလား'

'မောင်လေးက ရပါတယ် ကြည်ရယ်. . တစ်ခုပဲ စိုးရိမ်မိ တယ် သိလား၊ စာမေးပွဲဖြေတဲ့အချိန် သူ နေထိုင်မကောင်းဖြစ်မှာ ကိုပဲ စိတ်ပူတာ'

'အေးလေ. . အဲဒါမျိုးဆို စာတွေရပြီး အလကားဖြစ်သွား မှာ. . ဂရုစိုက်ပေါ့ လွှာရယ်'

'ငါလေ. . မောင်လေးကို ဆရာဝန်ကြီး အရမ်းဖြစ်စေချင် တာပဲ သိလား ကြည်'

'နင့်မောင်လေးက စာတော်တာပဲ လွှာရယ်. . ဆရာဝန် ကြီးဖြစ်မှာပါ. . နင့်မောင်က ဆရာဝန်လုပ်၊ နင်ကျတော့. . အဟီး'

ကြည်ရဲ့ပြောင်ချော်ချော်မျက်နှာပေးကြောင့် လွှာ အနေရ ခက်လာသည်။

'ကြည်နော်'

'ကြည်ပါတယ်ဆို. . နင်နဲ့ဆို ကြည်ဖြူပြီးသား၊ နင်က ကိုကို့ မိန်းမလုပ်နော်'

ပြောပြီး ကြည်ကြည်က ထွက်ပြေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြောမှပဲ ကိုမင်း တစ်နေ့ အဖြေတောင်းခဲ့ရင် လွှာ ဘယ်လိုအဖြေပေးရမလဲ. . လွှာ့မှာ မောင်လေးရှိသေးတာပဲ၊ မောင်လေးအတွက် လွှာရှိမှဖြစ်မည်။

နှလုံးသားက တောင်းဆိုခဲ့ရင် လျစ်လျူရှုနိုင်လို့လား လွှာ။ ကိုမင်းကို လွှာ ရက်စက်နိုင်လို့လား. . ကိုမင်းက လွှာ့အပေါ်မှာ အချိန်တိုင်း ကောင်းခဲ့တာ. . ဒါပေမယ့် ကျေးဇူးတရားက နှလုံးသားနဲ့သက်ဆိုင်မှုမရှိဘူးလို့ လွှာ ထင်သည်။

ရင်ထဲမှာရှိနေတဲ့ ချစ်ခြင်းတွေကို ဘယ်အတိုင်းအတာထိ ဖုံးကွယ်သိုဝှက်ထားပြီး ဘယ်အပိုင်းလောက်ကို ဖွင့်ဟပြီး ထုတ်ပြရမလဲ. .

* * *



ဆောင်းအကုန်နွေအကူး စပ်ကူးမတ်ကူးကာလမှာ အညာနွေက ပိုပြီး ပူပြင်းနေသည်။

ညီလင်းထင် စာမေးပွဲဖြေစဉ် တောက်လျှောက် ပွင့်လွှာက ကျောင်းရှေ့မှာ ငုတ်တုတ်ထိုင်စောင့်သည်။ ပြန်ပါဆိုလည်း သူမှာ မပြန်နိုင်။

စာမေးပွဲခန်းထဲက ထွက်လာတဲ့ မောင်ဖြစ်သူကို ကြည့်ပြီး စစ်မြေပြင်မှပြန်လာသော သူရဲကောင်းတစ်ယောက်လို ဂုဏ်ယူနေတတ်သည့် ပွင့်လွှာ. .

ဒီလိုနှင့်ပဲ စာမေးပွဲရက်တွေ တစ်ရက်ပြီး တစ်ရက် ကုန်



www.burmeseclassic.com

www.burmeseclassic.com



လွှန်လာခဲ့သည်။ ဒီနေ့ဟာ မောင်လေးဘ၀ကိုဆုံးဖြတ်ပေးမည့် စာမေးပွဲနောက်ဆုံးနေ့။

ညီလင်းထင်သည် စာမေးပွဲခန်းက ထွက်ထွက်ချင်း အစ်မဖြစ်သူကို ရယ်ပြလိုက်သည်။ ပွင့်လွှာ ပျော်လိုက်တာ ပြောဖွယ်ရာမရှိတော့။

အနားရောက်လာသောမောင်ဖြစ်သူကို ပခုံးလေးဖက်ရင်း မောင်နှမနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။

'မမရေ. . ထမင်းစားပြီး ညနေစောင်းလောက်ကျရင်. . ရွှေစည်းခုံဘုရားသွားရအောင်'

'သွားမယ်လေ. . မမတို့ ဘုရားမရောက်တာတောင် ကြာပြီနော်'

'ပြီးတော့ မနက်ဖြန်ကျရင် မနက်စောစော ထပြီး ပုဂံကဘုရားတွေသွားဖူးကြမယ်၊ ကိုမင်းနဲ့မကြည်ကိုပါ ခေါ်သွားရအောင်နော်. . မမ၊ ဒေါ်ကြီးလည်း လိုက်နိုင်ရင် သိပ်ကောင်းမှာပဲ'

မောင်လေးက သံယောဇဉ်သိပ်ကြီးတာပဲ။ သူ့ခမျာ တွယ်တာစရာဆိုလို့ ဒီလူတွေပဲ ရှိတာလေ. .

'မောင်လေး သဘောတော်မြတ်အတိုင်းပါပဲတဲ့ရှင်'

'ဒါမှ တို့မမကွ' ▲



# ၁၂

'လှည်းဝင်ရိုးသံ တညံ့ညံ၊ ပုဂံဘုရားပေါင်း'တဲ့. . .

ရာဇဝင်မှာ စာတင်ခဲ့ကြတာ ဂုဏ်ယူဖို့ကောင်းလှသည်။ ကိုမင်းဗိုလ်က သူ့သူငယ်ချင်းရဲ့မြင်းလှည်းကို ကိုယ်တိုင်မောင်းပြီး လွှာတို့သုံးယောက်က အနောက်မှာထိုင်ကြသည်။

နံနက်ခင်းလို့ မပီပြင်သေးပေမယ့် ရောင်နီလေးတွေ ပျို့နေတဲ့အချိန်မှာ လေပြည်လေးတွေ နေ့ာလာပြီး ဘုရားပုထိုးတွေရဲ့ အရိပ်ကြောင့် အေးမြပြီး ငြိမ်းချမ်းမှုက ဘာနဲ့မှ လဲလို့မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ညီလင်းထင်က ကိုမင်းကို ကျေးဇူးစကားဆိုသည်။

'ကိုမင်းကို တကယ်ကျေးဇူးတင်တယ်ဗျာ၊ ဒီနေရာဒီအရပ်မှာ ကျွန်တော့်ကို မမွေးခဲ့ပေမယ့် ဒီနယ်မြေမှာ လူလားမြောက်ခဲ့ရတဲ့အတွက် အရမ်းကို ဂုဏ်ယူတယ်. . . စာတွေပိပြီး လေးလံနေတဲ့စိတ်တွေ ဒီနေ့မှပဲ ပေါ့ပါးသွားတော့တယ်'

'ရပါတယ်ကွာ. . ဆယ်တန်းစာမေးပွဲဖြေထားတဲ့ ကျောင်းသားကြီးကို ဂုဏ်ပြုရမှာပေါ့၊ ပုဂံမှာ ဘုရားတွေ လည်ဖူးပြီးရင်. . စားသောက်ဆိုင်မှာ အစ်ကိုက ထမင်းကျွေးဦးမှာ'

ကိုမင်းဗိုလ်ရဲ့အပြောကို ကြည်ကြည်က ဝင်ပြီး ထောက်ခံသည်။

'တွေ့လား ယောက်မ. . တို့အစ်ကိုက သဘောကောင်းတယ်နော်. . . စိတ်ကူးလေးတည့်အောင်ထား. . ဟင်း. . . ဟင်း'

ပွင့်လွှာတို့ ရှက်ရမ်းရမ်းချေသည်။

'အင်းပေါ့လေ. . . သူ့အိမ်မှာတော့ သူ့မဲနိုင်မှာပေါ့'

ညီက သူ့အစ်မကို စချင်လာသည်နှင့်

'ကျွန်တော်လည်း တစ်မဲပါတယ်လေ. . ဟဲ. . ဟဲ'

'ကဲ. . ကဲ. . နှစ်မဲ တစ်မဲနဲ့ ပွင့်လွှာ ရှုံးသွားပါပြီ'

ကိုမင်းဗိုလ်က မြင်းလှည်းမောင်းနေရာမှ နောက်ပြန်လှည့်





ပြီး လွှာ့မျက်နှာကို စေ့စေ့ကြည့်ကာ

'ဟုတ်လား. . . မဲရှုံးတဲ့မျက်နှာလေး ကြည့်ရအောင် ပြစမ်းပါဦး'

'အို. . .'

လွှာ ရှက်လွန်းလို့ ပါးလေးတွေ ရဲတက်လာသည်။ ခေါင်းငုံ့ထားလိုက်တာ တော်တော်နှင့်ပြန်မော့မလာတော့။

ညီက အဖေကြီးလေသံဖြင့်

'ဒါ. . ဖြစ်တတ်ပျက်တတ်တဲ့ လောကသဘာဝပါ မမရယ်၊ ရှက်စရာမှမဟုတ်တာ. . ပြီးတော့. . ကျွန်တော်ထင်တယ်၊ ကိုမင်းလောက် မမကို ဂရုစိုက်ပြီး ကြင်နာတဲ့ယောကျ်ားမျိုး နောက်တစ်ယောက်မရှိနိုင်ဘူးနော်'

ကိုမင်းက သူ့ဘက်ပါတဲ့လူ ရှိတယ်ဆိုတော့ မြူးသွားပုံရသည်။

'ညီ. . . မင်း ဘာလိုချင်လဲ. . ကိုမင်းကိုပြော'

'တကယ်လား. . တကယ်ပြောတာလား ကိုမင်း၊ကျွန်တော်က ရုပ်ရှင်မင်းသမီး မိုးယုစံလေးကို လိုချင်တယ်၊ ဘယ်လိုလဲ. . . တောင်းပေးမှာလား'

'ဟေ့ကောင်. . တော်ပြီကွာ. . တော်ပြီ၊မင်းကို ငါက သက်



www.burmeseclassic.com

www.burmeseclassic.com



မဲ့ပစ္စည်းတွေပဲ ပြောတာ. . မင်းသမီးမပါဘူး'

ပွင့်လွှာနှင့် ကြည်ကြည်တို့မှာ ကိုယ့်စကားနှင့်ကိုယ် ပိတ်မိနေသော ကိုမင်းကို ကြည့်ပြီး ကျိတ်ရယ်နေရသည်။

ကြည်ကြည်က

'လွှာ. . နင့်မောင်လေးက လူသာ ငယ်တယ်၊ အရှိန်မသေးဘူးနော်'

'ဟုတ်ပ'

လွှာက ထောက်ခံတော့ ညီက စပ်ဖြီးဖြီးလုပ်နေသည်။

'အလိုတော်ပြည့်ဘုရားကို အရင်သွားဖူးမယ်နော်'

ကိုမင်းက လွှာ့ကို ဦးတည်ပြီး မေးလာသည်။ လွှာက

'ရတယ် ကိုမင်း. . အဆင်ပြေသလိုသွားပါ'

'မမကြည်ရေ. . ကိုမင်းကြည့်ရတာ ပင်ပန်းလိုက်တာနော်၊ ဒီလိုလုပ်ပါလား ကိုမင်း. . နောက်ပြန်ထိုင်ပြီး မြင်းလှည်းမောင်းပေါ့. . နို့မို့ ခဏ ခဏ လှည့်ကြည့်နေရတာနဲ့ လည်ပင်း ညောင်းနေဦးမယ်'

'မှန်တယ် ညီ၊ နင်ပြောတာ သိပ်မှန်တယ်'

ညီနှင့်ကြည်ကြည်တို့ ဗရုတ်ကျပြီး အပေးအယူတည့်နေကြသည်။





'ညီနော်. . ဒီနေ့ ဘယ်လိုဖြစ်ပြီး အူမြူးနေမှန်းကို မသိဘူး'

လွှာက ရှက်ပြီး တားတော့မှ ညီက ပိုဆိုးနေသည်။

'လိုက်ဖက်ညီလို့ပါ မမရယ်. . ဟဲ. . ဟဲ. . '

ဆက်ပြောနေရင် သူတို့ ဆက်ပြီးစ,နေဦးမည်မို့ လွှာက လက်ညှိုးထိုးမလွဲတဲ့ ဘုရားတွေကို ငေးမျှော်ရင်း ကြည်ညိုစွာ ဖူးနေမိသည်။

အဲဒီ ကိုမင်းကလည်း ဘာမှန်း မသိ။ သူတို့ပြောသမျှကို သဘောတော်ကျပြီး ရယ်ပ ရယ်နေတော့သည်။

သူများ ရှက်ပါတယ်ဆိုမှပဲ. . .

အလိုတော်ပြည့်ဘုရားတွင် ကိုမင်းက အရုဏ်ဆွမ်းကပ်လှူရန် ဆွမ်းတော်ပွဲတွေ ယူလာပေးသည်။

ပြီးတော့ တိုးတိုးလေး ပြောသေးသည်။

'လွှာ. . လိုချင်တဲ့ဆုကို တစ်ဆုတည်း အာရုံပြုပြီး တောင်းရင် ဆုတောင်းပြည့်တယ်တဲ့. . ကိုမင်းကို ကူပြီး ဆုတောင်းပေးနော်'

'ရှင်'

ရိုးသားသောလွှာက ဘာမှမသိဘဲ သူ့ကို တအံ့တသြကြည့်နေသည်မို့ သူက ခပ်တည်တည်ပင်. . .

'ဟုတ်တယ် လွှာ. . ကိုမင်း ရင်နင့်အောင်ချစ်ရတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးဆီက အဖြေမြန်မြန်ရအောင် ဆုတောင်းမလို့. . အဲဒါ လွှာပါ ကူပြီး ဆုတောင်းပေးပါလို့ပြောတာ'

'ကိုမင်းနော်. . လွှာက အကောင်းမှတ်လို့'

'ဟား. . ဟား. . ဟား၊ ကောင်မလေးတစ်ယောက် အညာမိသွားတယ်ဟေ့. . လာပါကွာ. . တို့နှစ်ယောက် အတူတူဆုတောင်းရအောင်'

ပွင့်လွှာ ဆိုသော မိန်းကလေးသည် ပြီးပြည့်စုံတဲ့ ဘဝပေးအလှတွေနှင့် မြင်သူငေးရသူဖြစ်သော်လည်း အမြဲတစေ သူ့ကိုယ်သူ နှိမ့်ချစွာနေသည်။ ရိုးသားသော ဂုဏ်တစ်ခုကို တန်ဖိုးထားကာ သူ့ဘဝကလေးကို တည့်မတ်အောင် ထိန်းကျောင်းပြီးနေနိုင်သူဖြစ်သည်။

ထို့ကြောင့်ပင် ပွင့်လွှာကို သူ ပိုပြီးတန်ဖိုးထားကာ ပိုချစ်ရခြင်းဖြစ်သည်။

လွှာသည် သူမန်ဘေးမှာ ကပ်ထိုင်ပြီး ဘုရားကိုကြည်ညိုစွာ ကန်တော့နေသော ကိုမင်းကိုကြည့်ပြီး အနည်းငယ်ရှက်နေသေးသည်။ မသိတဲ့လူတွေက သူတို့နှစ်ယောက်ကိုကြည့်ပြီး တစ်မျိုးတစ်မည် ထင်သွားနိုင်သည်လေ. . .

ပြီးတော့. . ကိုမင်း ဘုရားကန်တော့နေတာလေးက စနစ်





တကျရှိလှသည်။လက်ဖဝါးနှစ်ဖက်ကို ကြာဖူးပုံလေးပူးထားကာ ထိခြင်းငါးပါးဖြင့် အကျအန ကန်တော့သည်မို့ ကြည့်ကောင်းကောင်းဖြင့် လွှာ ငေးနေမိသည်။

ကိုမင်းဆီမှ ဘုရားကန်တော့သံ ထွက်လာသည်။

'အရှင်ဘုရား. . ယခု ဘုရားတပည့်တော်အား ငေးကြည့်နေသော ကောင်မလေးနှင့် အမြန်ဆုံးချစ်သူဖြစ်ရပါစေ ဘုရား'

ကြည့်စမ်း. . ကိုမင်း လူလည်ကျတယ်။ သူခိုး လူမိသွားတော့ လွှာက ဘုရားကို အမြန်ကန်တော့ကာ ကိုမင်းအနားမှထပြေးပါတော့သည်။

ရင်ထဲမှာတော့ အကြည်ခါတ်လေးက ကပ်ငြိပြီးပါ လာသား.

လွှာ အကူအညီလိုတဲ့အခါ. .

လွှာ အားငယ်ပြီး ဝမ်းနည်းတဲ့အခါ. . .

လွှာ အထီးကျန်ပြီး ရင်ဖွင့်ချင်တဲ့အခါ. . .

ပထမဆုံးပြေးပြီး မြင်မိတာ ကိုမင်းဗိုလ် ဆိုတဲ့သူပေါ့. . . အဲဒါဘာလဲဆိုတာ လွှာ အတိအကျသိနေသားပဲ။ ချစ်လို့ အားကိုးမိတာပဲ မဟုတ်လား. .

သူ့ကို တမင်ညှဉ်းတာ မဟုတ်ပေမယ့် ဖွင့်ပြောဖို့ကျတော့ ရှက်နေပြန်သည်။ ▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ဘုရားတွေဖူးပြီး နေ့လည် ထမင်းစားချိန်ရောက်တော့ ကိုမင်းက ပုဂံရဲ့အထင်ကရစားသောက်ဆိုင်ကြီးမှာ ထမင်းလိုက်ကျွေးသည်။

ဒီဆိုင်မှာ နိုင်ငံခြားသားတွေ လာအစားများသလို အရသာလည်း ကောင်းသည်မို့ လွှာတို့က နာမည်ကြားဖူးရုံသာရှိသည်။

'ကိုမင်း. . . ဒီဆိုင်က ဈေးကြီးမှာပေါ့. . . ဘုရားစောင်းတန်းက ဆိုင်လေးတွေမှာ သွားစားလည်း ဖြစ်တာပဲ ကိုမင်းရာ'

ညီက အားနာစွာဆိုလေလျှင် ကိုမင်းက ပြုံးပြုံးကြီးဖြင့်





'တစ်ခါတလေပဲ ညီရာ. . စားပေါ့. . ဘာဖြစ်လဲ၊ လာ. . လွှာ. . လာလေ'

ထုံးစံအတိုင်း ကိုမင်းက လွှာ့ကိုခေါ်လေလျှင် ကြည်ကြည်ပြောင်မက

'အလို. . . ရည်းစားလက်မဲ့ငါ့ဘဝကြီးက ဝမ်းနည်းစရာ၊ ဘယ်သူမှ ခေါ်မယ့်သူ မရှိကြဘူး'

ဟု စ,လေလျှင် ညီလင်းထင်က

'မမကြည်ကို ခေါ်နေတယ်. . ပန်းကန်ဆေးမလို့တဲ့'

'ကြည့်စမ်း. . . ကြည့်စမ်း'

ကြည်ကြည်က ညီ့ကိုလိုက်ထုရင်း စရင်း နောက်ရင်းဖြင့် သူတို့တွေ ဆိုင်ထဲကို ရောက်လာကြသည်။

ကိုမင်းက ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး မှာနေ၍ လွှာက တားယူရသည်။

'တော်ပြီလေ. . ကိုမင်း မှာတာတွေ များနေပြီ၊ မကုန်ရင် နှမြောစရာကြီး'

မေးလေးတွေ ကိုယ်စီထောက်ပြီး ညီနှင့်ကြည်ကြည်က

'တကယ်လိုက်တယ်နော်. . မသိရင် တကယ့်အိမ်ရှင်မကြီး ဂိုက်နဲ့.'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . မမ လုပ်တာနဲ့ ကျွန်တော်တို့ ငတ်ပေါက်တိုးတော့မှာပဲ'

'နေဦး. . . ပြောရဦးမယ်၊ ဒီနေ့ကျေးတာ ကိုမင်း မဟုတ်ဘူးနော်. . . လွှာ ကျွေးတာ'

'ရှင်'

'မရှင်နဲ့ဦး၊ လွှာ့ကောင်းမှုနဲ့ တလောလေးက ပန်းချီကားတစ်ချပ်ရောင်းလိုက်ရတယ်'

'လွှာ မသိဘူး ကိုမင်း'

'ဟုတ်တယ်. . လွှာ ဘယ်လိုမှ သိမှာ မဟုတ်ဘူး၊ လွှာ့မွေးနေ့တုန်းက လွှာ ခရေပန်းကလေးတွေ ကောက်နေတဲ့ပုံကို ကိုမင်း ပန်းချီဆွဲထားတာ. . အိမ်လာတဲ့ ဧည့်သည်တစ်ယောက်က တွေ့ပြီး အတင်းတောင်းဝယ်တယ်လေ. . ဒါနဲ့ ကိုမင်းလည်း ဒီပန်းချီကားက Not for Saleလို့ ပြောပြီး တခြားပန်းချီကားတစ်ချပ်ရောင်းပေးလိုက်တာ. . အဲဒါ လွှာ့ကောင်းမှုကြောင့်ပေါ့'

လွှာက ကိုမင်းဗိုလ်ကို ထူးဆန်းစွာတောက်ပနေသောမျက်လုံးလဲ့လဲ့လေးဖြင့် ကြည့်ပြီး

'ကိုမင်း မကောင်းဘူး၊ လွှာ မသိအောင် လွှာ့ပုံကို တိတ်





တိတ်လေး ဆွဲထားတယ်ပေါ့ ဟုတ်လား. . .'

'မမကြည်ရေ. . သူတို့က ဒီလို. . ဒီလို. . ရုပ်ရှင်ရိုက်နေကြတာဗျ'

ညီက ရုပ်ရှင်ကားတွေထဲက plotနှင့်တူသည်ဟု ပြောခြင်းဖြစ်သည်။

ကိုမင်းရယ်လေ. . ဘာတွေမြူးပြီး ဘယ်လိုသွက်နေမှန်းကို မသိတာ. . လွှာ့ပန်းကန်ထဲကို ဟင်းတွေ တစ်ဇွန်းပြီး တစ်ဇွန်း ခပ်ထည့်ပေးနေသည်။

'ညီ. . များများထည့်စား၊ စာမေးပွဲအတွက် အားတွေကုန်ထားတာ ပြန်ဖြည့်ပေးရမှာပေါ့. . ကြည်ကြည်လည်း စားနော်'

'အမလေးလေး. . ဗိုက်ပေါင်းလောင်းတော့ မနေနိုင်ပေါင်၊ ကိုကိုမပြောလည်း ကြည်တို့က စားမှာပဲ၊ ကဲ. . စဆွဲပြီ'

ထည့်ပေးမယ့်သူ မရှိတော့ သူ့ခမျာ သနားစရာပင်။ ဟင်းတွေ တစ်ဇွန်းပြီးတစ်ဇွန်း ခပ်ထည့်ပြီး အပီဆွဲနေသော ကြည်ကြည့်ပုံစံက ဟာသပင်။

လွှာ့မှာသာ မောင်နှင့်သူငယ်ချင်းကို အရှေ့မှာထားပြီး. . တစိမ့်စိမ့်ကြည့်နေသော ကိုမင်းဗိုလ်ကြောင့် ထမင်းကို ဘယ်လိုမျိုရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အယောင်ယောင်အမှားမှားတွေဖြစ်လို့. .

ထိုစဉ် တစ်ဖက်ဝိုင်းသို့ ဝင်ထိုင်ကြသော ဧည့်သည်အုပ်စုမှ လူတစ်ယောက်က ကိုမင်းကို လာနှုတ်ဆက်သည်။

'တူပါတယ်လို့ ကြည့်နေတာ. . မိသားစုနဲ့လာတာလား. . ကိုမင်းဗိုလ်'

'ဟုတ်တယ်'

'ကျွန်တော်က ခင်ဗျားကို လူပျိုမှတ်နေတာ'

'ဟင်'

ကိုမင်း ဖြစ်ပျက်သွားပုံကိုကြည့်ပြီး ညီနှင့်ကြည့်ထံမှ တခွိခွိရယ်သံတွေ ထွက်လာသည်။

'ခင်ဗျားဗျာ ကိုယ့်ချင်းကိုယ့်ချင်းတွေတောင် အိမ်ထောင်ကျတာ ဖိတ်ဖော်မရဘူး၊ ခင်ဗျားကျလည်း ကျလောက်ပါတယ်လေ'

ထိုသူက ပွင့်လွှာကို ကြည့်ပြီး သူပြောချင်ရာတွေ ပြောချသွားသည်။

'ဟော့လူ. . လျှောက်ပြောမနေနဲ့၊ ကျွန်တော် အိမ်ထောင်မှ မကျသေးတာ'

ကိုမင်းက မရှင်းချင်ရှင်းချင်နှင့် လွှာ စိတ်ခုမည်စိုး၍ဝင်ရှင်းပြရသော်လည်း တကယ်တမ်းကျတော့ ထိုသူပြောသလိုဖြစ်ချင်





လှပြီ။

'ဆောရီးဗျာ. . ကဲ. . ကဲ. . . ဆက်စားလိုက်ကြဦး၊ ကျွန်တော့်မှာ ဧည့်သည်တွေ ပါလာလို့ ခွင့်ပြုပါဦး'

ကြည်ကြည်တို့ စ,ဖို့ တစ်ကွက်ရသွားပြန်ပြီ။

'တွေ့လား ညီ၊ ငါမပြောဘူးလား. . နင့်အစ်မနဲ့ငါ့အစ်ကို လိုက်ဖက်ညီပါတယ်လို့. . အခုကြည့်လေ. . . ဘေးလူတွေတောင် သိတယ်'

လွှာက ကြည့်ကို မျက်စောင်းကလေး ပစ်ပြီး ထိုးပစ်လိုက်သည်။

ကိုမင်းက တည်ကြည်ခန့်ညားသော သူ့မျက်နှာလေးမှ အား မနာ၊ လွှာရှက်နေတာလေးကိုကြည့်ပြီး ကျေနပ်နေလေသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ပျော်ရွှင်မှုအတွက် သာယာစွာ ရယ်မောသည့်အခါ
နာကျင်မှုအတွက် တစ်စုံတစ်ရာကို ရင်ဖွင့်ချင်သည့်အခါ
မင်းခေါင်းလေး မှီဖို့အတွက်
ကိုယ့်ရင်ခွင်ဟာ အဆင်သင့်ပါ ချစ်သူ. . .
မင်းဆံနွယ်လေးတွေ လွင့်နေတာ ပန်းချီဆန်တယ်လို့ ပြောရင်
မင်းရယ်သံတွေက ဂီတသံစဉ်လေးတွေပေါ့. . .
ဆန္ဒနဲ့ဘဝ ထပ်တူကျခဲ့မယ်ဆိုရင်
ခုချိန်မှာ မင်းကို ကိုယ့်ရင်ခွင်ထဲထည့်ထားပြီး
မိုးဇက် ဖန်တီးခဲ့တဲ့ တေးသွားလေးတွေကို
နှစ်ယောက်အတူ နားထောင်ကြည့်ချင်တယ်
ဘယ်လိုလဲ. .
အဆင်ပြေရဲ့လား ချစ်သူ. . .





ဧရာဝတီမြစ်ကမ်းနံဘေးက ဗူးဘုရားမှာ ဘုရားဝင်ဖူးပြီး ဧရာဝတီမြစ်ရဲ့အလှကို ရပ်ပြီး ငေးကြည့်နေတဲ့ ပွင့်လွှာ။

သူမလေးကို မြင်တိုင်း ရင်ထဲမှာ ကဗျာတွေ ဖြစ်ပေါ်လာသည်။ မချင့်မရဲလည်း ဖြစ်မိပါရဲ့. . .

ပွင့်လွှာသည် ဧရာဝတီမြစ်ကြီးကိုချစ်သည်။ တန်ဖိုးထားသည်။ သူဟာ သူ့သမိုင်းကြောင်းကို ကောင်းအောင် ကမ္ပည်းထိုးခဲ့သလို သူ့ရဲ့အားမာန်တွေက အခုချိန်အထိ ရဲဝံ့နေမြဲ။

လွှာ့အတွက်တော့ ဧရာဝတီဟာ ideal ပါပဲ။

လွှာ့မှာ အုပ်ထိန်းသူမိဘတွေ မရှိပေမယ့် အပျိုစင် ဆိုတဲ့ ဂုဏ်တစ်ခုကို သိက္ခာရှိစွာ စောင့်စည်းနိုင်ခဲ့သည်။ ဘာအကြောင်းကြောင့်မှ အပွန်းပဲ့ခံမှာမဟုတ်ပါ။

ပွင့်လွှာဘဝမှာ ရှေ့ဆက်ဖို့အတွက် ခွန်အားတွေ လိုတဲ့ အခါ ဧရာဝတီရဲ့ တစိုက်မတ်မတ်စီးဆင်းတတ်တဲ့သဘောတရားကို အတုယူခဲ့ရသည်။

'လွှာ ကိုမင်းကို ဘယ်တော့အဖြေပေးမှာလဲ'

ကိုမင်းဗိုလ်က ပွင့်လွှာနံဘေးမှာ ယှဉ်တွဲ၍ရပ်ရင်း တိုးဖွဖွ ညင်သာစွာ မေးမိသည်။

လွှာ့ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းကို လွှာ တစ်ခုလောက်မေးကြည့်လို့ရမလားဟင်'

'မေးလေ လွှာရဲ့. . .'

'ဟိုလေ. . လွှာ့မေးခွန်းမှာ အမှားပါသွားခဲ့ရင် ခွင့်လွှတ်ပါနော်၊ လွှာ သိချင်တာက ကိုမင်း လွှာ့ကိုချစ်တာ ဟိုးရင်ထဲကနေပြီး စူးစူးနစ်နစ်ချစ်တာမျိုးလား. . ဒါမှမဟုတ် လွှာက နုံချာလို့ အထင်သေးပြီး. . .'

လွှာ့မေးခွန်းတွေကို သူ ချက်ချင်း သဘောပေါက်လိုက်သည်။ လွှာ အကူအညီလိုတဲ့အခါ သူပေးခဲ့တဲ့အပေါ် လွှာက အားငယ်ပြီး သူ့ကိုယ်သူ နှိမ့်ချနေရှာတာ. . စိတ်မကောင်းလည်း တော်တော်ဖြစ်မိသွားသည်။

'တော်ပါတော့ လွှာရယ်. . ဒီဘက်ကိုလှည့်ပြီး ကိုမင်းမျက်နှာကို တည့်တည့်ကြည့်လိုက်စမ်းပါဦး. . ကိုမင်းက လွှာ့အမြင်မှာ အခွင့်အရေးယူတတ်တဲ့သူမျိုးလား. . လွှာက ကိုမင်းကို နားအလည်ဆုံးဖြစ်မယ်လို့ ထင်ထားခဲ့တာ. . ကိုယ် တကယ်စိတ်မကောင်းဘူးကွာ၊ လွှာ့နေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆို ကိုမင်း ချစ်လို့ရမှာ မဟုတ်သလို၊ ချစ်ခြင်းမေတ္တာဆိုတာမျိုးဟာ စိတ်ကို အရင်းခံပြီးမှ တွန်းအားတစ်ခုဖြစ်သွားတာမျိုးပါ လွှာ. . လွှာ့ကိုနက်နက်ရှိုင်းရှိုင်းချစ်ခဲ့လို့သာ ကိုမင်း ဖွင့်ပြောလိုက်ရတာပါ၊ နောက်ပြီး. .





အဲဒီညက လွှာတစ်ယောက်တည်း နေမကောင်းဖြစ်ပြီး လဲနေတာ ကိုမင်း မကြည့်ရက်တော့ဘူး၊ လွှာ့အနားမှာနေပြီး ပြုစုပေးချင်ခဲ့တယ်. . ဟောဒီဘုရားမှာ သစ္စာဆိုရဲပါတယ်. . ဒါအမှန်တရားတွေပါ လွှာ. .'

ကိုမင်းရှင်းပြတာတွေ နားထောင်ပြီး လွှာကျေနပ်ပါသည်။

လွှာ့ဆီမှာ အဖြေတစ်ခု တိကျစွာရှိပေမယ့် တစ်ဖက်မှာက လွှာစောင့်ရှောက်ရမည့် မောင်လေး ရှိသေးသည်။ တစ်ဖက်ဆီမှာတော့ လွှာ့နှလုံးသားက အလိုရှိနေသည့် ချစ်သူ. . .

ချိန်ခွင်လျှာက ဘယ်ဘက်ကိုတိမ်းရမလဲဆိုတာ လွှာ မဆုံးဖြတ်နိုင်သေးပါ။

'လွှာ့ကို အချိန်တစ်ခုတော့ ပေးပါ ကိုမင်းရယ်. . ကိုမင်းလည်း သိမှာပါ၊ လွှာ့မှာ ငဲ့ကွက်စရာတွေ ရှိတယ်ဆိုတာ. . ညီ့ဘဝမှာ လွှာ မရှိလို့မဖြစ်ဘူး ကိုမင်း၊ လွှာတို့မောင်နှမဘဝက ငယ်ငယ်လေးကတည်းက ဆိုးခဲ့တာပါရှင်'

'တကယ်လို့. . . ကိုမင်းက လွှာ့ဘဝလေးထဲကို အပေါင်းလက္ခဏာတစ်ခုအနေနဲ့ အင်အားထပ်ဖြည့်ပေးဖို့ ဝင်ခဲ့မယ် ဆိုရင်ကော. . .'

'လွှာ့ကို ခဏတော့ အချိန်ပေးပါ ကိုမင်းရယ်. . ကိုမင်းကို



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆွဲပြီး ညှဉ်းတာ မဟုတ်ပါဘူး. . ကိုမင်း ခံစားနေရတာ လွှာ နားလည်ပါတယ်. . လွှာ့ကို သည်းခံပြီး စောင့်ပေးပါနော်'

ကိုမင်းက လွှာ့လက်လေးနှစ်ဖက်ကို အုပ်မိုးပြီး မိမိရရဆုပ်ကိုင်လိုက်ချိန်တွင် အမည်ဖော်ပြလို့မရသော ဓာတ်တစ်မျိုးက လွှာ့လက်ဖဝါးမှတစ်ဆင့် သွေးကြောတွေအတွင်းအထိ စိမ့်ဝင်ပျံ့နှံ့သွားတာမို့ အပျိုစင်လေး လွှာ ရှက်သွေးတွေဖြာပြီး သူမလက်တွေကို ကိုမင်းလက်ထဲမှ အတင်းပြန်ရုန်းမိသည်။

ကိုမင်းဗိုလ်က လွှာ့လက်ကလေး နှစ်ဖက်ကို ဆုပ်ကိုင်မြဲဆုပ်ကိုင်ထားသည်။ ထိုစဉ် ဘယ်အချိန်က ပြန်ရောက်လာမှန်းမသိသည့် ကြည်ကြည်တို့နှစ်ယောက်နှင့် ပက်ပင်းတိုးပါတော့သည်။

'ရောဝတီကမ်းနဖူးမှာ လပ်ဖ်ဆင်းရိုက်နေကြတာကိုး. . . ဘာတဲ့ သည်းခံပြီးစောင့်ပေးရဦးမယ် ဆိုပဲ. . ဘယ်အချိန်အထိလဲကွယ်. . ဟဲ. . ဟဲ. . တို့အစ်ကိုက ဘိုးဘွားရိပ်သာမှာ ကြိုပြီး ဘွတ်ကင်ယူထားရမယ့် ဒီဇိုင်းပဲ'

ကိုမင်းလည်း သူ့ညီမကို မနိုင်စွာ စုတ်တသတ်သတ်ဖြင့်

'ညီမလေးကလဲကွာ. . တစ်ချိန်လုံး လိုက်စ,နေတာပဲ၊ ဒီမှာ လွှာ ရှက်နေပြီကွ'

'မမက ဒီလိုပဲ. . ရှက်ပဲ ရှက်တတ်တာ၊ မချစ်တတ်ဘူး'





'ကြည့်. . ညီနော်၊ မောင်လေးကပါ ဘယ်လိုဖြစ်နေတာလဲ'

တစ်နေကုန် ဘုရားစုံဖူးပြီးပြီမို့ ထိုနေ့ညနေက နေဝင်ချိန်အထိ သူတို့ 'ဗူးဘုရား'မှာ ရှိနေခဲ့သည်။

ဆည်းဆာနေဝင်ချိန်မှာ ဧရာဝတီရဲ့အလှကိုခံစားပြီး. . ကိုမင်းကိုယ်တိုင်ယူလာပေးတဲ့ ကော်ဖီပူပူလေးတစ်ခွက်ကို သောက်ခဲ့ရသည့်အတွက် ထိုနေ့သည် ပွင့်လွှာဘဝတွင် စိတ်ချမ်းမြေ့ရသလို ရသပေါင်းစုံပေးစွမ်းနိုင်သောနေ့လည်း ဖြစ်သွားပါသည်။

အိမ်အပြန်ခရီးမှာတော့ ကိုမင်းက အလိုက်သိစွာပင် ဒေါ်ကြီးမိအတွက် ကြက်ကုန်းဘောင်တစ်ပွဲ ဝယ်ပေးလိုက်လေသည်။

ဒီလိုအလိုက်သိတာတွေ၊ ယုယတာတွေဟာ တခဏမဟုတ်ဘဲ တစ်သက်လုံးဖြစ်ပါစေတော့ ကိုမင်းရယ်. .

လွှာ့ဘဝလေး အေးချမ်းချင်တယ်၊ ဒီထက်ပိုပြီး လုံခြုံချင်တယ်၊ အဲဒီအရာတွေအားလုံးကို ပေးစွမ်းနိုင်မယ့်သူဟာ ကိုမင်းပဲလို့ လွှာ ယုံကြည်ပါတယ်. . .

▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ပုဂံမှပြန်လာပြီးနောက်ပိုင်း ကိုမင်းဗိုလ်နှင့်ပွင့်လွှာ ပို၍ ရင်းနှီးလာသည်။

ကိုမင်းဗိုလ်သည် ညဘက် ပန်းချီဆွဲပြီး ဘယ်လောက်ပဲ အိပ်ရေးပျက်ပါစေ. . မနက်အရုဏ်တက်ချိန်မှာ ထနောင်းပင်တွေ အောက်မှ ပွင့်လွှာ ထွက်မလာမချင်းစောင့်ပြီး လွှာအလုပ်လုပ်သည့် နေရာသို့ ပို့ပေးတာ နေ့တိုင်းရက်ဆက်မို့ လွှာ့မှာ အားနာလှပါပြီ။

အချစ်က အရာရာကိုပြောင်းလဲစေနိုင်သလား. . အရင်က ဒါတွေကို မဆန်းစစ်မိပေမယ့် ခုတော့ ကိုမင်းစောင့်နေတဲ့အသိလေးတစ်ချက်နဲ့တင် အိမ်မှစထွက်တိုင်း ကျေနပ်စိတ်နှင့်အတူ ရှက်စိတ်ဖြင့် ခြေလှမ်းက မှားချင်သည်။

နွေဦးကာလပေမယ့် အညာရဲ့အရုဏ်တက်ချိန်က သိပ်ပြီး မပူလှပါ။





အမှန်တော့ လွှာ ယွန်းပန်းချီကလေးတွေ ဆွဲတဲ့ နေရာက မနက် ရှစ်နာရီလောက်မှ အလုပ်စ,ဆင်းရတာ ဖြစ်ပေမယ့် မနက်အစောကြီး ခရေပန်းလေးတွေ သီပြီး ဘုရားမှာ ဖောက်သည်သွားသွင်းနေကျမို့ လွှာ အိမ်မှစောစောထွက်ခြင်း ဖြစ်သည်။

ဟိုးရှေ့. . ခပ်လှမ်းလှမ်းမှာ ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီအစင်းလေးကို လက်ခေါက်ပြီးဝတ်ထားသော ကိုမင်းကို လွှာ တွေ့နေရပါပြီ။ ကိုယ့်ကို ချစ်နေပါတယ်လို့ အတိအလင်းကြေငြာထားတဲ့ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ လွှာ့ရင်တွေက ဘာလို့အဆမတန်ခုန်နေရတာလဲ. .

ကိုမင်းက လွှာ့ရှေ့ကို တည့်တည့်လျှောက်လာရင်း. . လွှာ့မျက်နှာလေးကို မလွှတ်တမ်းစိုက်ကြည့်ကာ. .

'ကျက်သရေရှိလိုက်တာ လွှာရယ်. . ဒီဝတ်စုံလေးက လွှာနဲ့ အရမ်းလိုက်တာပဲ'

လွှာက သူမ ဝတ်လာသော အဝတ်အစားတွေကို ပြန်ငုံ့ကြည့်မိသည်။

ဈေးသင့်သဖြင့် ဝယ်ဝတ်ထားသော နက်ပြာရောင် ရယ်ဒီမိတ်လေးနှင့် အဖြူခံပေါ်တွင် နက်ပြာရောင်အပွင့်နုတ်နုတ်လေးတွေပါသော ချည်ထဘီလေးသာ. . . ဘာမှ အဖိုးမတန်ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းရယ် လွှာဝတ်တဲ့ အဝတ်တွေက ဈေးပေါပြီး အဖိုးမတန်ပါဘူးရှင်'

'ဒါ ဘာဖြစ်သေးလဲ လွှာရယ်. . ဈေးကြီးပြီး ကိုယ်နဲ့မလိုက်ဖက်ရင် ဘယ်လိုလုပ်တင့်တယ်မှာလဲ၊ အားမငယ်ပါနဲ့ ညီမလေးရာ'

ဒါတွေကြောင့်လား. . . ကိုမင်းရဲ့ အဲလိုအပြောလေးတွေကြောင့် လွှာ ပစ်ကျသွားတာ ဖြစ်မည်။

အစ်ကိုတစ်ယောက် ကိုယ့်ရှေ့မှာ မားမားမတ်မတ် ရပ်ပေးလိုက်သလို အားရှိသွားသည်။

'လွန်ခဲ့တဲ့ တစ်နှစ်က လွှာ့ကို ကိုမင်း ချစ်ခွင့်ပန်လိမ့်မယ်လို့ လွှာ ထင်ခဲ့လို့လား. . ဒီလိုပဲပေါ့. . လူ့ဘဝဆိုတာ ပုံသေကားချပ်ဘောင်ခတ်ထားလို့မှမရဘဲ. . မဟုတ်ဘူးလား'

ကိုမင်းမျက်နှာကို လွှာက အားကိုးတကြီးမော့ကြည့်မိလျှင် ကိုမင်းက လွှာ့ကို နူးညံ့ပြီး ဆွဲဆောင်မှုရှိသောအပြုံးဖြင့် ပြန်၍ကြည့်လေသည်။

ကိုမင်းရဲ့ ယောကျ်ားပီသတဲ့စိတ်ဓာတ်လေးကို လွှာ လေးစားရလေသည်။

နေ့တိုင်း တွေ့မြင်နေရပေမယ့် သူ့ကတိအတိုင်း လွှာ့ဆီမှ အဖြေထပ်မတောင်းခဲ့ပါ။





'လွှာ. . ရှေ့မှာ ခဲလုံးအကြီးရှိတယ်နော်. . သတိထား'

ကိုမင်းက တစ်လမ်းလုံး လွှာ ခလုတ်မထိ ဆူးမငြိစေဖို့ တတွတ်တွတ်သတိပေးလာသည်။

'လွှာ. . ကိုယ် တစ်ခုမေးကြည့်လို့ရမလား'

'မေးလေ. . ကိုမင်း'

'တကယ်လို့. . လွှာက ကိုယ့်ကို အဖြေပေးမယ်ဆိုရင် ချစ်သူတွေ ဖြစ်သွားမှာပေါ့နော်. . အဲဒီအခါကျ ကိုမင်းကို ဘယ်လိုခေါ်မှာလဲလို့ ကြိုသိချင်လို့'

သူ့မေးခွန်းက ဒဲ့ကြီးမေးလာတော့ လွှာရယ်ချင်သွားသည်။

'ကိုမင်းရယ်. . မုန့်ဆီကြော်က ဘယ်နေမှန်းမသိဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါ့မလားဆိုသလို ဖြစ်နေပါပြီ'

'မုန့်ဆီကြော်က လွှာ့ဆီမှာ ရှိတယ်. . ကိုယ့်နှုတ်ခမ်းလည်း နာမနေဘူး၊ တည့်မှာပါ လွှာရယ်. . နော်. . အခေါ်အဝေါ်လေးပဲ သိချင်တာ. . လွှာက အရမ်းကပ်စေးနည်းတယ်ကွာ'

ကလေးဆိုးကြီးလို တကျည်ကျည်လုပ်နေသော ကိုမင်း. .

'လွှာ ငယ်ငယ်လေးကတည်းက စိတ်ကူးယဉ်ဖို့အချိန်မှမရခဲ့တာ ကိုမင်းရယ်. . ဘဝမှာ ဆက်အသက်ရှင်ဖို့အတွက် ရုန်းကန်နေခဲ့ရတာဆိုတော့. . အဲဒီနေ့အဲဒီအချိန်ကျမှ လွှာ့စိတ်ထဲမှာ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရသလို ဖြစ်ပေါ်လာသလို ခေါ်ချင်တာ'

'လွှာ ပြောတာလေးက သဘာဝကျပါတယ်လေ'

'ကိုမင်းရေ. . . ဟိုးတောင်ခြေကို ကြည့်စမ်းပါဦး၊ ရောင်နီလေးတွေ ပျို့လာပြီနော်. . ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလိုပဲ၊ လွှာ့စိတ်တွေ ငြိမ်းချမ်းလိုက်တာရှင်'

'တကယ်တော့ ကိုမင်းတို့လို ပန်းချီဆရာတွေဟာ သဘာဝပန်းချီကားကိုတော့ မီအောင် မဆွဲနိုင်ပါဘူး လွှာရယ်. . ကိုယ်ပြောတဲ့ သဘာဝအလှတရားတွေထဲမှာ ဟောဒီက လွှာ ဆိုတဲ့ ကောင်မလေးက ထိပ်ဆုံးက ပါတယ်. . သိလား'

လွှာသည် ပိုရန်ကော. . ဟူသည့်သဘောဖြင့် မျက်စောင်းကလေးကို ချစ်စဖွယ် ခိုးလေလျှင် သူ့ရင်ထဲတွင် ကျလိ ကျလိဖြင့် အသည်းတယားယားရှိလှသည်။

လူလုံးသဲကွဲလို့ အလင်းရောင်အားကောင်းလာသောအချိန်တွင်ကား ကိုမင်းဗိုလ်သည် လွှာနှင့်အတူ ခရေပန်းလေးတွေ ကူကောက်နေပြီဖြစ်သည်။

လွှာတစ်ယောက်တည်း ကောက်လျှင် ပန်းတွေ သိပ်မရပေမယ့်. . ကိုမင်း ကူကောက်ပေးသောအခါ အချိန်မြန်ပြီး ပန်းလည်း ပိုရလေ့ရှိသည်။





လွှာက ယူလာသောခြင်းလေးမှာ ပန်းတွေပြည့်သည်နှင့် သူမ ပန်းသီနေကျနေရာလေးမှာ အကျအနထိုင်ပြီး ပန်းလေးတွေကို စိတ်တိုင်းကျသီကုံးပါတော့သည်။ ကိုမင်းသည် လွှာ၏ထိုပုံစံလေးကို စိတ်ထဲမှာ အရုပ်ရေးနေမိသည်။

ကင်းဗတ်စပေါ်တွင် စုတ်ချက်တင်စရာမလိုတော့လောက်အောင် လွှာ့ပုံရိပ်တွေကို သူ့နှလုံးသားက အလွတ်ကျက်မိနေပြီဖြစ်သည်။

တစိမ့်စိမ့်ကြည့်ပြီး တမြေ့မြေ့ခံစားစေသော အလှပိုင်ရှင်လေး လွှာ. . .

'ကိုမင်း. . ပျင်းနေပြီလား ဟင်. . မနက်ဖြန်ကျရင် လာမစောင့်နဲ့တော့နော်. . လွှာ မောင်လေးကိုခေါ်ခဲ့ပါ့မယ်'

'မရဘူး လွှာ. . ကိုမင်း ညီလေးဆီက ပါမစ်ရထားပြီးသား'

'သွား. . သူတို့နှစ်ယောက်က အတိုင်အဖောက်ကို ညီလို့၊ သိပ်မုန်းဖို့ကောင်းတာပဲ'

လွှာ ပန်းလေးတွေ သီလို့ပြီးတဲ့အချိန်ဆို ကိုမင်းနှင့်အတူ ဘုရားစောင်းတန်းက ပန်းသည်တွေဆီမှာ သွားပေးပြီး ပိုက်ဆံယူမည်။ အဲဒီနောက်ပိုင်းအချိန်တွေမှာတော့ သူတို့နှစ်ယောက်သည် ကောက်ညှင်းပေါင်းနှင့် အကြော်စုံပူပူလေး ရသော ကြီးနွေ၏ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်ကြသည်။ လွှာနှင့်ကိုမင်းက လက်ဖက်ရည်ကြိုက်တာချင်းလည်း တူကြသည်။

ကိုမင်းက လက်ဖက်ရည် ကျဆိမ့် နှစ်ခွက် မှာပြီး. . လွှာ အသင့်သောက်နိုင်ရန် ဇွန်းဖြင့် မွှေပေးရင်း

'စား. . လွှာ၊ အကြော်တွေပူတုန်း စားလိုက်၊ ပြီးရင် ပိုက်ဆံ လုမရှင်းကြေးနော်. . ဒီနေ့ ကိုမင်း ကျွေးမှာ'

'မဟုတ်တာပဲ ကိုမင်းရယ်. . လွှာက ကျွေးရမှာပါ'

'တော်ပြီ လွှာ. . လွှာ မရှင်းရဘူး၊ လွှာ့မောင်လေးက ဂုဏ်ထူးတွေနဲ့အောင်မှာ ကိုမင်းမြင်နေရတယ်၊ သူ ဆေးကျောင်းတက်လို့ရအောင် လွှာ ငွေစုရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား'

လွှာ့မျက်နှာသည် ရုတ်တရက် ဝင်းလက်လာပြီးနောက်. . ချက်ချင်းညှိုးငယ်သွားကာ

'ဒါတော့ ဒါပေါ့ ကိုမင်းရယ်၊ ဘြော်. . လွှာ မေ့တော့မလို့၊ ကိုမင်းဆီကယူထားတဲ့ပိုက်ဆံ လွှာ ပြန်ဆပ်ပါရစေ၊ ဒီမှာ ကိုမင်း'

လွှာက သူမပိုက်ဆံအိတ်လေးထဲမှငွေစက္ကူများကို ယူထုတ်ပေးရင်း စားပွဲပေါ်တွင် ချပေးလိုက်သည်။

ကိုမင်းဗိုလ်က သူ့ရှေ့မှာရှိနေသော ငွေတွေကို လွှာ့ဘက်သို့ ပြန်တွန်းပို့ရင်း





'ကိုမင်းရဲ့စေတနာကို အသိအမှတ်ပြုပေးပါ လွှာ'

'လွှာ တစ်သက်လုံး လိပ်ပြာလုံပါရစေ ကိုမင်း. . နော်'

ထိုအကြည့်နှင့် ထိုအပြောတို့တွင် တစ်ယောက်ရင်ကို တစ်ယောက် ထိုးဖောက်ပြီး မြင်သွားပြီမို့ သူ လက်လျှော့လိုက်ရသည်။

လွှာ့ရဲ့မာနလေးကိုလည်း သူ အသိအမှတ်ပြုပေးရဦးမှာပေါ့. . .

သူချစ်ရသော ပွင့်လွှာသည် ငွေမရှိတာက လွဲလို့ ဖြူစင်သောစိတ်ကလေး ရှိသည်။ ကြည်လင်သောရုပ်ရည်ကလေးနှင့်တင့်တယ် လှပသည်။ ပီပြင်သော ဆုံးဖြတ်ချက်ဖြင့် တွေဝေမနေတတ်သော ကောင်မလေးတစ်ယောက်မို့ သူ တန်ဖိုးထားရပါသည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

စာမေးပွဲဖြေပြီး ကျောင်းပိတ်ကတည်းက ညီတစ်ယောက် အိမ်မှာ အနားမနေဘဲ အင်္ဂလိပ်စကားပြောသင်တန်း တက်သည်။ ဒီအတောအတွင်းမှာ ကြီးမိကလည်း ထူထူထောင်ထောင်ဖြစ်လာပြီမို့ လွှာတို့ အိမ်ကလေးဟာ အေးချမ်းပြီး ပျော်စရာကောင်းနေတော့သည်။

အိမ်မှာ လူစုံတဲ့အချိန်ဆို ညီက လက်စွမ်းပြပြီး ဟင်းချက်ကျွေးတတ်သည်။

သူ တတ်သလောက် မှတ်သလောက်လေး ချက်ပြီး အစ်မကိုကျွေးချင်တဲ့ စေတနာလေးက ချစ်ဖို့ကောင်းလှသည်။

'ဒီနေ့. . . ဝက်သားနဲ့ မျှစ်ချဉ်ဟင်းချက်လို့ ကိုမင်းတို့ကို





ထမင်းစားဖိတ်ထားတယ် မမ'

'ဘုရားရေ'

လွှာသည် ဘုရားတ,ပြီး သူ့ရင်ဘတ်သူ ဖိမိတော့သည်။ ကြီးမိကတော့ သဘောတွေကျပြီး ရယ်ပဲ ရယ်နေတော့သည်။

သူ့တူ လူတတ်ကြီးက သူ့ဘာသူ စီစဉ်ပြီး လုပ်ချင်ရာလုပ်နေလို့ ကျေနပ်နေသလား မဆိုနိုင်ပါ။

'မောင်လေးရယ်. . ဝက်သားက ပိုပိုလျှံလျှံရော ရှိလို့လား'

'အဟား. . ကျွန်တော် သိတယ်နော်၊ မမ ပိုက်ဆံကုန်မှာစိုးလို့ မဟုတ်လား၊ ကြီးမိနဲ့မမ အံ့ဩသွားအောင်လို့ ဒီနေ့ လူစုံမှ ပြောပြမလို့ လုပ်ထားတာ၊ ဟိုတလောလေးက ကျွန်တော် ဘုရားဖူးလာတဲ့ နိုင်ငံခြားသားတစ်ယောက်ကို guideလုပ်ပေးလိုက်လို့ သူ မုန့်ဖိုးပေးသွားတဲ့ ပိုက်ဆံနဲ့ ဒီနေ့ ချက်ကျွေးတာ'

'ဘယ်လို. . .'

လွှာ့ထံမှ အာမေဋိတ်သံကလေး ထွက်လာသည်။

ဒါဆို မောင်လေး အလုပ်လုပ်နေပြီလား။ သူမ မေးချင်တာကိုလည်း အကင်းပါးသော ညီက ရိပ်မိပုံပင်။

'မမထင်သလို ဧည့်သည်လာရင် အတင်းဝင်ရှင်းပြပြီး မုန့်ဖိုးတောင်းလာတာ မဟုတ်ပါဘူးဗျ၊ ကျွန်တော် စာထိုင်ဖတ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



သူက အကူအညီလာတောင်းလို့ လိုက်ရှင်းပြမိတာ၊ အဲဒီလူက ပြော သွားတယ် သိလား၊ ကျွန်တော့်လေယူလေသိမ်းက အရမ်းကောင်း တယ်. . . တဲ့'

'မောင်လေးရယ်'

ညီ့ခေါင်းလေးကို လက်ဖြင့် ဖိကိုင်မိပြီး ဝမ်းသာဝမ်းနည်း ဖြစ်ကာ မေမေ့ကို သတိရမိသည်။

လွှာတို့ မောင်နှမနှစ်ယောက်လုံး လိမ္မာတယ်မဟုတ်လား မေမေ. . .

အဲဒါ. . မေမေက လွှာတို့ကိုငယ်ငယ်လေးကတည်းက ဆုံးမ သွန်သင်ခဲ့လို့ပေါ့။

'ဟား. . . မျှစ်ချဉ်ဟင်းအနံ့လေးက မွှေးနေတာပဲဟေ့'

အော်ကြီးဟစ်ကျယ်ပြောပြီး ဝင်လာကြသော ကိုမင်းဗိုလ် တို့မောင်နှမနှစ်ယောက်။

ညီက သူ့ညေ့်သည်တွေကို ဧည့်ဝတ်ကျေစွာ ဖိတ်ခေါ် သည်။

'လာဗျာ. . ငါးပိရည်လည်း ကျိုထားတယ်. တို့စရာအစုံနဲ့ ဒီနေ့ ကျွန်တော့်လက်ရာနော်. . ကြိုပြောထားတာ. . . တော်ကြာ ကိုမင်းက မမ ချက်တယ် အောက်မေ့ပြီး ထမင်းတစ်အိုး ချီးမကပ်





ဖြစ်နေမှာစိုးလို့ ပြောထားရတာ ဟဲ. . . ဟဲ'

'ဟာ. . ဒီအိမ်ရှင်ကလဲ စားတော့ စား၊ ကုန်အောင် မစား နဲ့လို့ ပြောနေပါလား'

ညီ့ကို ကြည်ကြည်က ဝင်နောက်ပါသည်။ ကိုမင်းက ဘာမှ မပြောဘဲ လွှာ့မျက်နှာလေးကို အသနားခံနေတဲ့ မျက်လုံးတွေနှင့် စိုက်ပြီး ကြည့်နေပါတော့သည်။

'မောင်မင်းဗိုလ် ပန်းချီကားပွဲအခြေအနေ ဘယ်လိုရှိသ လဲကွယ့်'

ကြီးမိက မေးတော့မှ

'ဗျာ. . ကောင်းပါတယ် ခင်ဗျ. . ရန်ကုန်နဲ့ မန္တလေးမှာ ကျွန်တော့်မိတ်ဆွေတွေရှိတော့ သူတို့ လှမ်းမှာတာနဲ့ အခုဆို ပို့အာရုံ စိုက်ပြီး ဆွဲနေရတယ်'

'ကောင်းတာပေါ့ကွယ်'

'ကျွန်တော် ကြိုးစားနေတယ်ဗျ. . ကိုယ်ပိုင်ဆိုင်ခန်းလေး ဖွင့်မလားလို့၊ နိုင်ငံခြားသားတွေက သူတို့ကြိုက်ရင် ကြိုက်ဈေးပေး ပြီးဝယ်ကြတာလေ'

'ဟား. . ကိုမင်း idea က တကယ်မိုက်တယ်ဗျ၊ ဆက်လုပ် ဗျာ. . . ကျွန်တော် အားပေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဝမ်းသာအားရ အားပေးဖော်ရသော ညီလင်းထင်ကို ကြည့်ပြီး

'ညီး . မင်းတို့ အောင်စာရင်း ဘယ်တော့ထွက်မလဲ'

'ခွန်လဆန်းလို့ ကြားတာပဲ. . ဘာဖြစ်လို့လဲ ကိုမင်း'

'ငါ အာရုံရနေတယ်ကွ၊ မင်း ဆေးလိုင်း လုံးဝဝင်မှာ၊ အဲဒီအခါကျ တက်ဖြစ်အောင် တက်ရမှာနော်. . တို့ပတ်ဝန်းကျင်မှာ ဆရာဝန်တစ်ယောက်ရှိတယ်ဆို တို့တွေ လက်မ ထောင်လို့ ရတာပေါ့'

'ကြီးမိလည်း သားလေးကို ဆရာဝန် သိပ်ဖြစ်စေချင်တာ၊ ဒါပေမယ့်. . သမီးလေးကိုလည်း အားနာတယ်. . သနားတယ်. . သားရယ်'

ကြီးမိက ဝမ်းနည်းစကားဆိုနေသဖြင့် လွှာက

'ဘာများလဲလို့ ကြီးမိရယ်၊ ညီက လွှာ့မောင်လေးပဲ၊ လွှာ့မှာ တာဝန်ရှိတယ်. . လွှာလုပ်ပေးမှာပဲ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့နော်'

'ကျွန်တော် စဉ်းစားထားပြီးသား၊ ဖိုးညီအတွက် ကျွန်တော် ပညာဒါနပြုမလို့. . လွှာက လက်ခံဖို့ပဲ လိုတာ'

'ကျွန်တော်လည်း ကျောင်းပိတ်တုန်း ငွေစုနေပါတယ်ဗျ'





တစ်ယောက် တစ်ပေါက် အားတက်သရော ပြောနေကြတော့ ထမင်းစားဖို့ပင် မေ့သွားပါသည်။

ထိုနေ့က အိမ်မှာ လူစုံတက်စုံဖြင့် ထမင်းလက်စုံ စားကြတာ ပျော်စရာကောင်းလွန်းသည်။

စကားပြောလိုက်. . စားလိုက်ဖြင့် အစားအသောက်ပျက်နေသော ကြီးမိပင် ထမင်းနှစ်ပန်းကန် ကုန်သွားတာ ထူးဆန်းလေစွ. . .။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၇

လွှာသည် ညီနှင့်ပတ်သက်ပြီး ကိုမင်းရဲ့ နိမိတ်ဖတ်စကားကို ကြားပြီးနောက်ပိုင်း အလုပ်ကိုပိုလုပ်တော့သည်။

စနေ-တနင်္ဂနွေရက်များတွင် မနက်အစောကြီး ထပြီး ဈေးမှာ မုန့်ဟင်းခါး ရောင်းလေသည်။ ကြီးမိက မုန့်ဟင်းခါးကောင်းကောင်းချက်တတ်သောကြောင့် ပိုအဆင်ပြေသည်။ စားတဲ့သူတွေကလည်း အကြိုက်တွေ့ကြလေသည်။

နှစ်နာရီလောက် ရောင်းလိုက်လျှင် မုန့်ဟင်းခါးက ကုန်ပြီမို့ ဈေးသိမ်းပြီးပြန်လာ ရေမိုးချိုးပြီး ဆေးလိပ်ခုံသို့ ဆက်သွားရုံပင်။

အလုပ်နှစ်ခုကို ယှဉ်လျှင် ကိုယ်ပိုင်အလုပ်လေးက ပိုပြီးဝင်ငွေကောင်းတာ လွှာ သိပါသည်။





သို့သော် ကြီးမိတူမတစ်ယောက်အနေနှင့် အလုပ်သွင်းပေးခဲ့တာမို့ ထိုအလုပ်အပေါ် သစ္စာမဖောက်ရက်တာ လွှာ့စိတ်ရင်းကြောင့်ပင်။

လွှာ အိမ်မှမထွက်မီ ကြီးမိက

'သမီး ဝင်ငွေကောင်းရင်လည်း ကြီးမိတို့ နေ့တိုင်း ရောင်းကြမလား. . အသုပ်စုံကလေးပါ ထည့်နိုင်ရင် ပိုကောင်းမလားလို့. . ဆေးလိပ်ခုံမှာကျတော့ တစ်နေကုန် အညောင်းထိုင်နေရမှာ သမီးအတွက် ပြောတာပါကွယ်'

'သမီးက ဖြစ်ပါတယ် ကြီးမိရယ်. . ဘာပဲ လုပ်ရ လုပ်ရပါ၊ တစ်ပတ်မှာ နှစ်ရက်ပဲရောင်းလို့ လူတွေကလည်း မေးကြပါတယ်၊ နောက်ပြီး အော်ဒါမှာလို့ ရသလားတဲ့၊ သမီးက ရတယ်လို့ဖြေလိုက်တာပေါ့၊ ဒီအတိုင်းဆို သမီး မောင်လေးကို ဆေးကျောင်း ကောင်းကောင်းပို့လို့ ရပြီ. . ဒါပေမယ့် သူများကြားရင် ရယ်စရာများ ဖြစ်နေမလား မသိဘူးနော်. . . မောင်လေးက အောင်စာရင်းတောင်ထွက်သေးတာ မဟုတ်ဘူး'

ပွင့်လွှာက ရှက်ရှက်ဖြင့်ပြောလေလျှင်

'ဒါတော့ ဒါပေါ့ သမီးရယ်၊ ခု ရေတွင်းတူး. . ခုရေကြည်သောက်လို့မှ မရတာ. . ကြိုတင်ပြီး လုပ်ထားတော့ မမှားဘူးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သမီးလည်း အသက်မငယ်တော့ဘူး. . မောင်မင်းဗိုလ်ကို စဉ်းစားသင့်တယ်လို့ ကြီးမိတော့ ထင်တယ်'

'လွှာ မောင်လေး ကျောင်းမပြီးမချင်း အိမ်ထောင်မပြုချင်ဘူး ကြီးမိရယ်၊ အဲဒါ လွှာ့ရင်ထဲက စကားအမှန်ပဲ'

'စဉ်းစားပေါ့ သမီးရယ်. . သမီးတို့ နှစ်ယောက်ပေါင်းပြီး မောင်လေးကို ဖြည့်ဆည်းပေးရင် ရတာပဲ'

'လူ့စိတ်ဆိုတာ ပြောလို့မရဘူး ကြီးမိရဲ့၊ ကိုမင်းကို အထင်သေးတာတော့ မဟုတ်ဘူး၊ ဒါပေမယ့်. . . လွှာက မောင်လေးရှေ့မှာ မားမားမတ်မတ်ရပ်ပေးချင်တာ လွှာအသက်ရှင်နေသရွေ့ပေါ့၊ ဒါကြောင့် နှလုံးသားကို အလိုမလိုက်နိုင်တာပါ ကြီးမိရယ်. . . သမီး နောက်ကျနေလို့ သွားတော့မယ်နော်'

'ထမင်းဘူး ယူသွားဦးနော် သမီး'

'ပါတယ် ကြီးမိ၊ တာ့တာ'

လွှာက ပြုနေကျအတိုင်း ကြီးမိရဲ့ပါးကလေးကို ရွှတ်ကနဲ နမ်းကာနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

ဒီနှစ်နွေက ပိုပြီးပူပြင်းသည်ဟု လွှာ ထင်သည်။ လွှာက ဆံပင်အရှည်ကြီးကို ကျစ်ဆံမြီးနှစ်ဖက်ကျစ်ကာ ရှေ့တွင်ချထားပြီး အဖြူရောင်ချည်ထည်အင်္ကျီလေး ဝတ်ထားသည်။ အပူဒဏ် ခံနိုင်





အောင် သနပ်ခါးကို ထူထူလေးလိမ်းလာခဲ့သည်မို့ စံပယ်နံ့ပါသော သနပ်ခါးလေးက လေတိုက်လိုက်တိုင်း သင်းနေသည်။

လွှာသည် နောက်ကျနေပြီမို့ ခပ်သွက်သွက်လေးလျှောက်လာခဲ့ရာ ရှေ့မျက်နှာချင်းဆိုင်မှလာနေသောမိန်းမကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

အနီးကပ်ကြည့်တော့မှ ထိုမိန်းမကြီးသည် လွှာ့ကို မျက်လုံးမလွှဲဘဲ စူးစိုက်ကာ ကြည့်နေမှန်း သိလိုက်ရသည်။ ထိုမျက်လုံးနှင့် ထိုအကြည့်ကြောင့် လွှာ့တစ်ကိုယ်လုံး ကြက်သီး တဖျန်းဖျန်းထသွားသည်။ အင်မတန်မှ စူးရှပြီး တစ်ဖက်သားကို ထိုးဖောက်ကာ မြင်နေရသော အကြည့်မျိုး။

လွှာက သူ့ကိုရှောင်ကွင်းပြီး ဆက်လျှောက်မလို့ ပြင်စဉ် ထိုမိန်းမကြီးက

'သမီး. . ခဏနေဦး'

လို့ လှမ်းပြောပြီး လွှာ့မျက်နှာကို စေ့စေ့ကြည့်ကာ

'ညီလင်းထင်'

'ရှင်'

မောင်လေးနာမည်ကို ပီပီသသကြီး ကြားလိုက်ရလို့ လွှာ အရမ်းအံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ. . ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်မှာ'

'ရှင်'

လွှာ အံ့ဩလွန်းသဖြင့် တရှင်ရှင် ဖြစ်နေရသည်။ ပြောပြီး မိန်းမကြီးက လှည့်ထွက်သွားသည်။

ထူးဆန်းလိုက်တာ. . .

သူက မောင်လေးနာမည်ကိုလည်း သိနေသည်။ မောင်လေး ဘာဖြစ်မလဲဆိုတာကိုလည်း ပြောသွားသေးသည်။ ထိုမိန်းမကြီးသွားရာနောက်ကို လိုက်ကြည့်ရင်း ထိုနေရာမှာပင် လွှာ အကြာကြီး ရပ်နေမိခဲ့သည်။

ထူးဆန်းတာက သူ့ကို လွှာလုံးဝမသိခြင်းပင်။ သူပြောသွားတာတွေက ကောင်းတာတွေပဲဆိုတော့ ဖြေသာပါသေးသည်။

သူပြောတာ မှန် မမှန်ဆိုတာတော့ ရှေ့လ အောင်စာရင်းတွေ ထွက်ရင် သိရမှာပဲလေ။ လွှာ့စိတ်ထဲမှာတော့ ကျိတ်ပြီးပျော်သွားသည်။ ကိုယ်တိုင် ယုံကြည်ထားတဲ့အရာတစ်ခုကို တစ်စုံတစ်ယောက်က ဝင်ပြီး မှတ်ချက်ချအတည်ပြုပေးလိုက်သဖြင့် ပိုပြီးအားရှိသွားရသည်။

ဒီအကြောင်းတွေ ကြည်ကြည့်ကို ပြောပြရင် ပါးစပ်ကြီးဟပြီး အံ့ဩနေမှာ မြင်ယောင်ပါသေးရဲ့။





ကိုမင်းဆိုရင်တော့. . ကဲ. . သူ မပြောဘူးလားဆိုပြီး ပြောဦးမှာ။

အို. . မရေရာမသေချာသေးဘဲနဲ့ ဘယ်သူ့ကိုမှဖွင့်မပြောတာ အကောင်းဆုံးပါပဲ။

စိတ်ထဲမှာပဲထားဖို့ လွှာ ဆုံးဖြတ်လိုက်သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

လွှာတစ်ယောက် ဘုရားစင်ရှေ့မှာ ဘုရားကန်တော့ နေရပေမယ့် စိတ်တွေက မတည်ငြိမ်။

မောင်လေးက အောင်စာရင်း သွားကြည့်နေချိန် အိမ်မှာ စိတ်လှုပ်ရှားလွန်းလို့ ဘာအလုပ်မှလုပ်လို့မရ။ ထို့ကြောင့် ဘုရားရှိခိုးပြန်တော့ နေ့တိုင်းဆိုနေကျ ဘုရားစာတွေက ကမောက်ကမဖြစ်လိုဖြစ်။

လမ်းပေါ်ကြည့်လိုက် ဘုရားရှိခိုးလိုက်လုပ်နေသော လွှာ့ကို ဒေါ်ကြီးမိက

'စိတ်အေးအေးထားပါ သမီးရယ်. . ညီက သမီးကို ဘယ်တုန်းကမှ စိတ်ဆင်းရဲပေးခဲ့တာမဟုတ်ဘူး၊ အင်မတန်မှ လိမ္မာရေး

အောင်းညာပြာသိုစာပေ



ခြားရှိတဲ့ကလေး. . ကြီးမိတော့ ယုံတယ်. . သူတော်ကောင်းကို နတ်ကောင်း မ,မှာပါကွယ်'

'မမရေ. . မမ'

ဟိုးအဝေးကြီးမှ မောင်လေးရဲ့ ခေါ်သံလေးကို သူမ ကြားလိုက်ရသည်။ သဲ့သဲ့လေး ကြားပေမယ့် ဝမ်းသာအားရခေါ်နေတဲ့ အသံမှန်း လွှာခွဲခြားပြီး သိနေသည်။

ဘာမပြောညာမပြောဖြင့် လွှာ အိမ်ပြင်သို့ ပြေးထွက်သွားလေသည်။

ခပ်လှမ်းလှမ်းမှာ အမောတကောပြေးလာနေသော မောင်လေးကို တွေ့လိုက်ရသည်။

'မောင်လေး. . အောင်လားဟင် အောင်လား'

'ကျွန်တော် ဘာသာစုံ ဂုဏ်ထူးထွက်တယ် မမ'

ညီ၏ဝမ်းသာအားရဖြေသံအဆုံးမှာ ပျော်လွန်းသဖြင့် လွှာ့ရင်ဘတ်ထဲက စူးပြီးအောင့်တက်လာသည်။ နာလိုက်သည့်မှာ ပြောဖွယ်ရာမရှိတော့။ အသက်ကို ဘယ်လိုရှူရမှန်း မသိတော့လောက်အောင် ချွေးသီးချွေးပေါက်တွေကျပြီး နေရခက်လာသည်။

လွှာက သူ့ဘယ်ဘက်ရင်ဘတ်ကို လက်ဖြင့် ဖိထားရင်း မျက်ရည်တွေ စီးကျလာသည်။

အောင်းညာပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ပျော်လို့ကျတဲ့ မျက်ရည်တွေပါ။

'မမ. . မမ. . ဝမ်းသာလိုက်တာ မောင်လေးရယ်'

ညီက အစ်မဖြစ်သူကိုကြည့်ပြီး စိတ်ပူလာသည်။

'မမ. . ရရဲ့လား ဘာဖြစ်နေတာလဲဟင် နေမကောင်းဘူးလား'

'ရတယ်. . မမ ဘာမှမဖြစ်ဘူး မောင်လေး၊ လေ. . လေအောင့်တာနေမှာ၊ ခဏနေ သက်သာသွားမှာ'

သက်သာသွားမှာ ဆိုပြီး. . အံကြိတ်ပြီး ပြောနေရတဲ့ ပွင့်လွှာ. . ဝေဒနာတွေ ခံစားနေရပေမယ့် နေရပ်မသိ၊ အမည်မသိသော မိန်းမကြီးတစ်ယောက်၏နိမိတ်ဖတ်ပြောစကားတွေကို သူမနားထဲမှာ အကြိမ်ကြိမ်ကြားနေမိသည်။ ခုတော့ သွေးထွက်အောင်မှန်နေပြီပဲ။

'မမ. . လာ. . လေဆေးလေးသောက်လိုက်ဦး၊ ဒါကြောင့်ကျွန်တော်ပြောသားပဲ၊ နားနားနေနေလေး နေပါလို့၊ မမက အလုပ်တွေပဲ ဖိပြီး လုပ်နေတာကိုး'

မောင်လေးက ဗျစ်တောက်ဗျစ်တောက် ပြောနေပေမယ့် လွှာ့နားထဲသို့ မဝင်ပါ။ လွှာက မောင်လေးမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ပျော်နေတာပဲ သိသည်။

*ဆောင်းညပြာသိစာလေ*



ခံစားနေရတဲ့ဝေဒနာတွေကို လျစ်လျူရှုကာ မောင်လေးက လွှာ့ကို တွဲပြီး အိမ်ထဲခေါ်လာခဲ့သည်။

'ဟောတော် ဒီမောင်နှမတွေ ဘယ်လိုဖြစ်လာကြတာလဲ'

ဒေါ်ကြီးမိက တအံ့တဩဆိုလေလျှင် ညီလင်းထင်က

'မမလေ အပျော်တွေ လွန်ပြီး လေအောင့်လို့ တဲ့. . ကျွန်တော် ဘာသာစုံဂုဏ်ထူးထွက်တာနဲ့ ကြီးမိတူမက ဒီလိုပုံစံ ဖြစ်သွားတာပဲ'

'ဒါဆို သားက ဆေးကျောင်းသားကြီးဖြစ်တော့မှာပေါ့. . ကြီးမိ ဝမ်းသာလိုက်တာ သားရယ်. . သားတို့အမေသာရှိရင် ဘယ်လောက် ဝမ်းသာလိုက်မလဲကွယ်'

ကြီးမိကပြောပြီး မျက်ရည်ကျပြန်သည်။ ညီက အစ်မဖြစ်သူကို လေဆေးတိုက်ရင်း

'တော်ပါတော့ ကြီးမိရယ်၊ မမထပ်ပြီး စိတ်မကောင်းဖြစ်နေဦးမယ်'

ထိုစဉ် ကိုမင်းဗိုလ်က စက်ဘီးတစ်စီးဖြင့် အိမ်သို့ရောက်လာသည်။

'ညီ. . မင်း ဘာသာစုံ ဂုဏ်ထူးထွက်တာ ဒီလို ငိုင်လျှိုလေးနေလို့ ဘယ်ရမလဲကွ'

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



'ကိုမင်းက ဘယ်လိုလုပ်ပြီး သိတာလဲ'

ညီက ရယ်ကျဲကျဲဖြင့် ပြန်မေးလေလျှင်

'အောင်စာရင်း သွားကြည့်လာခဲ့တာပေါ့'

ကိုမင်းဗိုလ်က လွှာ့မျက်နှာလေး မလန်းတာ သတိထားမိသွားသည်။

'လွှာ ဘာဖြစ်တာလဲ နေမကောင်းဘူးလား'

သူက စိုးရိမ်တကြီးမေးလာတော့

'လွှာ ဘာမှ မဖြစ်ပါဘူး ကိုမင်း၊ နည်းနည်းပင်ပန်းသွားလို့ပါ. . ပျော်လည်း အရမ်းပျော်နေလို့'

'အေးပေါ့လေ. . ဆေးကျောင်းသား မောင်လေးရဲ့မမဆိုတော့ ရောဂါတွေ စုထားရမှာပေါ့'

လွှာ့မျက်နှာလေး ပြုံးပျော်လာသည်။

ဝေဒနာတွေ ခံစားနေရပေမယ့် ကိုမင်း ရောက်လာတော့ အားတွေ ရှိလာသည်။

ညီက ကိုမင်းကို ပြန်နောက်နေသည်။

'ကိုမင်းကိုလည်း ကျွန်တော်က. . အလကား ကုပေးမှာပါဗျာ'

'သာဓု သာဓု'





'တော်ပြီ. . နှစ်ကြိမ်ပဲ ခေါ်ထားဦး၊ အပ်ကြီးကြီးနဲ့ ဆေးထိုးပေးမလို့ ပြောတာဗျ'

'ဟာ. . ဒီကောင်'

တစ်အိမ်လုံး ရယ်သံလေးတွေ ဝေစည်သွားသည်။

ကိုမင်းက လွှာနှင့်ထပ်တူပျော်နေခဲ့သည်။ တကယ့်ကို မိသားစုရင်းချာလို ရင်းနှီးနွေးထွေးနေခဲ့သည်။

အဲဒီအတွက် ကျေးဇူးတင်ပါတယ် ကိုမင်းရယ်။

ကိုမင်းက သူ့မပြန်ခင် ညီ့လက်ထဲကို စာအိတ်လေးတစ်အိတ် ထည့်ပေးသွားသည်။

'ညီ. . ဒါ ကိုမင်း ညီ့ကို ဆုချတာ'

ညီက ကျေးဇူးတင်စကားဆိုပြီး ကျန်နေရစ်ခဲ့သည်။ ကိုမင်းပြန်သွားပြီးတဲ့နောက် ညီက စာအိတ်ကို ဖွင့်ကြည့်ပြီး အရမ်းအံ့သြနေလေသည်။

'ဟာ. . ငါးသောင်းတောင် များလိုက်တာ မမရာ အားနာစရာကြီး'

မောင်လေး အားနာတာထက်. . လွှာက ပိုပြီး အားနာရသည်။

ကိုမင်းက လွှာတို့မောင်နှမကို အမြဲစောင့်ရှောက်နေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ပစ်မထားတဲ့သူဆိုတာ လွှာသိနေရက်သားနဲ့ ကိုမင်းလိုချင်တဲ့ အဖြေကိုတော့ ဒီနေ့ဒီအချိန်ထိ သူမ မပေးနိုင်သေးပါ။

လွှာ့ကို နားလည်ပေးပါ. . ခွင့်လွှတ်ပေးပါ ကိုမင်းရယ်. . လွှာ. . ကိုမင်းကို ချစ်ပါတယ် သိပ်ချစ်ပါတယ်. . လွှာပုံပြောနေတာ မဟုတ်ပါဘူး။

အတူလျှောက်ခဲ့ဖူးတဲ့ လမ်းလေးကို တွေ့တိုင်း ကိုမင်းကို လွှာ သတိရနေတာပါ။

▲



## ၁၉

ကိုမင်း ဒီနေ့လာနိုင်မှာမဟုတ်ဘူးဆိုတာ. . လွှာသိနေသည်။ ဖျားနေတာ နှစ်ရက်ရှိပြီမို့ နားနားနေနေနေဖို့. . လွှာကပင် တောင်းပန်ထားရသည်။

အရင်နေ့တွေဆို လွှာ ဈေးထွက်တိုင်း စိတ်မချဖြစ်ကာ လိုက်ပို့တတ်သည်။

လွှာက လှည်းကလေးထဲမှာ ပစ္စည်းစုံမစုံ စစ်ဆေးပြီး အိမ်က ထွက်လာခဲ့သည်။

မောင်လေး လိုက်ပို့တာကို လွှာ လုံးဝ သဘောမကျပါ။ မောင်လေး ဆေးကျောင်းသားဖြစ်တော့မှာမို့ ဒီလိုအလုပ်မျိုး လွှာ



www.burmeseclassic.com

www.burmeseclassic.com



က ပေးမလုပ်ချင်။

ဂျူတီကုတ်လေးနှင့် ဆရာဝန်လေးကို စိတ်ထဲမှာ အခါခါ မြင်ယောင်ရင်း ပီတိဖြာရတာလည်း ခဏခဏ

အရှေ့ဘက်ဆီမှာ ရောင်နီလေးတွေ ပျို့လာပြီ . . နေ့တိုင်း မြင်နေကျပေမယ့် ထိုမြင်ကွင်းလေးကို လွှာက တစ်သက်လုံး အပိုင် လိုချင်လှသည်။ နေ့တစ်နေ့ရဲ့အစမှာ ခဏလေးပဲ မြင်ရတဲ့အတွက် မချင့်မရဲဖြစ်မိသည်။

ရောင်နီလေးတွေကို လွှာချစ်သည်။ မောင်လေးကိုလည်း သိပ်ချစ်သည်။ မောင်လေးဟာ လွှာ့ဘဝအတွက်တော့ ရောင်နီလေး ပါပဲ။

ဈေးကို လွှာရောက်ချိန်မှာ ဈေးဝယ်သူတွေမလာသေးပေ မယ့် ဈေးသည်တွေနှင့် ဈေးလေးက အသက်ဝင်နေပြီ ဖြစ်သည်။

လွှာက မီးဖိုလေးပေါ်မှာ ဟင်းရည်အိုးတင်ပြီး ပစ္စည်းတွေ ကို စနစ်တကျ စီနေစဉ်မှာ . . ဆိုင်ရှေ့သို့ ရောက်လာသော လူရိပ် ကြောင့် ဝယ်သူလာပြီထင်ပြီး မော့အကြည့်မှာ အရမ်းအံ့ဩသွား သည်။

'ဒေါ်လေး . . ဟိုတစ်ခါက တွေ့တဲ့ ဒေါ်လေး မဟုတ်လား ဟင် . . မောင်လေးကို ဘာသာစုံဂုဏ်ထူးနဲ့အောင်မယ်လို့ပြောသွား





တာလေ'

'အခု တို့တွေ ဒုတိယအကြိမ် ဆုံရပြန်ပြီပေါ့'

သူ့အကြည့်တွေက ထူးဆန်းတော့ လွှာ့စိတ်ထဲမှာ တမျိုး ဖြစ်ဖြစ်သွားသည်။

'ဒေါ်လေး . . တစ်ခုခု သုံးဆောင်ပါလားရှင်'

'မစားတော့ဘူး သမီး . . ဒေါ်ဒေါ်က ရာသက်ပန် သက် သတ်လွတ်စားတာ'

'ဒေါ်လေး ဘယ်မှာနေသလဲဆိုတာ သိခွင့်ရရင် သိချင်ပါ တယ်'

'မတွေ့ချင်ပါနဲ့ကွယ် ဒေါ်ဒေါ်က ဂန္ဓာရီလှည့်နေတာဆို တော့ ကံမကုန်ရင် ပြန်ဆုံရဦးမှာပေါ့'

သူက လွှာ့ကိုကြည့်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ကာ

'ပွင့်လွှာက မောင်မင်းဗိုလ်နဲ့ ချစ်သူတွေ ဖြစ်တော့မှာပါ တစ်ပတ်အတွင်းပေါ့'

'ရှင်'

လွှာတို့နာမည်ကိုပါ သိပြီး တပ်အပ် သေချာပြောနိုင်နေ တာ အလွန်အံ့ဩဖို့ကောင်းသည်။

ပထမတစ်ကြိမ်မှာတော့ တိုက်ဆိုင်ခဲ့ပြီးပြီ။ အကြားအမြင်



www.burmeseclassic.com

www.burmeseclassic.com



ရနေတဲ့ မိန်းမကြီးများလား။ ထူးဆန်းလိုက်တာ။

'မုန့်ဟင်းခါး ဘူးသီးကြော်နဲ့တစ်ပွဲ'

ဝယ်သူရောက်လာသဖြင့်

'ကဲ. . သမီး ဈေးရောင်းလိုက်ဦး'

ပြောပြီး လှည့်ထွက်သွားသော မိန်းမကြီးကို လွှာဘယ်လို မှတ်ချက်ချရမလဲ။

ဈေးသာ ရောင်းနေရသည်။ စိတ်က ပျံ့လွင့်လို့။

အို. . ဒီမိန်းမကြီးပြောတိုင်း ဖြစ်ရမှာလား. . .

ကိုယ့်စိတ်သာ အဓိကပါ ဆိုပြီး လွှာ သူ့စိတ်သူ ဖြေကြည့် လိုက်သည်။

လာပြီး သတိပေးတဲ့သူ ရှိလာပြီဆိုတော့ ကိုမင်းကို ရှောင် ဖို့ လွှာ ဆုံးဖြတ်လိုက်သည်။

ဈေးသိမ်းပြီး ပြန်လာတဲ့ လွှာ့ကို အိမ်မှာ လာစောင့်နေတဲ့ ကြည်ကြည်က

'လွှာ. . ငါနဲ့ ခဏလိုက်ခဲ့စမ်းပါဟယ်'

'ဘာဖြစ်လို့လဲ ကြည်'

လွှာက စိုးရိမ်တကြီး မေးမိသည်။ ကြည်ကြည့်မျက်နှာက လည်း ငိုထားတဲ့ပုံပေါက်နေတာဆိုတော့. .





'ကိုမင်းလေ. . မနေ့ကတည်းက ဘာမှမစားဘဲ ဂျိုကျနေ လို့. . သူ ငယ်ငယ်လေးကတည်းက နေမကောင်းရင် အရမ်းဂျိုကျ တာ၊ နင်ကျွေးရင်တော့ သူစားမှာပါ. . နော်. . လွှာ. . ငါ့ကို ကူပါ ဦးဟာ'

သူငယ်ချင်းဖြစ်သူကိုကြည့်ပြီး လွှာသနားသွားသည်။ သူ လည်း တတ်သလောက် မှတ်သလောက်တော့ ပြုစုရှာပါလိမ့်မည်။ ဟိုလူကြီးကလည်း ညီမကိုဂျိုကျနေသေးတယ်။ စားစရာရှိ စားလိုက် ရောပေါ့။

'ကြည်. . ငါကတော့ ချော့မော့ပြီး မစားမချင်း ကျွေးမနေ ဘူးနော်၊ စားရင် စား. . မစားရင် ထားခဲ့ပြီး ပြန်လာမှာ'

'အေး. . အဲဒါဆို သူ လုံးဝစားမှာ သေချာတယ် အဟီး. . နင်ပြန်သွားမှာ စိုးလို့လေ'

'ကြည့်. . နောက်နေပြန်ပြီ. . မလိုက်ဘဲ နေလိုက်ရမလား ပြော'

ကြည်က မျက်နှာပြောင်စပ်စပ်ဖြင့် လက်အုပ်ကလေးချီ ပြီး တောင်းပန်သည့်ပုံစံ လုပ်ပြသည်။

'ဟွန်း. . သဘောပေါက်လွယ်သားပဲ ငါမှမလိုက်ရင် နင် တစ်နေကုန် အရစ်ခံရမှာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့. . ယောက်မရယ်'

လွှာက နှုတ်ခမ်းကို ဖိကိုက်ကာ မျက်စောင်းလေး ချီပြီး ရေချိုးဖို့ ပြင်လေသည်။

'လွှာ. . ငါနင်ဝတ်ဖို့ အင်္ကျီထုတ်ထားပေးမယ်နော်'

မျက်နှာလိုမျက်နှာရ ပြောမိလေလျှင်

'မဖားနဲ့ ပုံမှန်ဆက်ဆံ'

ကြည်ကြည်က ပြုံးစိစိဖြင့် လွှာဝတ်ဖို့ အနီရဲရဲဘလောက်အင်္ကျီတစ်ထည်နှင့် တရုတ်ထဘီပွင့်ရိုက်ကလေးကို ထုတ်ပေးထားလိုက်သည်။

ရေချိုးပြီးစ လွှာ့မျက်နှာလေးကို မိန်းမချင်းပင် ငေးကြည့်ရလေသည်။ မျက်နှာမှာ ရေစက်လေးတွေ ခိုတွဲနေပြီး မျက်နှာလေးက ဖွေးဥနေလေသည်။ နှုတ်ခမ်းဖူးဖူးလေးကလည်း ရဲစိုလို့ ပြီးတော့ မိန်းမတစ်ယောက်မှာ ရှိသင့်သော အချိုးအစား ပြေပြစ်မှု။

ပွင့်လွှာရဲ့ တိုပုံစံကိုသာမြင်လျှင် ကိုမင်းတို့ ချက်ချင်းနေကောင်းသွားမလားမသိဘူး။

ပွင့်လွှာဟာ ငယ်ငယ်တုန်းက အရမ်းချမ်းသာတဲ့ သူဌေးသမီးလေးတဲ့. . ကြီးမိက မကြာခဏပြောပြတတ်သည်။

ဟုတ်မှာပါ. . သူ့ပုံစံက အညာမှာနေပေမယ့် တစ်သွေး





တစ်မွေးဖြစ်ပြီး အဆင့်အတန်းမြင့်တဲ့ပုံပေါက်နေသည်။

ဘာလေးပဲ ဝတ်ဝတ် ရုပ်က ထွက်နေသည်။

'ဘာတွေ သဘောကျနေတာလဲ. . ကြည်'

'နင်က အရမ်းလှတာကိုး. . ဒါကြောင့် အိမ်ကလူကြီးက ကြွေနေတာနေမှာ၊ ဒါနဲ့. . . ညီတစ်ယောက်ရော မတွေ့ပါလား'

'ဒီနေ့ ကြီးမိမွေးနေ့လေ. . ဘုရားသွားပို့တယ်နဲ့တူတယ်'

'လွှာ. . . ညီကလေ ဂီတာတီးတာ တော်တော်ကျွမ်းနေပြီနော်'

'ဟုတ်ပ. . ဟုတ်ပ. . သူ့မှာ ဒါပဲ ပတ်ကြွားနေတာ၊ညည ဆို သီချင်းစပ်ရတာက အမော. . ပါရမီကောင်းတယ်နဲ့တူတယ် ကြည်ရယ်. . သူ့သီချင်းလေးတွေ အရမ်းနားထောင်လို့ ကောင်းတာပဲ'

လွှာက ကြည်ကြည်ထုတ်ပေးသော အင်္ကျီကို ယူဝတ်ရင်း သူ့မောင်အတွက် ဂုဏ်ယူကာ အားပါးတရပြောလေသည်။ ကြည်ကတော့ သူငယ်ချင်းဖြစ်သူကို အားကျစွာကြည့်ရင်း

'ဪ. . ပစ္စည်းရှိတဲ့လူတွေကျတော့လည်း ဘာဝတ်ဝတ် လှလိုက်တာနော်. . တို့က ပစ္စည်းမဲ့လူတန်းစားဆိုတော့ အားတောင် ငယ်ချင်လာပြီ အဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



'လူကို လာပြီး ခနဲ့မနေနဲ့နော်. . ဘာပစ္စည်းမှမရှိဘူး'

'မြင်နေရတဲ့ဥစ္စာကို၊ လာပြီး ဘူးခံနေတယ်'

ထိုအခါမှ ပွင့်လွှာတို့ သဘောပေါက်တော်မူလေသည်။

'မလိုက်ဘဲနေလိုက်မှာနော်'

'အမယ်လေး. . . ဒါနဲ့ပဲ ခြိမ်းခြောက်မနေနဲ့. . လာ. . ပြီးရင် သွားမယ်'

'နေဦးလေ. . . နေမကောင်းတဲ့သူအတွက် ဘာမှလဲ မပါသေးဘူး'

'ရတယ်. . လုပ်မနေနဲ့၊ နင်ကျွေးရင်. . သူ အကုန်စားမှာသိပြီးသား. . အလကားသက်သက် ညီမကို ရစ်နေတာ၊ သူ မိန်းမမြန်မြန်ရမှ အေးမှာ. . . ဟွန်း'

ကြည်ကြည်က ဘာစကားပဲပြောပြော. . ကိုယ့်ဆီကိုပဲ ဦးတည်လာတာဆိုတော့ လွှာ အနေရခက်လာသည်။ မနေ့က တစ်နေ့လုံး ဘာမှမစားဘူးဆိုသည့်အတွက် ကိုမင်းကိုလည်း သနားသည်။

သူတို့နှစ်ယောက် စကားတပြောပြောဖြင့် အိမ်မှထွက်လာကြသည်။

'လွှာ. . ဆေးလိပ်ခုံမှာ အလုပ်မဆင်းတော့ဘူးဆို'

'ကြီးမိနဲ့ ညီက မဆင်းခိုင်းတာ ကြာပါပြီ၊ ငါက အားနာပြီး





ဆက်လုပ်နေခဲ့တာ. . အခုဟာက သူတို့တူဆိုတာလေ. . ရန်ကုန်ကလာတဲ့တစ်ယောက်ပေါ့. . လူကို ထိကပါးရိကပါးလုပ်လာလို့ ထွက်လိုက်တာ'

'တဏှာရူးရုပ်နဲ့ကောင် မဟုတ်လား. . ရုပ်ကိုက စပ်ဖြဲဖြဲနဲ့၊ ထွက်လိုက်တာပဲ ကောင်းပါတယ် လွှာရယ်. . ဒီနေ့တော့ တို့အိမ်မှာ ထမင်းစားရမယ်နော်၊ ကြက်သားကြော်ချက်နဲ့ ဘဲဥပဲပြားဟင်းချက်ထားတယ် သိလား'

ကိုမင်းဗိုလ်သည် အိမ်ရှေ့သစ်ပင်ရိပ်ရှိ ဝါးကုလားထိုင်လေးတွင် ထိုင်နေရာမှ လွှာ့ကို မြင်သဖြင့် ကလေးတစ်ယောက်လို အံ့ဩဝမ်းသာသွားပုံက သူ့မျက်ဝန်းမှာ အထင်းသားပေါ်နေသည်။

လွှာ့ဆီမှ အမြဲရလေ့ရှိသော ရှင်မတောင်သနပ်ခါးနံ့လေးက သူ့ရင်ထဲထိ ရောက်သွားသည်။

'ကိုမင်းရယ်. . နေမကောင်းဘဲနဲ့ ဘာလို့အပြင်ထွက်ထိုင်နေရတာလဲ'

'လွှာ. . လွှာလိုက်လာတယ်နော်'

'ကိုမင်းအတွက် စပါယ်ရှယ်နာ့စ်ငှားလာပေးပြီးပြီ၊ ကဲ. . . နာ့စ်ရေ. . လူနာကို ထမင်းကျွေးလိုက်ဦး'

ကြည်က မျက်စိတစ်ဖက်မှိတ်ပြပြီး ထမင်းခူးဖို့ အိမ်ထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

'မတွေ့ရတဲ့ နှစ်ရက်အတွင်းမှာ လွှာ ပိုလှလာတယ်'

'အို. . .'

'မရှက်ပါနဲ့ လွှာရယ်. . လွှာ့မျက်နှာလေး တစ်နေ့မတွေ့ရရင် ကိုမင်း နေလို့မရပါဘူးကွာ. . အဲဒီဝေဒနာက အရမ်းခံရခက်တယ်ကွ'

'အခုကော နေလို့ကောင်းသွားပြီလား'

'ဆေးသောက်ချိန်ရောက်နေပြီ. . ဗိုက်ထဲမှာ အစာမရှိလို့ မသောက်သေးဘဲ နေနေတာ'

ကြည်ကြည်က ထမင်းပွဲပြင်ပြီးပြီမို့ သူတို့နှစ်ယောက်ကို လာခေါ်လေသည်။

'ကဲ. . ဒီနေ့ နှစ်ယောက်အတူ ထမင်းလက်ဆုံလေး စားလိုက်ကြဦး။ ကိုမင်း. . ကြည် ဒေါ်ရွှေတို့အိမ် ခဏသွားလိုက်ဦးမယ်'

ကြည် ရှောင်ထွက်သွားပြီဆိုတာ လွှာ သိလိုက်သည်။

ဟိုမိန်းမကြီး ပြောသွားတဲ့ နိမိတ်ဖတ်စကားတွေက သူမနားထဲမှာ စွဲနေပြီမို့ ကိုမင်းမျက်နှာကို စေ့စေ့မကြည့်ရဲ။ လူနာက လွှာ့ကို ထမင်းပြန်ကျွေးနေရသည်။

'လွှာ. . ဘာဖြစ်နေတာလဲဟင်. . ထမင်းကို အားပါးတရ





စားစမ်းပါ'

'ကိုမင်းကလဲ. . . ပြောင်းပြန်တွေ၊ ကိုမင်းက စားရမှာလေ. . ပြီးရင် ဆေးသောက်'

'လွှာ. . မပြောကောင်းမဆိုကောင်း။ဒီလိုအချိန်မှာ ကိုမင်းသေသွားခဲ့ရင် လွှာ့ဆီက အဖြေရသွားမှာ မဟုတ်ဘူးနော်. . လက်ထပ်ဖို့ အချိန်ယူတာ အကြောင်းမဟုတ်ပါဘူး၊ ချစ်တယ်. . မချစ်ဘူး ဆိုတာလောက်တော့ သိခွင့်ရရင် သိချင်ပါတယ် လွှာ. . ကိုယ်လေ မနေ့က တစ်နေကုန် ဒါပဲတွေးပြီး မောနေတာ'

'အဲဒါကြောင့် ဘာမှမစားဘူး ဆိုပါတော့'

မဝံ့မရဲဖြင့် မျက်လုံးကလေး ထောင့်ကပ်ကာ မေးလိုက်ပုံကြောင့် ကိုမင်းဗိုလ်သည် ရင်ထဲတွင် ပြောင်းဆန်ကာ အသည်းယားလာပြီး လွှာ့ပခုံးကလေးကို ဆွဲဖက်လိုက်မိသည်။

နီးကပ်သွားသော မျက်နှာနှစ်ခုသည် ဆန့်ကျင်ဖက်၏ဆွဲငင်မှုကို မလွန်ဆန်နိုင်ဘဲ တစ်ခဏတော့ မှင်သက်နေမိကြသည်။ 'ချစ်တယ်မဟုတ်လား လွှာ'ဟု ထပ်တလဲလဲမေးနေသော သူ့အသံတိုးတိုးလေးနှင့် သူ့အထိအတွေ့အောက်မှာ ခေါင်းလေးညိတ်ပြီး လွှာ ဝန်ခံလိုက်ရသည်။

သူ့ခမျာ ဝမ်းသာလွန်းလို့ လက်သီးလက်မောင်းတန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောနေလေသည်။

လှ္သာ့ဆီက အဖြေရလို့ အဲသလောက်တောင် ဝမ်းသာသတဲ့ လားမောင်ရယ်. .

တကယ်တော့. . အချစ်ဆိုတာ ဝေးသထက် ဝေးအောင် ရှောင်လေ. . အနီးဆုံးကို တွန်းပို့ပေးလေပါပဲ. .

'လှ္သာ. . ကိုယ်တို့ ချစ်သူတွေဖြစ်သွားပြီနော်. . လှ္သာ ကိုယ့်ကို ဘယ်လိုခေါ်မှာလဲဟင်. .'

'ဟင့်အင်း. . မခေါ်ရဲဘူး'

'ခေါ်ကြည့်ပါကွာ. . rehearsalအနေနဲ့ တိုးတိုးလေးပဲ ခေါ်. . ရတယ်'

'ဆေးသောက်တော့. . . မောင်. .'

'ဟား. . လှ္သာက ကိုယ့်ကို မောင်. . လို့ ခေါ်တယ်. . ဟုတ်လား. . ပျော်လိုက်တာကွာ. . ကိုယ့်စိတ်ကူးထဲကအတိုင်း တကယ်ဖြစ်လာပြီပေါ့'

ထိုနေ့က. . ကိုမင်းဗိုလ်သည် ဆေးသောက်စရာ မလိုဘဲ အချစ်၏တန်ခိုးဖြင့် အလိုလိုနေကောင်းသွားပါသည်။ လှ္သာကတော့ နောက်တစ်ကြိမ် ထပ်မှန်သွားသော နိမိတ်ဖတ်စကားကြောင့် ထိုမိန်းမကြီးကို လန့်လာပါသည်။ ▲



## ၂၀

တစ်နေ့တစ်ရက်လေးတောင်မှ မခွဲခွာခဲ့ဖူးတဲ့ မောင်လေးကို ဒီနေ့ လှ္သာ ခွဲရတော့မည်မို့ စိတ်ထဲမှာ ဘယ်လိုမှမကောင်းနိုင်။ ညတုန်းကလည်း ငိုရပြီးပြီ။ ထမင်းလည်း စားလို့မရ၊ ကောင်းသော ခွဲခွာခြင်းမို့ ကိုယ့်စိတ်ကိုယ်ဖြေဖို့ မောင်လေးကတော့ ပြောသား. .

'မမရယ် မငိုပါနဲ့တော့၊ ကျွန်တော် အသွားမဖြောင့်တော့ဘူးဗျ. . မကွေးနဲ့ ညောင်ဦးဆိုတာ သိပ်အဝေးကြီးမှ မဟုတ်တာ၊ ကျောင်းရက်ရှည်ပိတ်ရင် ကျွန်တော်ပြန်လာမှာပဲဟာ'

ပြောကာမှ လှ္သာတို့ ပိုငိုတော့သည်။ နှာခေါင်းလေး တရှုံ့



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ဖြင့်

'မောင်လေး. . ရေချိုးမမှားစေနဲ့နော်၊ မောင်လေးက အမြဲအအေးပတ်တတ်တာ. . စာကျက်တာလည်း ကျက်ပေါ့. . . ထမင်းတော့ အချိန်မှန်စားရမယ်နော်. . မောင်လေးမှာ ငွေလိုလို့ရှိရင်. . ဈေးထိပ်က မမအုန်းတို့ဖုန်းကို ဆက်လိုက်နော်၊ တစ်ယောက်တည်းကြိတ်ပြီး ဖြေရှင်းမနေနဲ့'

လွှာမှာတာတွေက မပြီးနိုင်မစီးနိုင်. . တစ်သီတစ်တန်းကြီးမို့ ကိုမင်းဗိုလ်က

'လွှာရယ်. . ညီက ကလေး မဟုတ်တော့ပါဘူး ယောကျ်ားလေးပဲကွာ၊ မဖြစ်တော့ပါဘူး မင်းအစ်မကို ငါးသိန်းတန်ဖုန်း တစ်လုံးလောက် ဝယ်ပေးဦးမှပဲ. . ဒါမှ သူ့မောင်အသံ နေ့တိုင်းကြားရမှာ. . ဟား. . ဟား'

လွှာ့ လိုအပ်ချက်တွေကို အမြဲဖြည့်ဆည်းပေးဖို့ ကြိုးစားတတ်တဲ့ မောင်ဟာ လွှာ စိတ်မကောင်းဖြစ်နေမှန်းသိလို့ ဟာသလုပ်ပြီး ပြောနေတာပါ။

'ကားထွက်ချိန်နီးနေပြီ မမ၊ အားလုံးထိုင်ကြပါဦး. . မသွားခင် ကျွန်တော် ကန်တော့သွားချင်လို့. . ကိုမင်းပါ ထိုင်'

ညီက ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး ကြီးမိ၊လွှာ





နှင့် ကိုမင်းတို့ကို ရိုသေစွာကန်တော့ရှာသည်။

လွှာဘယ်လိုဝမ်းနည်းမှန်းမသိ။ရင်ဘတ်ထဲမှ စူးပြီးနအောင့်တက်လာသည်။ အသက်ရှူဖို့တောင်မှ ခက်ခဲလာသည်။ မောင်လေးကို ဆုတွေ ပေးနေရင်း မျက်ရည်တွေက တားလို့မရအောင် စီးကျလာသည်။

လွှာ့ရှေ့မှာ ကန်တော့နေသော ကောင်လေးသည် အိမ်မှထွက်ပြေးလာစဉ်က ငါးနှစ်အရွယ် ချာတိတ်လေးပေါ့။ခုတော့ ဆေးတက္ကသိုလ်သွားတက်တော့မည့် ဆေးကျောင်းသား လူပျိုချောချောလေး ဖြစ်နေပြီပဲ. .

ဂုဏ်ယူလိုက်စမ်းပါ ပွင့်လွှာရယ်. . နင်တစ်ယောက်တည်းအင်အားနဲ့ နင့်မောင်လေးကို ဒီအရွယ်ထိရောက်အောင် ပျိုးထောင်ပေးခဲ့ပြီးပြီပဲ. .

မောင်က လွှာ့ကို စိတ်မချနိုင်ဖြစ်နေသည်။

'လွှာ. . ဖြစ်ရဲ့လား. . ကိုယ်ပြန်လာခဲ့မယ်လေ၊ ကြီးမိ. . လွှာ့ကို ချော့ထားပါဦး၊ ကျွန်တော် ညီ့ကိုလိုက်ပို့လိုက်ဦးမယ်'

ညီလင်းထင်က ယောကျ်ားလေးမို့ မျက်ရည်တွေကို နိုင်အောင်ထိန်းပြီး အစ်မဖြစ်သူကို လက်ကလေးပြကာ နှုတ်ဆက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ မောင်လေးရယ်. . မမ နေတတ်အောင်နေပါ့မယ်။ ညီ သူငယ်တန်း စတက်တဲ့နေ့မှာ သူမ ဒီလိုပဲ ငိုခဲ့ရဖူးသည်။ ညနေ ကျောင်းဆင်းချိန်ကို တမျှော်တည်း မျှော်ခဲ့သည်။ ခုကျတော့ ညီပြန်လာဖို့ ညနေပေါင်းများစွာကို မျှော်ရပါဦးမည်. . လပေါင်းများစွာကို ကျော်ဖြတ်ရဦးမည်။ အဲဒီဝေဒနာက ကိုယ်နှင့်အကျွမ်းတဝင်မရှိတော့ ပိုပြီး ခံစားရသည်။

'ကြီးမိရယ်. . လွှာ ဘယ်လိုဝမ်းနည်းမှန်းမသိပါဘူး၊ မောင်လေးသာ အိမ်ထောင်ရက်သားကျပြီး လွှာ့ကိုထားခဲ့ရင် လွှာတော့ သေမှာပဲ'

ကြီးမိရင်ခွင်ထဲတိုးဝင်ပြီး လွှာ ငိုတော့ ကြီးမိက လွှာ့ဆံပင်လေးတွေကို ပွတ်ပေးရင်း

'ကံဆုံတော့ ကြုံရတယ်၊ ကံကုန်ရင်တော့ ခွဲကြရမှာ ဓမ္မတာပဲ သမီး. .,လောကဓံကို ခံနိုင်ရည်ရှိအောင်သာ ကြိုးစား၊ ဟုတ်ပြီလား. .'

ထိုနေ့က လွှာ့စိတ်တွေ ဘယ်လိုမှမတည်ငြိမ်။အလုပ်လည်း မလုပ်ချင်။ အာရုံတွေက ပျံ့လွင့်ပြီး မောင်လေးဆီကိုပဲ ရောက်နေတော့ အိပ်ဆေးသောက်ပြီး အိပ်ပစ်လိုက်သည်။

ညီလင်းထင်ကိုပို့ပြီး ပြန်လာသော ကိုမင်းဗိုလ်လက်ထဲတွင်





လွှာနှင့်ကြီးမိ စားဖို့ မုန့်တွေဝယ်လာပုံရသည်။

'လွှာရော. . ကြီးမိ'

'ရှူး. . အိပ်သွားပြီကွဲ့. . သူ့မောင်လေးနဲ့ ခွဲနေကျမဟုတ်တော့ ခမျာ အတော်လေးခံစားနေရတာ'

'အိပ်ဆေးသောက်လိုက်တာလား'

'ဟုတ်မယ်နဲ့တူတယ်'

'ကျွန်တော် ခဏဝင်ကြည့်လို့ရမလား ကြီးမိ'

သူက ရိုသေသမှုနဲ့ခွင့်တောင်းတော့ ကြီးမိက စသည်။

'အမယ်လေး ကိုသဲပို. . ဝင်ကြည့်ပါတော် ကြည့်ပါ'

လွှာ့အခန်းထဲ သူ ဝင်ကြည့်မိလျှင် မျက်ရည်စလေးတွေတောင် မခြောက်သေးဘဲ အပြစ်ကင်းစွာ အိပ်မောကျနေသောလွှာ့ကို တွေ့လိုက်ရသည်။ သနားစိတ်က ဘယ်လိုမှထိန်းလို့မရ။ လွှာ့ကို ဒီလိုပုံစံနှင့်မြင်လိုက်ရတာ သူ့ရင်တွေ နာကျင်လှသည်။ ဆက်မကြည့်ရက်တော့သဖြင့် လွှာ့အခန်းထဲမှ သူပြန်ထွက်လာခဲ့သည်။

လွှာ နာကျင်နေတာကို သူသိနေသည်။

လွှာ. . အထီးကျန်နေတာလည်း သူသိသည်။

လွှာ့အတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးဖို့

လွှာ့ကို ဒီထက်ပိုပြီး နှစ်သိမ့်ပေးဖို့. .



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ တာဝန်ရှိပါသည်။

လွှာရယ်. . မောင်တစ်ယောက်လုံး မင်းနံဘေးမှာရှိနေပါသေးတယ်. .

ရာဇဝင်တွေထဲမှာ၊ ပုံပြင်တွေထဲမှာ သူများတွေ ဘယ်လိုချစ်ကြသလဲတော့ မောင် မသိဘူး. .

မောင်. . လွှာ့ကို ချစ်တယ်၊

သိပ်ချစ်တယ်. . .

လွှာတစ်ယောက်တည်းကိုပဲ ချစ်တာပါ. . လွှာနဲ့ ဝေးပြီးတော့ မနေနိုင်ပါဘူး။

ဒါတွေကို လွှာ သိနိုင်ပါစေ. .

▲



## ၂၁

တောင်ခြေမှာ ရောင်နီလေးတွေ ပျို့နေတဲ့ပုံကို စိတ်ရှည်လက်ရှည် ဆွဲနေသော မောင့်ကိုကြည့်ပြီး လွှာ [illegible]စားလာသည်။

ဘယ်လိုအနုပညာပဲဖြစ်ဖြစ် ပါရမီအခံ [illegible] ဝမ်းစာပြည့်မှ ဖန်တီးလို့ရတာ လွှာ နားလည်သည်။

မောင့်ဆီမှာ ခံစားတတ်တဲ့နှလုံးသား၊ ဖန်တီးတတ်တဲ့ အနုပညာတွေ ရှိတာ လွှာယုံပါပြီ။

ရောင်နီလေးတွေကိုချစ်တဲ့ ချစ်သူအတွက် ပုဂံဘုရားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီလေးတွေကို ရောယှက်ကာ ဆွဲပြနေသည်။

'ဘယ်လိုလဲ လွှာ. . မောင် ဆွဲတာ အဆင်ပြေရဲ့လား'

လွှာက ဘာမပြော ညာမပြောဖြင့် ပန်းချီဆွဲနေသော. . မောင့်ကို အနောက်မှသိုင်းဖက်လိုက်ကာ

'ကျေးဇူးတင်ပါတယ် မောင်၊လွှာ့စိတ်တွေ ပျော်လာအောင် လုပ်ပေးလို့'

ကိုမင်းက သူ့ကျောပြင်မှာ ပါးကလေးအပ်ထားသော ချစ်သူကို -

'ကမ္ဘာတွေခြားပြီး ဝေးနေလည်း မောင့်ရင်ထဲက ချစ်ခြင်းတွေဟာ လွှာ့အတွက်ပါပဲ'

ဟုတ်ပါတယ်. .

သူ့အချစ်က လွှာ့အတွက်ဆို ဟောင်းတာလည်း မရှိသလို ပြောင်းတာလည်း မရှိတဲ့ချစ်ခြင်းမျိုးပါ။

ကိုမင်းသည် လွှာ့ဘက်လှည့်ကာ လွှာနှင့်မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး

'နေကောင်းအောင် နေရမယ်နော် လွှာ'

'ဟုတ်'

ကိုမင်းက လွှာ့နဖူးပြင်လေးကို မြတ်နိုးစွာ ငုံ့နမ်းရင်း





'ရော့. . ဒီဖုန်းလေး ယူထား'

'ပိုက်ဆံတွေ အလကားကုန်အောင် မောင်ရယ်'

'ပိုက်ဆံက ဘာလုပ်ရမှာလဲ. . ကိုယ့်အတွက်တော့ လွှာက အဓိကပဲ. . လွှာ စိတ်ချမ်းသာဖို့လိုတယ်. . ဒါမှ မောင်လည်း စိတ်ချမ်းသာရမှာ၊ ညီ့ကို ဒီဖုန်းနံပါတ်ပြောပြထားပြီးပြီ. . သူ ဆက်လာလိမ့်မယ်. . လွှာ နေမကောင်းဘူးဆိုလို့ ဘူ စိတ်ပူနေတာ၊ ဒီညညီ့ဆီက ဖုန်းကိုစောင့်နေနော်'

လွှာက ကိုမင်းရင်ခွင်ထဲ တိုးဝင်ကာ ဝမ်းသာ ဝမ်းနည်းစိတ်ဖြင့်

'မောင်ရယ်. . လွှာ့ဘဝမှာ မောင်လေးမရှိရင် မဖြစ်သလို မောင် မရှိရင်လည်း မဖြစ်ပါဘူး'

'မောင်တို့နှစ်ယောက်လုံးက ရင်ခုန်သံတွေကို မညာခဲ့ကြဘူးလေ. . အရိုးဆွေးတဲ့အထိ ချစ်သွားကြမယ်နော်. . မောင် သစ္စာဆိုပါတယ်'

ဘဝတူရင်ခုန်ဘက် မောင့်ကို လွှာ အားကိုးသည်။ မြတ်နိုးသည်။

အတိတ်မှာ လွှာတို့မောင်နှမ ကံဆိုးခဲ့ရပေမယ့် ဒီနေ့ ဒီအချိန်မှာတော့ နားခိုရာနေရာလေးတစ်နေရာ ရှိခဲ့ပြီပဲ. .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ မောင့်ရဲ့ရင်ခွင်ပေါ့. . .

'လွှာ ဒီနေ့တစ်နေ့တော့ မောင့်ကို အချိန်ပေးမယ် မဟုတ်လား. . ပုဂံဘက်ရောက်တုန်း ပုဂံရဲ့နေဝင်ချိန်လေးကို ကြည့်သွားရအောင်နော်'

'ကောင်းသားပဲ မောင်၊လွှာလည်း တကူးတက လာမကြည့်ဖြစ်ဘူး'

နိုင်ငံခြားသားတွေ ပုဂံရဲ့နေဝင်ချိန်ကို စောင့်ကြည့်ရာစေတီတစ်ဆူဖြစ်သော ပြဿဒါးကြီးဘုရား (ဝါ) ပြသာဒ်ကြီးဘုရားသို့ မောင်က ခေါ်သွားပါသည်။ ဂူလိုဏ်ခေါင်းအတိုင်း တက်ရသောလှေကားထစ်ကလေးတွေမှာ ဖယောင်းတိုင်မီးများ ထွန်းညှိပေးထားသည်။

အထက်ပစ္စယံပေါ် ရောက်တော့ နိုင်ငံခြားဧည့်သည်အချို့နေဝင်ချိန် Sunset ကို အမိအရ ရိုက်ကူးဖို့ ကင်မရာတွေ အဆင်သင့်ပြင်ထားတာ တွေ့လိုက်ရသည်။

နေဝင်ချိန်ရှုခင်းကြည့်လို့ရသည့် တခြားနေရာများလည်းရှိသေးသည်။

မင်္ဂလာစေတီ၊ ရွှေဆံတော်စေတီနှင့် နန်းမြင့်မျှော်စင်သို့လူတချို့သွားကြည့်ကြပါသည်။





ပြဿဒ်ကြီးဘုရား အထက်ပစ္စယံမှာတော့ ဘုရားဖူးတွေတဖွဲဖွဲလာနေဆဲ. .

နေမင်းသည် တန့်ကြည့်တောင်နှုတ်ခမ်းထက် မေးတင်လျက် ရှိသည်။

ဧည့်သည်များသည် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ နှုတ်ဆက်ထွက်ခွာသွားသော ညနေခင်းအား ငေးကြည့်နေကြသည်။

မောင်နှင့်လွှာ အပါအဝင်ပေါ့။

နေဝင်သွားပါပြီ။

ပြာရီရီ ကောင်းကင်ထက် တိမ်မျှင်တိမ်လိပ်များအပေါ် ရောင်စဉ်တန်းတချို့ ချန်ထားရစ်ခဲ့သည်။

'လွှာ. . နေဝင်ဆည်းဆာချိန်ဟာ မိန်းကလေးတွေရဲ့အလှဆုံးအချိန်လို့ ပြောကြတယ်၊ ဒါပေမယ့်. . . မောင့်ရဲ့လွှာလောက်ဘယ်သူမှမလှနိုင်ပါဘူးကွာ'

'လွှာ့စိတ်ထဲမှာ တစ်မျိုးပဲ မောင်ရယ်၊ နေဝင်ချိန်ကို ကြည့်ပြီး ရင်ထဲမယ် မကောင်းဘူး'

'ညီ့ကို သတိရလို့မဟုတ်လား'

'လွှာတို့မှာက မိဘရဲ့ အရိပ်အာဝါသနဲ့ မေတ္တာမှ မရကြ



www.burmeseclassic.com

www.burmeseclassic.com



တာ. . . မောင်လေးက ပို့ပြီး သနားဖို့ ကောင်းပါတယ်လေ. . ငယ်ငယ်လေးနဲ့မေတ္တာငတ်ခဲ့ရတယ်. . လွှာ သူ့ကိုပေးနိုင်တာက အေးမြတဲ့ မေတ္တာတရားပဲ ရှိတာ. . . အဲဒီအတွက် လွှာ ဝမ်းအနည်းရဆုံးပဲ'

'လွှာရယ်. . လူ့ဘဝဆိုတာမျိုးက တိုတောင်းသလောက် အကောင်းချည်းပဲတော့ ဘယ်ရှိမလဲလေ. . ဖြေပြီးတော့ တွေးပေါ့၊ မောင်ပြောနိုင်တာတစ်ခုက လွှာ့နံဘေးမှာ မောင် အမြဲရှိနေမယ်၊ ကြုံလာသမျှ ဒုက္ခတွေကို မျှဝေပြီး ခံပေးမယ်. . မောင် အသက်ရှင်နေသရွေ့ပေါ့. . '

လွှာက သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားသော မောင့်လက်ကို ကျန်လက်လေးတစ်ဖက်ဖြင့် အုပ်မိုးပြီး

'ကျေးဇူးတင်ပါတယ် မောင်. . လွှာ ဒီထက်ပိုပြီး ဘာပြောရမှန်းမသိတော့ဘူး. . လွှာလေ. . မောင့်ဆီက အကူအညီတွေယူခဲ့ရတာ များပြီး လွှာ့ဘက်က ဘာမှပြန်ပြီး မလုပ်ပေးနိုင်ခဲ့ဘူး'

'တကယ်လား. . . လွှာ လုပ်ပေးနိုင်တာ ရှိသားပဲ. . လွှာ တကယ်မသိတာလား'

လွှာက ဆံပင်လေးတွေ ဝဲသွားအောင် ချစ်စဖွယ် ခေါင်းလေးခါရင်း မေးသည်။





'ဘာကိုလဲ မောင်'

'တစ်နေ့ကျရင် မောင့်မိန်းမ လုပ်ပေးနိုင်တယ်လေ'

'မောင်နော်'

လွှာ စိတ်ဆိုးတော့ မောင်က သူ မဟုတ်သလို ပြုံးပြုံးကြီး လုပ်နေလေသည်။

မောင်က လွှာ့ပခုံးလေးကို ဖက်ထားရင်း နေဝင်ချိန် ပုဂံညနေခင်းတွင် ဝင်းပြက်တောက်စားနေသော ဓမ္မရံကြီး၊ သဗ္ဗညု၊ အာနန္ဒာ၊ ဟိုးအဝေးမှာတော့ ရွှေစည်းခုံစေတီ၊ ထန်းတောနှင့်ကုန်းကမူလေးများ၊ တခြားအမည်နာမ မသိနိုင်သော ရှေးဘုရားအဆူဆူတို့ကို နှစ်ယောက်အတူ ကြည်ညိုစွာ ဖူးမျှော်မဆုံးဖြစ်ရင်း တူညီသောဆုကို တောင်းခဲ့ကြသည်။

'မောင်. . ထုမှာ ဓမ္မရံ၊ ဉာဏ်တော်မှာ သဗ္ဗညုလို့ပြောကြတယ်နော်'

'ဟုတ်တယ် လွှာ. . သဗ္ဗညုစေတီတော်ကြီးတည်တုန်းက သစ်သားလုံးဝမပါဘူး၊ အုတ်ချည်းသက်သက်နဲ့ တည်ခဲ့ကြတာလေ၊ ဉာဏ်တော်အမြင့်က ပေပေါင်း၂၄၀ရှိတာဆိုတော့ ဘယ်နေရာကမဆို ဖူးမြော်နိုင်တာပေါ့'

'ဘယ်သူတည်ခဲ့တာလဲ မောင်'



www.burmeseclassic.com

www.burmeseclassic.com



'အလောင်းစည်သူမင်းလေ. . နှစ်ပေါင်း ရှစ်ရာကျော်၊ကိုး ရာနီးပါး တည်တံ့နေတာကတော့ အံ့ဩစရာပဲ'

'မောင်. . လွှာတို့ တစ်နေ့လောက် စွယ်တော်လေးဆူပြည့် အောင် ဖူးကြရအောင်နော်. . ဒီနေ့ အတော်မိုးချုပ်နေပြီ၊ ကြီးမိ စိတ်ပူနေလိမ့်မယ်. . ပြန်ရအောင်နော် မောင်'

'လွှာ့သဘောပါတဲ့ဗျာ'

မောင်က အဲဒါလေးတွေ ချစ်ဖို့ကောင်းသည်။

လွှာ့ဘဝရဲ့အမှတ်တရနေ့တွေထဲမှာ နေ့တစ်နေ့ ထပ်တိုး သွားပြီပေါ့. . .

▲



## ၂၂

ပွင့်လွှာ အခုတစ်လော သိပ်ပြီး အမောမခံနိုင်သဖြင့် ဆိုင် မထွက်နိုင်ဘဲ အိမ်မှာပင် နားနေခဲ့ရသည်။

မောင်က သူမကို စိတ်ဖိစီးမှုတွေ များလွန်းလို့ ဒီလိုဖြစ်ရ တာတဲ့. . . လွှာ အနားယူဖို့လည်း မောင်ကပဲ တိုက်တွန်းခဲ့တာဖြစ် သည်။

မောင်ဝယ်ပေးထားတဲ့ ဖုန်းလေးကို လက်ကမချတမ်း ကိုင် ထားပြီး မောင်လေးဆီက ဖုန်းကို မျှော်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖုန်းမှသီချင်းသံလေး ထွက်လာသည်။ လွှာက ပျော်သွားပြီး ဖုန်းဖွင့်ထူးမိလျှင်

'ဟဲလို မိုင်မမ. . နေမကောင်းဘူးဆို၊ ဘာလဲ ကျွန်တော့်ကို လွမ်းလို့မဟုတ်လား'

'ဒါပေ့ါ. . မမ မောင်လေးကို တစ်ခါမှ မခွဲဖူးတဲ့ ဥစ္စာ. . မောင်လေး စာတွေလိုက်နိုင်ရဲ့လား၊ အဆင်ပြေရဲ့လားဟင်. . ပိုက်ဆံရော ကျန်သေးရဲ့လား'

'ပိုက်ဆံလောက်ပါတယ် မမရယ်. . ညီမှ အပိုသုံးစရာမရှိတာ. . စာက နည်းနည်းတော့ ခက်တယ်ဗျ၊ medical terms တွေတော့ ကျက်ရမှတ်ရတာပေ့ါလေ၊ ဒါပေမယ့်. . အိုကေပါတယ်၊ မမသာ ကျန်းမာရေးကို ဂရုစိုက်'

'မောင်လေး အခု ဘယ်သူ့ဖုန်းနဲ့ပြောနေတာလဲဟင်'

'သူငယ်ချင်းရဲ့ဖုန်းနဲ့ ပြောနေတာ၊ မိုးချုပ်ပြီဆိုတော့ PCO ဖုန်းတွေနဲ့ ပြောလို့မရတော့ဘူးလေ. . မမ နေကောင်းအောင် နေနော်. . ကျွန်တော် သီချင်းအသစ်တစ်ပုဒ် စပ်ထားတယ်၊ ကျောင်းပိတ်ရက် ပြန်လာရင် မမကိုဆိုပြမယ် သိလား'

'မောင်လေးရယ်. . စာတွေ ဒီလောက်ကျက်နေရတဲ့ကြားက ဘယ်အချိန် သီချင်းထစပ်ပြန်ပြီလဲကွယ်. .'





'ဖီလင်လာတဲ့အချိန်ပေ့ါ'

ကိုယ့်မောင်မို့ ကိုယ်ပြောတာ မဟုတ်ဘူး. . . ညီက ဂီတာအတီးတော်သည်။ သူ့ဂီတာသံက အရမ်း နားထောင်လို့ ကောင်းသည်။အသံကောင်းသလို သီချင်းဆိုလည်း ကောင်းသူမို့ အဆိုတော်ကောင်းတစ်ယောက်ဖြစ်နိုင်သူပါ။

မြေတောင်မြှောက်ပေးမည့် သူတော်ကောင်းတွေနဲ့တွေ့ပါစေဟု ဆုတောင်းရုံကလွဲပြီး လွှာလုပ်ပေးနိုင်တာ ဘာမှမရှိပါ။

လွှာ့မျက်လုံးထဲမှာ ငါးနှစ်အရွယ် မောင်လေးလက်ကို ဆွဲပြီး သေပြေးရှင်ပြေး ပြေးနေရတဲ့မြင်ကွင်းတွေက တရေးရေးပေါ်လာသည်။ အတိတ်က အတိတ်မှာပဲ ကျန်ခဲ့ဖို့ကောင်းသည်။

မိဘတွေနဲ့ ဝေးပြီး ဘယ်သူက နေနိုင်မှာလဲ. . ကံကြမ္မာကြောင့်သာ သေကွဲရှင်ကွဲ ကွဲခဲ့ရပေမယ့် ဘယ်လိုလုပ်ပြီး မေ့လို့ရမှာတဲ့လဲ. .

ခြံဝင်းကျယ်ကြီးထဲမှာ မောင်နှမနှစ်ယောက် ပျော်ရွှင်စွာကစားခဲ့ဖူးတာတွေက ခုတော့ ပုံပြင်ကလေးတစ်ပုဒ် ဖြစ်သွားခဲ့ပြီပဲ။ အဲဒီဘဝကြီးကို လွမ်းဆွတ်မိတာ မှန်ပေမယ့်. . ဘဝဇာတ်ဆရာက ရက်စက်ခဲ့ပြီးပြီ။

'မမ. . . ထမင်းများများစားပြီး ညဘက် အိပ်ပျော်အောင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်နော်'

လွှာ့ဆီမှ ရှိုက်သံတိုးတိုးလေး ထွက်လာသည်။

'ဟာဗျာ. . မမ ငိုနေပြန်ပြီ၊ မမ အဲဒီလိုဖြစ်နေရင်. . ကျွန်တော် ဒီည စာကျက်လို့ရမှာမဟုတ်တော့ဘူး'

လွှာ ချက်ချင်း အငိုတိတ်သွားသည်။

'မမ မငိုတော့ပါဘူး မောင်လေးရယ်. . မောင်လေးအသံကြားလို့ မမနေကောင်းသွားပါပြီ၊ စာသွားကျက်တော့နော်'

'ဒါဆို ကျွန်တော် နောက်တစ်ပတ် စနေနေ့ကျမှဖုန်းထပ်ခေါ်လိုက်မယ်. . ဂွတ်ဒ်နိုက် မမ၊ နေကောင်းအောင်နေနော်'

ထိုနေ့ညက ကောင်းကင်မှာ ကြယ်တွေမစုံသလို လလည်းမသာပါ။ လွှာ့ရင်ထဲမှာတော့ မွန်းကျပ်မနေတော့ဘဲ နေသာသလိုရှိသွားပါသည်။ အဝေးမှာရောက်နေတဲ့ ဒီမောင်တစ်ယောက်ကိုတွေးတွေးပြီး ပူရတာက ဘာအပူနဲ့မှမတူပါ။

လွှာက မောင်လေးကို သိပ်ချစ်လို့ ဒီလိုဝေဒနာတွေခံစားနေရတာ နေမှာ. . .

▲



## ၂၄

လွှာသည် သူနှင့်မသိသော သူစိမ်းမိန်းမကြီးတစ်ယောက်၏နိမိတ်ဖတ်စကားကို နှစ်ကြိမ်တိုင်တိုင် လက်ခံခဲ့ရပြီး ထိုနှစ်ကြိမ်စလုံးကလည်း သွေးထွက်အောင် မှန်ကန်ခဲ့သဖြင့် နောက်တစ်ကြိမ်အဲဒီမိန်းမကြီးနှင့် ထပ်မဆုံချင်တော့. . ရှေ့ဆက် ဘာတွေဖြစ်မယ်ဆို တာ သိလည်း မသိချင်တော့ပါ။

ထပ်ပြီး မဆုံပါရစေနှင့်ဟု လွှာဆုတောင်းမိသည်။

လွှာ သတ္တိကြောင်တယ်ပဲ ပြောပြော. . တွေ့ကို မတွေ့ချင်တော့ပါ။ ဒီနေ့ မြင်းကပါမှာ ယွန်းထည်တွေ သွားယူရမည်မို့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ချက်ပြုတ်ပြီး ထွက်လာခဲ့သည်။

သူမနောက်နားဆီမှ တဒေါက်ဒေါက်အသံနှင့်အတူ ခြေသံတွေပါ ကြားနေရသည်။

'သမီး. . ပွင့်လွှာ'

ကိုယ့်နာမည်ကို တရင်းတနှီးကြီးခေါ်သံ ကြားလိုက်ရပေမယ့် ထိုအသံသည် သူမနှင့်ရင်းနှီးမနေပါ။

ကြားတော့ ကြားဖူးသလို ရှိသည်မို့ လွှာက တအံ့တသြ လှည့်ကြည့်မိလျှင် သူမ၏ကံကြမ္မာကို နိမိတ်ဖတ်ပေးခဲ့သော မိန်းမကြီး ဖြစ်နေလေသည်။

'ဟို. . ဒေါ်ဒေါ်က လွှာ့နာမည်ကို သိနေတယ်'

'ရှေးရေစက်ပါလို့ ဆုံခွင့်ရတယ်လို့ပဲ သဘောထားပါ သမီး၊ ခုလည်း သမီးကို သတိပေးစရာလေးရှိလို့ လာခဲ့ရတာ'

လွှာ့ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

'ဘာ. . ဘာများလဲ ဒေါ်ဒေါ်'

'ဒေါ်ဒေါ်မြင်နေရတာက ကြောက်စရာကောင်းတယ်. . သိပ်ပြီးတော့လည်း ထူးဆန်းနေတယ် သမီး. . အဖြစ်အပျက်တွေလေ. . ဘယ်လိုမှလက်ခံနိုင်စရာမရှိဘူး. . အချိန်တွေက သိပ်မြန်တယ်၊ အချိန်ရှိတုန်းမှာ ကိုယ့်အတွက်ပါတာကို ယူကြ. . မို့ပြီးတော့





ချစ်ကြ. . ကြားလား သမီး. . ကုသိုလ်ကောင်းမှုတွေ များများလုပ်ပါ၊ သမီးလေးက စိတ်နှလုံး သိပ်ကိုဖြူစင်လှပတယ်. . . ဒေါ်ဒေါ် သွားတော့မယ် သမီး. .'

ပြောပြီး တောင်ဝှေးလေးကို အားပြုကာ ဆက်လက်ထွက်ခွာသွားသည်။ ဘယ်လိုအဓိပ္ပာယ်လဲ. . ဘာတွေ ပြောသွားသလဲဆိုတာ လွှာ နားမလည်ပေမယ့် လူ့ဘဝကြီး တိုတောင်းတာ၊ ကုသိုလ်များများလုပ်ရမှာတွေက လွှာတို့လို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ထားပြီးသားပဲလေ. . .

ဟိုးအရင်က ပြောခဲ့တာတွေက ဘယ်လိုဖြစ်မယ် ဆိုတာ တပ်အပ်သေချာပြောသွားသလို မှန်လည်းမှန်ခဲ့ဖူးပြီ။ ဒီတစ်ခေါက်ကျတော့ ကြိုတင်ပြီး ပြောမထားပေမယ့် ထိတ်လန့်စရာ တစ်ခုခုတော့ အရိပ်အငွေ့လေးတွေ့နေရသည်။

ဒါပေမယ့်. . ဘာမှန်းတော့ လွှာ မသိပါ။ သိလည်း မသိချင်တော့သလို ထပ်ပြီးလည်း မကြုံချင်တော့။ သေချာတာက လွှာ့မှာ စိတ်အနှောင့်အယှက်ကြီးစွာဖြစ်သွားခြင်းပင်။

ယွန်းထည်တွေ ဝင်ယူတော့ ကြီးကြီးတင်ကတောင် ရိပ်မိပြီး မေးလာသည်။

'သမီး လွှာ. . မျက်နှာလည်း မကောင်းပါလား. . ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ’

‘နေသိပ်မကောင်းလို့ပါ ကြီးကြီးရယ်’

‘ကျန်းမာရေးကို ဂရုစိုက်ကွယ့်. . ဒါနဲ့ ဖိုးညီရော စာတွေ လိုက်နိုင်ရဲ့လား’

‘လိုက်နိုင်ပါတယ် ကြီးကြီး. . သူတောင် ရှေ့လ ကျောင်းပိတ်ရင် ပြန်လာတော့မယ်’

‘အေးဟယ်. . တစ်နှစ်. . တစ်နှစ်ကလည်း ခဏလေးလိုပဲ နော်’

အချိန်တွေက ကုန်မြန်တယ်တဲ့. . လွှာ ကျောချမ်းသွားသည်။ ဘယ်လိုအဓိပ္ပာယ်နဲ့ပြောသလဲဆိုတာတော့. . .

လွှာသည် အိမ်အပြန်လမ်းတစ်လျှောက် တမာရန့်ဝေလေ မောင်လေးကို လွမ်းလေပင်။ အပြစ်ကင်းစင်သောအပြုံး၊ နှစ်လိုဖွယ်ကောင်းသော အပြော၊ ကြည်လင်ချိုမြသော မောင်လေးမျက်နှာ. . အားလုံးကို လွမ်းရပါသည်။

ဝေဒနာတွေကို ဖြေသာစေဖို့ လွှာသည် မြင်းကပါတွင် အပယ်ရတနာဘုရားနှင့် စိမ်းညက်ညီအစ်မဘုရားကို ဝင်ရောက်ဖူးမြော်ရင်း မောင်လေးအတွက် ဆုတွေတောင်းမိသည်။

လွှာနှင့် မောင်တို့ ချစ်သူနှစ်ဦး အရိုးဆွေးတဲ့အထိ သေ





တစ်ပန် သက်တစ်ဆုံး ပေါင်းရဖို့ သစ္စာပြုပြီး လွှာဆုတောင်းသည်။

ဒီဘဝမှာ ဒီလူတွေနဲ့ဆုံတွေ့ရတာကိုက ကိုယ့်ကံကြမ္မာပဲလေ. . အဆိုး အကောင်းမှန်သမျှကို လက်ခံနိုင်ဖို့သာ အရေးကြီးတာ. .

လွှာသည် မောင်နှင့်ချိန်းဆိုထားသော လောကနန္ဒာဘုရားရင်ပြင်တော်တွင် မောင့်ကိုစောင့်ရင်း နေဝင်ရီဆည်းဆာ ဧရာဝတီမြစ်၏အလှကို ငေးမောနေမိသည်။

အနော်ရထာမင်း တည်ထားခဲ့သော လောကနန္ဒာဘုရားသည် ပုဂံမြို့သစ် သီရိပစ္စယာမြို့ဟောင်း၏အောက်စွယ် ဧရာဝတီမြစ်ကမ်းနဖူးပေါ်၌ တည်ရှိပြီး အောက်သို့ ငုံ့ကြည့်လျှင် ကမ်းပါးမပြိုရအောင် အင်္ဂတေများဖြင့်မံထားသည်မှာ အပြန့်ကျယ်ပြီး သဲသောင်ခုံများတိုင် ရှိလေသည်။

ကြီးမိပြောပြထားလို့ လွှာ မှတ်မိနေတာတစ်ခုက ဟိုးလွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က လောကနန္ဒာဘုရားမှ ပြေပြေလေး ဆင်းရုံဖြင့် ဧရာဝတီမြစ်ထဲသို့ရောက်နိုင်သတဲ့။

‘လွှာ. . စောင့်နေရတာ ကြာပြီလား’

မောင်က ခယစွာ မေးလာလျှင်

‘မကြာသေးပါဘူး မောင်. . လွှာ ရှုခင်းတွေကြည့်ပြီး တွေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ. .'

'ဒီလာခါနီး ပန်းချီကားတစ်ချပ် အရောင်းအဝယ်ဖြစ်သွားတယ် လွှာ. . လွှာ့လက်ထဲ မောင်အပ်ချင်တယ်. . လွှာ သိမ်းထားပေးနော်. . မောင်တို့နောင်ရေးအတွက်လေ. .'

မောင်က ပြောပြောဆိုဆို ပိုက်ဆံတစ်သိန်းကို လွှာ့လက်ကလေးဆွဲယူပြီး ထည့်ပေးလေသည်။

'ဟင်. . မောင့်ပန်းချီကားက တစ်သိန်းတောင် ရတယ်. . ဟုတ်လား'

'အဟား. . လွှာက မောင့်ကိုအထင်သေးတာပေါ့. . ဟုတ်လား. . နိုင်ငံခြားမှာ ဒေါ်လာသန်းချီပြီး တန်ဖိုးရှိတဲ့ ပန်းချီကားတွေတောင် ရှိသေးတာပဲကွာ. . လွှာ့ကို တစ်ခုပြောပြဦးမယ်၊ ဗဟုသုတပေါ့. . မောင့်လက်မှတ်ကို ငါးသောင်းပေးပြီး ဝယ်ဖူးတယ်'

'ရှင်. .'

'ဘယ်လိုလဲ. . အံ့သြသွားလား. . သူတို့ဆွဲထားတဲ့ ပန်းချီကားပေါ်မှာ မင်းဗိုလ်. . ဆိုတဲ့ မောင့်လက်မှတ်တပ်ပြီး ရောင်းစားဖို့အတွက်လေ. . မောင် အရှုံးမှမဟုတ်တာ. . ဒါကြောင့် လက်မခံဘဲ အပြတ်ငြင်းလိုက်တယ်. . အနုပညာကို ကိန်းဂဏန်းတွေနဲ့တန်ဖိုးဖြတ်လို့မရဘူး လွှာ. . မောင့်ပန်းချီကားတွေထဲမှာ မောင့်ဝိညာဉ်





တွေ ပူးကပ်ပြီး ဆွဲခဲ့ရတာ'

'မောင် မှန်ပါတယ်. . အနုပညာဆိုတာ ဂုဏ်သိက္ခာနဲ့တွဲထားမှပိုပြီးတန်ဖိုးရှိတာ၊ လွှာလေ. . မောင့်အတွက် အမြဲဂုဏ်ယူချင်တယ်'

လွှာက ထိုစကားတွေကို မောင့်မျက်နှာကို စိုက်ကြည့်ပြီး တည်တံ့စွာ ပြောမိသည်။

နေဝင်သွားပါပြီ။ ဒါပေမယ့် ဧရာဝတီမြစ်ပေါ်မှာတော့ ရောင်စဉ်အချို့ ချန်ထားရစ်ခဲ့သည်။

'တွေ့လား လွှာ. . နေမင်းက သူ ကွယ်ပျောက်သွားပေမယ့် သူ့ကိုယ်စား ရောင်စဉ်လေးတွေ ချန်ထားခဲ့ပေးတယ်. . ဒီလိုပဲ မောင်မရှိတော့ရင် မောင့်ကိုယ်စား ပန်းချီကားလေးတွေ ထားခဲ့ရမှာ'

လွှာက မောင့်နှုတ်ခမ်းလေးကို သူမ လက်သွယ်သွယ်လေးဖြင့် ဖိကပ်လိုက်ပြီး

'တော်ပြီ မောင်၊ လွှာ မကြားပါရစေနဲ့. . မောင့်လို ပြောကြေးဆို လွှာသေသွားရင် ဘာမှကျန်ခဲ့မှာ မဟုတ်ဘူး'

'မောင့်ရဲ့လွှာက ဘာလို့သေရမှာလဲကွာ. . နိမိတ်မရှိတာတွေ. . လွှာ ချစ်တဲ့အရာလေးတွေ ကျန်ခဲ့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'လွှာက ရောင်နီလေးတွေကိုချစ်တယ် မောင်'

'မောင် သိသားပဲ'

ချစ်သူတို့သဘာဝ လွှာက မောင့်ပခုံးပေါ် ခေါင်းလေးတင်ရင်း ချစ်စဖွယ်စကားလေးတွေဆိုလေလျှင် မောင်က လွှာ့ပခုံးလေးကိုဖက်ကာ ကျေနပ်နေတတ်သည်။

ညနေမှောင်ရီပျိုးစအချိန်မှာ သူတို့နှစ်ယောက် ဘုရားမှ ပြန်ခဲ့ကြသည်။

ထန်းလျက်၊ ပုန်းရည်ကြီး၊ ဆီးယို၊ ပဲကြော် စားဖွယ်များနှင့် သနပ်ခါးတုံးများကို ဝယ်ယူနေကြသော ဘုရားဖူးများကို တွေ့ရသလို 'Welcome to Bagan'ဆိုသော ဘုရားပုံနှင့်ရောင်စုံတီရှပ်လေးတွေ ဝယ်ယူနေကြတာကြည့်ပြီး လွှာက

'မောင်ရယ်. . လွှာတော့လေ သေပြီးတဲ့နောက် ဒီပုဂံမြေမှာပဲ လူပြန်ဖြစ်ချင်တယ် သိလား. . ဒီလိုနေရာမှာ လူဖြစ်ရတာ လွှာ အရမ်းဂုဏ်ယူတာပဲ'

'ဘာတွေ လျှောက်ပြောနေတာလဲ လွှာရယ်. .'

ဒီလိုပါပဲ။ ရင်ထဲမှာရှိနေတဲ့ စကားသံတွေကို ကိုယ့်ချစ်သူရှေ့မှာ ရင်ဖွင့်လိုက်ရရင် ပေါ့သွားတာပေါ့။ လွှာက ကိုယ့်ကိုယ်ကိုထက် မောင့်ကို ပိုကိုးကွယ်နေမိပြီပဲလေ. . ▲



## ၂၄

ဖုန်းသံကြားကတည်းက လွှာ ပျော်နေပြီဖြစ်သည်။

ဒီဖုန်းကို ဆက်တဲ့သူက မောင်လေးပဲရှိတာဆိုတော့ လွှာက ခပ်မြူးမြူးလေးဖြင့် ဖုန်းဖွင့်ပြီး

'မောင်လေး. . ပြော'

'ဘာအရင် စပြောရမလဲ. . ကျွန်တော် နောက်နှစ်ရက်နေရင် ပြန်လာမယ် ဆိုတဲ့အကြောင်း ပြောရမလား၊ စာမေးပွဲအောင်တယ်ဆိုတဲ့အကြောင်း အရင်ပြောရမလား'

'ဘာမှမပြောနဲ့တော့. . မမ အကုန်သိသွားပြီ'

'ဟာ. . ဟုတ်သားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း. . မောင်လေးက မမထက် ထမင်းစားနောက်ကျပါ တယ်ကွာ'

'ထမင်းစားတယ်ဆိုမှ. . မမလက်ရာ မန်ကျည်းရွက်သုပ်နဲ့ ငရုတ်သီးထောင်းကို သတိရသွားပြီ'

'မောင်လေး ပြန်လာမယ့်နေ့မှာ အဆင်သင့်ဖြစ်နေစေရ မယ်. . ဟုတ်ပြီလား'

'ကျွန်တော် အခုတောင် ပြန်လာချင်နေပြီ. . . မမနဲ့အတူ ပုဂံဘုရားတွေ လျှောက်ဖူးချင်လှပြီဗျ'

'ဖူးရမှာပေါ့ မောင်လေးရယ်'

မောင်လေးက ဒီနေ့ကျမှ ထူးထူးဆန်းဆန်း စကားတွေ အများကြီးပြောနေသည်။

ပြန်လာမှပြောပါတော့လို့ လွှာကပင် တားယူရသည်အထိ အစ်မကို သူက အချွဲပိုနေသည်။

လွှာကလည်း သူ့မောင်လေး ပြန်လာတော့မှာမို့ တပြုံးပြုံး ဖြင့် အကျေနပ်ကြီး ကျေနပ်နေလေသည်။

ကြီးမိက ညီ ဖုန်းချသွားတော့ လွှာ့ကို စသည်။

'ဘယ်လိုလဲ မချွေလွှာ. . နေကောင်းသွားပြီ မဟုတ်လား၊ တကတည်း သူ့မောင်အသံကြားရင် မျက်နှာလေးကိုကြည့်လို့ ညီ





က ကြီးမိအတွက် ဘာဝယ်ခဲ့မလဲ မသိဘူးနော်'

'ကြီးမိအတွက် ချည်ထဘီနဲ့ ခြုံထည်ပဝါကလေး ဝယ်ခဲ့ မယ်တဲ့. . တွေ့လား. . လွှာ့မောင်လေးက ဘယ်လောက် သိတတ် သလဲ'

'ဒါပေါ့ သမီးရယ်. . သမီးလို လိမ္မာယဉ်ကျေးတဲ့အစ်မရဲ့ အရိပ်မှာ ကြီးပြင်းခဲ့ရတာကိုး'

'ကြီးမိကျေးဇူးတွေ လွှာတို့အပေါ်မှာ အများကြီးရှိတယ်. . လွှာတို့မောင်နှမ လိမ္မာအောင် ကြီးမိပဲ သွန်သင်ခဲ့ရတာ'

ကြီးမိက ကျေနပ်စွာ ပြုံးပြီး စိပ်ပုတီး ဆက်စိပ်နေလေ သည်။

▲



www.burmeseclassic.com

www.burmeseclassic.com

## ၂၅

ဒီနေ့ မောင်လေး ပြန်လာမည်မို့ လွှာတို့အိမ်လေးမှာ စည်စည်ကားကား ဖြစ်နေသည်။

ကိုမင်းတို့မောင်နှမလည်း ရောက်နေကြသည်။ ကြည်ကြည်က လွှာ့ကို ဝိုင်းကူလုပ်ပေးနေသည်။

'လွှာတို့များ ဒီနေ့ကျတော့ လန်းဆန်းတက်ကြွနေလိုက်တာ. . ညီပြန်လာမှာ အဲသလောက်တောင် ပျော်သလား လွှာ'

'ပျော်တာပေါ့ဟဲ့. . ပျော်တာမှ ရင်ထဲမှာ တလှပ်လှပ်နဲ့'





'ဒါဆို ရှင့်ကို တစ်ခုမေးရဦးမယ် မှန်မှန်ပြော. . ကိုမင်းနဲ့ ညီ ဘယ်သူ့ကိုပိုချစ်သလဲ၊ ဟဲဟဲ. . ချောင်ပိတ်ပြီးမေးလိုက်ပြီ၊ ဖြေ'

'ဖြေမှာပေါ့. . ရှင့်အစ်ကို ကျွန်မချစ်သူကိုကျတော့ အားကိုးတယ်၊ မြတ်နိုးတယ်၊ အကြွင်းမဲ့ယုံကြည်တယ်. . ပြီးတော့. . အစ်ကိုတစ်ယောက်၊ အဖေတစ်ယောက်လိုလည်း လေးစားတယ်. . တစ်ဘဝလုံးအတွက် ချစ်တယ် ကျေနပ်ပြီလား. . ဟွန်း'

လွှာက ရန်တွေ့လျှင် ကြည်ကြည်က ပြုံးပြီး

'ညီကျတော့ရော'.

'မောင်လေးက သနားဖို့ကောင်းပါတယ်၊ ငယ်ငယ်လေးကတည်းက မိဘမေတ္တာမရခဲ့ရှာဘူး. . . အဲဒါကြောင့် ငါက သူ့ကို မေတ္တာပေးပြီး အရိပ်တကြည့်ကြည့်နဲ့နေမိတာပါပဲ. . ပြီးတော့ မောင်လေးက ငါ့ဘဝဆိုလည်း ဟုတ်တယ်. . သူမရှိဘဲနဲ့တော့ ငါ မနေနိုင်ဘူး ထင်တယ်'

ကိုမင်းက သူ့ညီမကို တားသည်။

'လွှာ နားပါစေဦး ကြည်ရယ်၊ စကားတွေ အများကြီးပြောရင် အမောဖောက်နေဦးမယ်. . သူ့မှာ နဂိုကမှ သူ့မောင်ပြန်လာမယ်ဆိုလို့ ပျော်နေရှာတာ'

'ကိုကိုတို့များ မိလွှာဆို သဲမှသဲပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲတယ်ပဲ ပြောပြော၊ သဲတယ်ပဲ ပြောပြော၊ လွှာ့မှာ နှလုံးရောဂါရှိတယ် ကြည်၊ ဟိုတလောက ဆရာဝန်နဲ့ပြနေရတာ'

ကြည်ကြည်က အံ့ဩသွားသလို အားနာစွာဖြင့်

'ဟုတ်လား. . ငါ မသိလို့ပါ လွှာရယ်. . နင် စိတ်ပင်ပန်းတာတွေ လျှောက်မတွေးနဲ့နော်. . လူလည်း သက်သောင့်သက်သာ လေးနေပေါ့'

ဟု အားပေးစကား ပြောရှာသည်။

မောင်က လွှာ့ကို အရိပ်တကြည့်ကြည့်လုပ်ပြီး နွေးထွေးစွာ ဂရုစိုက်လေ လွှာက မောင့်ကို ပိုမြတ်နိုးမိလေပင်။

ကြည်ကြည်က ကြီးမိန့်နှင့်စကားပြောဖို့ ထွက်သွားချိန် လွှာက ထူးဆန်းသောအပြုအမူလေးတစ်ခုကို လုပ်မိလေသည်။

မတ်တတ်ရပ်နေသော မောင့်ကို အနောက်မှ သိုင်းဖက်လိုက်ပြီး တိုးဖွညင်သာသောအသံလေးဖြင့်

'လွှာ့ချစ်သူ ဖြစ်ပေးတဲ့အတွက်. . . ကျေးဇူးတင်ပါတယ် မောင်'

ကိုမင်းဗိုလ်သည် လွှာ့ထံမှ ထိုအပြုအမူမျိုးကို မရဖူးသဖြင့် ဘယ်လိုကြီးခံစားရမှန်းမသိ။





ကြည်နူးနေတာပဲ သိသည်။

'တကယ်ပါ မောင်. . ခုနေများ လွှာသေမယ်ဆိုရင် သေပျော်ပါပြီ'

'နိမိတ်မရှိ ဘာတွေပြောနေတာလဲ လွှာ့ရယ်၊ ညီ ကျောင်းပြီးရင် မောင်တို့လက်ထပ်ကြမယ်. . မိသားစုတွေ သိုက်သိုက်ဝန်းဝန်းနဲ့ ဘယ်လောက်ပျော်စရာကောင်းမလဲ. . နော်. . လွှာ'

ပြုံးနေတဲ့ လွှာ့မျက်နှာက ကြည်ပြီး ချစ်ဖို့ကောင်းလွန်းလှသည်။

'မောင်က လွှာ့ရဲ့ကြည့်မှန်လေးတစ်ချပ်ပဲ သိလား. . လွှာခံစားရတာမှန်သမျှ မောင့်ဆီမှာ အရိပ်ထင်လို့လေ. . '

'ပြောတတ်လိုက်တာကွာ. . '

ထိုအချိန်ထိ သူတို့ဘဝလေးက အေးချမ်းနေသည်။

အပူကင်းမဲ့နေသည်။

သောကတွေ ဝေးလို့နေခဲ့သည်။

'မောင်လေး ရောက်တော့မယ် ထင်တယ်'

လွှာ ပြောနေဆဲတွင် လွှာတို့အိမ်နားမှ ကျော်ထင်က စက်ဘီး တစ်စီးဖြင့် နေပူကြီးထဲတွင် ဟောဟဲဆိုက်ကာ လွှာတို့အိမ်ကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် အမောတကောဖြင့်

'မမလွှာ. . ညီလင်းထင် ရောက်ပြီလား'

'ဒီနေ့ ရောက်မယ် ကျော်ထင်. . ဘာဖြစ်လို့လဲ'

'လမ်းမှာ ကားတစ်စီး မှောက်လို့တဲ့. . အဲဒါ သူတို့ကားလား မသိဘူး၊ မြင်လာတဲ့သူတွေ ပြောတာက တစ်ယောက်မှ မရှင်နိုင်ဘူးတဲ့၊ ကားက ကြေမွနေတယ်ပြော. . .'

လွှာ့နားထဲတွင် ကံကြမ္မာဖတ်သော မိန်းမကြီးရဲ့စကားသံတွေ ပဲ့တင်ထပ်နေသည်။

ကျော်ထင်ရဲ့စကားကို လွှာ ဆက်ပြီးမကြားနိုင်တော့။

ရပ်နေသောနေရာမှာပင် ပုံလျက်ကလေး ခွေလဲသွားပါတော့သည်။

စက္ကန့်ပိုင်းလောက်သာ ကြာသည်။

'လွှာ. . . လွှာ. . . သတိထားဦးလေ. . လွှာ. .'

ကိုမင်းရဲ့ကမ္ဘာပျက်မတတ် ခေါ်သံတွေ. . .

ပြေးဝင်လာသော ကြီးမိနှင့် ကြည်ကြည်ရဲ့ စိုးရိမ်တကြီးအော်သံတွေအောက်မှာ အခြေအနေက ချက်ချင်းပြောင်းလဲသွားသည်။

ခုနတုန်းက ဆိတ်ငြိမ်နေသောအိမ်ကလေးသည် ခုတော့





လည်း အပူမီးတောက်တွေအောက်မှာ ဗျာပါဒတွေ ဝေနေသည်။

'ကျော်ထင်. . မင်းကွာ. . လွှာ့မှာ နှလုံးရောဂါရှိတာ ဒီလိုစကားမျိုး လာပြောရသလားကွ'

ကိုမင်းက မချိတင်ကဲ အပြစ်တင်စကားဆိုရင်း လွှာ့ကိုယ်လေးကို ဈွေ့ခနဲပွေ့ချီကာ ဆေးရုံပို့ဖို့ ပြင်သည်။

သူ့မောင်လေးပြန်အလာကို စောင့်ကြိုနေသောချစ်သူ. .

ပညာရေးအတွက် ခွဲနေရတဲ့ကာလတွေမှာ ကြိတ်မှိတ်မျိုသိပ်ပြီး ခံစားရလွန်းလို့ နှလုံးရောဂါရနေတာ သူတို့သိတာ ဘာမှမကြာသေး။

ခုတော့. .

▲



www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်း

အမှောင်ကမ္ဘာထဲမှာ ဘယ်လောက်ကြာခဲ့သလဲဆိုတာ သူမသိပါ။

သူသိလိုက်ချိန်မှာ နာကျင်မှုနှင့်အတူ ဆူညံနေသောလူအုပ်ကြီးရဲ့အသံတွေ. .

'ဟာ. . ဒီမှာ တစ်ယောက် သတိရလာပြီဟေ့'

လျှင်မြန်လွန်းသော အဖြစ်အပျက်ကြီးက ကြောက်မက်ဖွယ်ကောင်းလွန်းလှသည်။

*ဆောင်းညပြာသိစာလေ*



မျက်နှာချင်းဆိုင်မှအရှိန်ပြင်းစွာ တိုးဝင်လာသော အဝေးပြေးကားကြီးတစ်စီး. . .

ထို့နောက် 'ဝုန်း'ဆိုသောအသံနှင့်အတူ ကမ္ဘာပျက်မတတ်အော်ဟစ်သံတွေ. . .

သူ့ခေါင်းတစ်ခုလုံး ကြေမွသွားသလို ခံစားရပြီးနောက်ဘာမှသတိမရတော့. . .

'လာ. . လာ. . သူ့ကို ဆေးရုံပို့ကြမယ်'

တာဝန်ရှိသူတွေက ညီလင်းထင်ကို ဆေးရုံသို့ခေါ်လာကြသည်။ သူ့တစ်ကိုယ်လုံး သွေးသံရဲရဲဖြင့် ဒဏ်ရာဒဏ်ချက်တွေက အပြည့်။

မမကို မျက်လုံးထဲမှာ မြင်ပြီး တမ်းတမိသည်။ ဒီအချိန်မှာ သူအသက်ရှင်ချင်သေးသည်။

မမ သူ့ကိုစောင့်နေမှာ. . မမဆီ ပြန်ချင်လှပြီ။

ကျွန်တော် မသေချင်သေးဘူး. . မမနဲ့မခွဲပါရစေနဲ့. .

ညီလင်းထင်သည် သတိရတစ်ချက်မရတစ်ချက်၊ ယောင်ယမ်းပြီး သူ့အစ်မနာမည်ကို ခေါ်နေရှာသည်။

ဆေးရုံကြီး ရောက်တော့ လူနာတင်တဲ့လှည်းပေါ် သူ့ကိုတင်ပြီး အရေးပေါ်ခွဲစိတ်ရန် တွန်းလာကြသည်။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . တစ်ဖက်မှလှည်းပေါ်မှာတော့ ပိတ်ဖြူအုပ်ထားသော လူသေအလောင်းကိုတင်ပြီး တွန်းလာကြသည်။

သံယောဇဉ်ကြီးသော၊ သူမတူအောင် ချစ်ကြသော မောင်နှမနှစ်ယောက်. . . ဒီလိုနည်းနှင့်ပြန်ဆုံရတာ ရင်နာစရာကောင်းလွန်းပါသည်။

လွှာ့ကို ဆုံးရှုံးလိုက်ရပြီ။

သူ့ရင်ထဲမှာ ဖြေမဆည်နိုင်အောင် ခံစားနေရသည်မို့. . ပတ်ဝန်းကျင်ဆိုတာ မရှိတော့။ ဘာဆိုဘာမှ မမြင်တော့. .

သူ့မျက်ဝန်းမှာ သောကမျက်ရည်တွေ ပြည့်နေသည်။

ဘယ်လိုလုပ်ပြီး ယုံရမှာလဲ. .

လွန်ခဲ့တဲ့ နာရီပိုင်းလေးကမှ လွှာနှင့်သူ စကားတွေပြောနေခဲ့သေးတာ. .

ကံကြမ္မာက ရက်စက်လိုက်တာ. . .

လွှာရယ်. . .

မောင့်ကိုထားပြီး တစ်ယောက်တည်း ထွက်သွားရက်တယ်နော်. . မောင် ဘယ်လိုနေခဲ့ရမှာလဲ. . လွှာ မရှိဘဲ မောင့်ဘဝရှင်သန်နေရတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ. . . ▲



BURMESE CLASSIC .com

ပွင့်လွှာရဲ့နေဝင်ချိန်ဟာ တိတ်ဆိတ်ပါသည်။

သို့သော်. . မသေသင့်ဘဲ သေသွားရသည့် သူမအတွက် လူတွေ ယူကြုံးမရဖြစ်ကြသည်။

ပွင့်လွှာ သိမသွားတာတစ်ခုက သူသိပ်ချစ်တဲ့ သူ့မောင်လေး အသက်ရှင်ကျန်ခဲ့ခြင်းပင်။

လွှာ့အုတ်ဂူလေးနံဘေးမှာ နောက်ဆုံးကျန်နေခဲ့သူတွေက လွှာသိပ်ချစ်တဲ့ လူနှစ်ယောက်။

'ညို. . မင်းကိုသိပ်ချစ်တဲ့ မင်းအစ်မကို နှုတ်ဆက်လိုက်ဦးလေ. . '



www.burmeseclassic.com

www.burmeseclassic.com



ညီငိုနေတာ သူ သိသည်။

မျှော်လင့်ချက်ကင်းမဲ့ပြီး အားကိုးရာမဲ့နေသော ညီ့မျက်နှာသည် မိခင်ရင်ခွင်မဲ့သွားသော ဘားတစ်ယောက်နှင့် တူနေပါသည်။

စကားသံတွေ တိတ်ပြီး ကြေကွဲနေတဲ့ ညီ့ထံမှ သီချင်းသံလေး ထွက်လာသည်။

♫ ဆောင်းရဲ့နှင်းမြူလေးတွေအောက်မှာ
သွေးပျက်အောင် ထိတ်လန့်လို့
ကမ္ဘာပျက်မတတ် ကြေကွဲစွာ
ပြေးနေရတယ်. .
တို့. . မောင်နှမနှစ်ယောက်. .
မျက်ရည်များစွာ ကျလို့နေလည်း
တွဲထားတဲ့ လက်လေးတွေ မဖြုတ်ဘဲ
အိုး. . ပြေးပါ. . ပြေးစမ်းပါကွယ်. .
ကမ္ဘာဆုံးတဲ့အထိ တို့ပြေးမယ်. .
မမောပါနဲ့ မမရယ်. .
နေဝင်ပြီးတော့ မိုးချုပ်ပေမယ့်

ဆောင်းညပြာသို့စာလေ

BURMESE CLASSIC .com



ရောင်နီလေးတွေ ပျို့လာမှာပဲ
အားတင်းလို့ထားပါ. .
ကျွန်တော့်ဘဝကြီးမှာ
လမ်းပြကြယ်ဟာ မမပါပဲ. . . ♫

ညီ့အသံတွေ ဆို့နင့်နေသည်။

သီချင်းလေးကို ဆုံးအောင် မဆိုနိုင်တော့ဘဲ အုတ်ဂူနံဘေးမှာ ဒူးထောက်ကာ ရှိုက်ကြီးတငင်ငိုနေသည်။

ကျွန်တော် ကတိတည်ပါတယ်နော် မမ. .

ဒီသီချင်းလေး ကျွန်တော်ပြန်လာရင် ဆိုပြမယ်လို့ ပြောထားတယ်လေ. .

မမသာ ကတိမတည်တာ. . ကျွန်တော့်ကို စောင့်နေမယ်ဆိုပြီး. .

'မမ. . .'

သတိလက်လွတ်ဖြစ်နေသော ညီလင်းထင်ကို သူတွဲပြီးခေါ်လာခဲ့ရသည်။

စိတ်ချပါ လွှာ. .

စိတ်ချပြီး သွားပါတော့. .

ဆောင်းညပြာသို့စာလေ

www.burmeseclassic.com

www.burmeseclassic.com



ညီ့ကို မောင် တာဝန်ယူပါတယ်. . . လွှာ သိပ်မြင်ချင်တဲ့ ဆရာဝန်ကြီးဖြစ်စေရမှာပါ။

နောင်ဘဝဆိုတာ ရှိခဲ့ရင် လွှာ့ဘဝလေး အေးမြပါစေ. . ခုလိုအဖြစ်ဆိုးတွေနဲ့ဝေးနိုင်ပါစေ. .

မောင့်မှာတော့ တောင်ခြေမှာ ရောင်နီတွေပျို့တိုင်း လွမ်းနေမှာပါ လွှာ. . .

မူပိုင်နှင်းဆီ
01:50 A.M
15th, May, 2011,
(Sunday)

ဆောင်းညပြာသိစာပေ

BURMESE CLASSIC .com

www.burmeseclassic.com